မော်ဘီဆရာသိန်း

# စကားပဒေသာ





- ၁၂၇၃ ခုနှစ်တွင် မွန်ရာဇဝင် ပဲခူးမြို့နှင့် ဆိုင်သော စာများ အရှာသွားသည့်အကြောင်း။
- ၁၂၇၃ ခုနှစ် ကြေးတိုင်ဝန်မင်း ဂျေ-အေ-စတူးဝပ်သခင်နှင့် လိုက်ပါရသော ပဲခူးနယ်တစ်ခွင် ဒေသန္တရ ခရီးစဉ်လား။
- ရှေးမေတ္တာစာများ၊ မီးရထား နတ်လမ်းညွှန်၊ ဂရုမမွငါးပါးဘွဲ့၊ ပဘာဝတီ ဆုံးမခန်း၊ သိကြားမင်း သတိပေး နှိုးဆော်စာ၊ အမြွတ်တော်ကြေး လေးဆစ်ထပ်ကွန့်...

စသဖြင့်

မော်ဘီဆရာသိန်း၏ စာဖတ်၊ စာမှတ်၊ စာစု အထွေထွေ။

YP- 472 2000Ks

9781995004723

## မော်ဘီဆရာသိန်း [၁၈၆၂–၁၉၄၂]

မော်ဘီမြို့နယ် မင်းရွာ၌ အဖ လယ်သမားကြီး ဦးရွှေကြူ၊ အမိ ဒေါ်ငွေတို့က ၃၁ မတ် ၁၈၆၂ တနင်္လာနေ့တွင် မွေးသည်။ မွေးချင်း လေးဦးတွင် ဒုတိယမြောက်သား၊ ငယ်မည် မောင်ဖိုးသိန်း ဖြစ်သည်။

မင်းရွာ ကိုရွှေမိတ်ထံတွင် သင်ပုန်းကြီး၊ ဦးပိုက်ထံတွင် အခြေခံ ဘာသာရေး သင်ရိုးစာများ၊ ကန်ကုန်းဘုန်းကြီး ဦးဝဏ္ဏထံတွင် ပရိတ်ကြီးနှင့် ဇာတ် အဋ္ဌကထာ နိဿယများကို လေ့လာခဲ့သည်။ သန်လျင် ညောင်ပိုင်းကျောင်း (သိမ်ကျောင်း) ဘုန်းကြီး ဦးနန္ဒမာလာထံတွင် ဘာသာရေး စာများသာမက ပျို့၊ ကဗျာ၊ လင်္ကာ၊ မေတ္တာစာ၊ မွေ့သတ်နှင့် ဦးပုညဝတ္ထု တရားစာများကိုပါ ဖတ်ရှုခဲ့သည်။ ပြဇာတ်ရေးဆရာ ရွှေနေ ဦးပုတ်နီထံတွင် ပြဇာတ် သဘောသဘာဝကို လည်းကောင်း၊ မလွန်မင်းသားကြီး၏ အကြီးတော် ဦးသံမှိုထံတွင် နန်းတွင်းရေး၊ ရာဇဝင်ရေး ဗဟုသုတများကို လည်းကောင်း၊ ရွှေနေ ဦးရေးထံတွင် မြန်မာစာပေဆိုင်ရာကို လည်းကောင်း၊ ဟသ်ာတ ဆရာမှဲ့ထံတွင် ကဗျာလင်္ကာ အကြောင်းကို လည်းကောင်း၊ ပျဉ်းမနား တောအုပ်ကြီး ဦးပန်းခွေးထံတွင် ရကန်ဖျက် ဦးလန်း၏ ကဗျာများအကြောင်းကို လည်းကောင်း၊ သံချိုဆရာ ဦးကျော်လှထံတွင် သံချိုအကြောင်းကို လည်းကောင်း ဆည်းပူးခဲ့သည်။ ရန်ကုန်မြို့ အင်းစိန် ရွာမကျောင်း ဘုန်းကြီး ဦးနာရဒ၊ ရကန် ဆရာကြွေတို့ထံ၌ လောကီ၊ လောကုတ် ဗဟုသုတများ ရှာမှီးသည်။ ဒေသန္တရ ဗဟုသုတအလို့ငှာ မြန်မာပြည်အနှံ့ ခရီးဆန့်ခဲ့သည့်ပြင် ယိုးဒယား၊ ဇင်းမယ်အထိ သွားရောက်ခဲ့သည်။

ကိုးနှစ်၊ ဆယ်နှစ်သား အရွယ်ကပင် နွားကျောင်း၊ ကျွဲကျောင်း၊ ဆီဆုံလှည့်၊ ထမင်းပို့ အလုပ်များကို စပါးမေး လုပ်ကိုင်ခဲ့သည်။ ဟံသာဝတီအရေးပိုင် အယ်လင်၏ ဘဏ္ဍာစိုး၊ ကြေးတိုင်ဝန် ပဲရှော့ထံတွင် စားပွဲထိုး၊ ဟံသာဝတီ ကြေးတိုင်ရုံး လျှောက်လွှာစာရေး (၁၅ ဧပြီ ၁၈၈၀)၊ အင်္ဂပူမြို့ တရားမမြို့အုပ်ရုံး တံဆိပ်ခေါင်းရောင်း စာရေး (၁၈၈၄)၊ မော်ဘီ မြို့အုပ်ရုံး ဒု စာရေး (၁၈ မတ် ၁၈၈၅)၊ ကွမ်းခြံကုန်း မြို့အုပ်ရုံး စာရေးအဖြစ် အမှုထမ်းခဲ့ပြီး ၁၃ ဧပြီ ၁၈၉၆ တွင် အလုပ်မှ ထွက်ခဲ့သည်။ ထို့နောက် ဟံသာဝတီ ပုံနှိပ်တိုက်တွင် စာပြင်၊ မြန်မာနိုင်ငံ ကမ္ဘည်း ကျောက်စာရုံး၌ ကျောက်စာ အဖတ်၊ အရေး။ ပျဉ်းမနားတွင် သစ်စက်သူဌေး ကိုယ်စားလှယ် (၁၉၀၀ ပြည့်)၊ မဟာဗောဓိသတင်းစာ၊ ရောဝတီပုံနှိပ်တိုက်၊ အင်္ဂလိပ် မြန်မာ ပုံနှိပ်တိုက်များတွင် လည်း လုပ်ကိုင်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းအတွက် စာဟောင်း ပေဟောင်း စုဆောင်းရှာဖွေသူ၊ ၁၉၁၆–၁၇ မြန်မာစာညွှန့်ပေါင်းကျမ်း စုဆောင်းရေး အကြံပေး ဘုတ်အဖွဲ့တွင် လက်ထောက်အယ်ဒီတာ အဖြစ် အမှုထမ်းခဲ့သည်။ အင်္ဂလိပ် အရာရှိကြီးများ၏ မြန်မာစာပြ ဆရာ၊ အင်းစိန်နှင့် ဟံသာဝတီ စီရင်စုတွင် သမဝါယမ လုပ်ငန်း၊ ငွေစုငွေချေးလုပ်ငန်း ဝါဒ ဖြန့်ချိရေး အကျိုးဆောင် တရားဟောဆရာ စသည် လုပ်ကိုင်ခဲ့သည်။

၁၈၈၀ ပြည့်နှစ်တစ်ဝိုက် ပဲခူး ကြေးတိုင်ရုံး စာရေးလေးဘဝတွင် "ထွန်းဖေ ဝွန်းမေ" အမည်ရှိ ပြဇာတ်တိုတစ်ပုဒ်ကို စမ်းရေးခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ ပေါ်ရာထာဒီပနီ [ပထမတွဲ] ဖြစ်သည်။ မကွယ်လွန်မီ တစ်နှစ်အလို (၁၉၄၁) ခုထိ ရေးသားခဲ့သည်များအနက် ထင်ရှားသော စာအုပ်များမှာ **ပေါ်ရာထာဒီပနီ [ပထမတွဲ]** (၁၈၉၆)၊ **[ဒုတိယတွဲ]** (၁၉၁၃)၊ **ခွန်းစဉ္စွားနှင့် မင်းသမီး ညားပုံ [ယျှစလေးလုံး ပုံပြင်စာတမ်း]** (၁၉၂၃)၊ **ဝါးစပ်ရာဇဝင် [ပထမတွဲ]** (၁၉၂၆)၊ **[ဒုတိယတွဲ]** (၁၉၂၇ ခန့်)၊ **ရှောင်းဖြစ်စာတမ်း** (၁၉၃၇ ခန့်)၊ **ပညာရှိကြီးများအကြောင်း** (၁၉၃၉)၊ **မြန်မာ့ လွှတ်တော် ဝန်ကြီး မှူးကြီးများ** (၁၉၃၉)၊ **အရှေးလူ့ယင်ဆီတီ၊ ဗျိုင်းများမင်္ဂလာစာတမ်း၊ ရှေးဖြစ် စာတမ်းနှင့် ဗဟုသုတ ဟင်းလေးအိုး** (၁၉၅၄) တို့ ဖြစ်ကြသည်။

၁ ဇန်နဝါရီ ၁၉၄၂ ခု ညနေ ၆ နာရီ ၂၅ မိနစ်တွင် မော်ဘီမြို့မှာ ကွယ်လွန်သည်။

**၂၀၁၇–၂၀၁၉ ထုတ်**
**ရာပြည့်စာအုပ်များ**

၄၃၉။ ငွေလင်း ၏ ဤယမုန်
၄၄၀။ ညီမြ ၏ တစ်ကိုယ်တော် [Shane by Jack Schaefer]
၄၄၁။ စိန်စိန် ၏ လွမ်းသစ္စာတိုင်
၄၄၂။ လင်းယုန်နီ ၏ မချော
၄၄၃။ နာဂတောင်တန်း မောင်ကြည်စင် ၏ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း
၄၄၄။ ကျော်အောင် ၏ လူ့သမိုင်း
၄၄၅။ ရွှေကိုင်းသား ၏ ရှေးခေတ်ပုဂံပြည်နှင့် သမိုင်း စာပေ၊ ယဉ်ကျေးမှု အထွေထွေ
၄၄၆။ မစ္စတာ အိုးနိုတိုးရှု (မြန်မာပြန်) ၏ ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ
၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရာဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်
၄၄၉။ မောင်ခင်မင် (ဓနုဖြူ) ၏ အမိတက္ကသိုလ်၏ ရင်ခွင်မှာ
၄၅၀။ မာန်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၅၁။ ဟန်ဝင်းအောင် ၏ ၁၄/၁၅/၁၆
၄၅၂။ သခင်ဘသောင်း ၏ ခြေလေးချောင်း တော်လှန်ရေး
၁၇(ခ)။ မောင်ထင် ၏ မိုပါဆွန်း ဝတ္ထုတိုများ
၄၅၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ စာထာကျနီတိကျမ်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၅၄။ ထွန်းသစ် (ပြုစုသည်) တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ပထမအုပ်]
၄၅၅။ သိန်းသန်းထွန်း ၏ ဘယ်ပန်းရှိ ရေးလို့မှ မရှိ
၄၅၆။ နာဂတောင်တန်း မောင်ကြည်စင် ၏ ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်
၄၅၇။ ဒေါက်တာလှဘေ ၏ ပညာပါရမီနှင့် အတွေးအမြင်စာစု
၄၅၈။ ငွေလင်း ၏ ပင်းမြို့သူ
၄၅၉။ ဆရာမာဃ ၏ ပုသိမ်ရာဇဝင်
၄၆၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သုတ္တန္တနီတိကျမ်း
၉၉(ခ)။ မောင်ထင် ၏ ဝတ္ထုတိုပေါင်းချုပ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သစ္စါ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းရိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲကစစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ
၄၆၇။ စိန်စိန် ၏ ချစ်ငြိုးချစ်မာန်
၄၆၈။ ထွန်းသစ် ၏ တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတိနီတိ [ပေါင်းချုပ်]
၄၇၁။ မောင်ပေါ်ထွန်း နှင့် ချစ်ဝင်းညွန့် (မြန်မာပြန်) ၏ ပါရီ မီးလောင်ပြီလား

**၂၀၁၉ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၄၇၂။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခြေမှ သမိုင်းဝင် စေတီပုထိုးများ [၆၇၂–၁၂၄၇].
၄၇၃။ သစ်ခင်ဦး ၏ မဟာကရုဏာမီးအိမ်ရှင် ဖလောရင့်(စ်) နိုက်တင်ဂေး [Florence. Nightingale (The Lady of the Lamp) by Basil Miller]
၄၇၅။ စာတာတော်ပုံ ရာဇဝင်
၄၇၆။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား (တေဇ္ဇအကြိမ် ရှမဝ ၁၀၀၀ ဆုရ)
၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း

ရာပြည့်စာအုပ် ၄၇၂

# စကားပဒေသာ

## မှော်ဘီဆရာသိန်း

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး-ရာပြည့်စာအုပ်ဆိုင်
အမှတ် ၂၆၂ (စ)၊ ပန်းဆိုးတန်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ - ၂၄၃ ၃၅၁၊ ၀၉ ၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁ - ၃ ၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၄၄) မန္တလေး သူရိယ
ဒုတိယအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်
(မတ် ၂၀၁၉)
အုပ်ရေ [၇၀၀]

□

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ပုံနှိပ်သူ
ဦးလင်းဇာနည်၊ သီရိဂုဏ်ဝေ ပုံနှိပ်တိုက် [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

အတွင်းဖလင်
အီးဂဲလ်

□

မျက်နှာဖုံး ပန်းချီ
လင်းဇာနည်

□

တန်ဖိုး
၂၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှလွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့်မပြု။

## မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း ရကန် | ၇ |
| ၁။ | ပဌာမ | ၉ |
| ၂။ | သိကြားမင်းကြီး သတိပေး နှိုးဆော်စာ | ၁၂ |
| ၃။ | ဟသ်ာတ ဆရာမှဲ့၏ မီးရထား နတ်လမ်းညွှန် | ၁၅ |
| ၄။ | ဟသ်ာတ ဆရာမှဲ့၏ မြန်မာနိုင်ငံအကြောင်း (ပြည်တော်ပါ လေပြေထိုး) | ၂၂ |
| ၅။ | ဆရာထွေး (ဇေယျာပူရိန် စာပုံနှိပ်တိုက်) ၏ ဂရုဓမ္မတရား ငါးပါးဘွဲ့ | ၂၇ |
| ၆။ | ရှေးမေတ္တာစာများ | ၃၈ |
| ၇။ | လူပြက် ကိုမန်းမြေ (ကိုမြိုင်) ၏ အမြွတ်တော်ကြေး လေးဆစ် ထပ်ကွန့် | ၄၄ |
| ၈။ | ပဘာဝတီ ဆုံးမခန်း | ၄၅ |
| ၉။ | ၁၂၇၃ ခုနှစ်တွင် မွန်ရာဇဝင် ပဲခူးမြို့နှင့် ဆိုင်သော စာများ အရှာသွားသည့် အကြောင်း | ၄၇ |
| ၁၀။ | ၁၂၇၃ ခုနှစ် ကြေးတိုင်ဝန်မင်း ဂျေ–အေ–စတူးဝပ် သခင်နှင့် လိုက်ပါရသော ဒေသန္တရ ခရီးစဉ်လာ | ၇၄ |


ရာပြည့်စာအုပ်တိုက်

## နိဒါန်းရကာန်

လင်္ကာလ–မင်္ဂလံ၊ မာလာဟု၊ သေချာစိစစ်၊ အမြစ်အခြေ၊ ဘယ်သင်းပေလို့၊ ထင်လို့မြင်လို့ ဖြစ်သည် လိုရာကို၊ မနုဿဒေဝ ဟူသမျှတို့၊ ငြင်းကြခုံကြ ရှိကြထိုထို၊ နတ်ပျို နတ်အို ခင်းဆိုကြကာ၊ ဝတီ်သာနန်း၊ စံမြန်းသက္ကာ၊ ရှိရာသို့ကပ်၊ မတ်ရပ်လျှောက်တုံ၊ လက်စုံယှက်ထွေး၊ မေးကြသည့် အရေးကို။

သို့သည်ခြင်းရာ၊ မင်္ဂလာကို၊ သေချာ ဝစန၊ သိလိုကြက၊ ပြည်မသာဝတ္ထိ၊ မည်ရှိ တက်ပွန်၊ ကိုးဂုဏ်လွန်သည်၊ ဇေတဝန်ရွှေကျောင်းတော်၌၊ ရှင်တော်ဘုရား၊ ထင်ရှားရှိလျက်၊ သို့အတွက်ကြောင့်၊ ပြက်ပြက်စုံလင်၊ အလျှင်သိရန်၊ တမန်နတ်သား၊ သွားလျှောက်ကြားလော့။

မိန့်ငြားအာဏာ၊ ခံရရှာသည်၊ စေတမန် နတ်သား၊ လျှင်လျှားသွားရောက်၊ ဘုရားမျက်မှောက်၊ ရောက်လတ်သောအခါ၊ ပဏ္ဍာခြောက်ပါး၊ ကင်းသည်နှားက၊ လျှောက်ထား တောင်းပန်ရလေသော်။

ဘုန်းမော်ဇိန၊ မိန့်ခွန်းတော် ဟ သည်မှာ၊ အသေဝနာစ ဗာလနံ၊ ဧတာဒိသာတိ အဆုံး၊ လူနတ်တို့ သုံးကြရန်၊ ငြင်းခုံရန်မရှိ၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကို၊ ဆယ်ဂါထာ မြွက်ဘိ၍၊ သိသမျှ နတ်လူ၊ နိဗ္ဗူပေါက်ဆေး၊ နတ်သားသို့ ပေးသဖြင့်၊ အရေးကုန်စွာ သိသောခါလျှင်၊ တမန်နတ်စစ်၊ ဒေဝရာဇ်ထံ၊ နာခံခဲ့တိုင်း ရစ်ဆိုင်းမရှိ၊ လျှောက်တုံဘိရာတွင်။

နတ်ရှင်မာဃ၊ သက္ကသိကြား၊ ဘုရားဗျာဒိတ်၊ မိန့်ခွန်းတိတ်ကို၊ မလိတ်မလဲ၊ ငြင်းခုံစဲ၍၊ စွဲမြဲအံ့မှုး၊ တရားထူးကို၊ ကြည်နူးနတ်လူ၊ ကျင့်ကြံကာ မူရမည်၊ ဘယ်သူ ဘယ်နတ်၊ စွဲတတ်သော အမူကို၊ မယူ ပယ်ပစ်၊

အနှစ် ဂုဏ်ထင်–ဘုရားရှင် ချီးကျူးသော၊ တရားထူး မင်္ဂလာကို၊ ရှည်ကြာရန် ဆုံးမ၍၊ ညဝါဒ မိန့်ကြား၊ သုံးဆယ့်ရှစ်ပါး ဂုဏ်ထင်ရှားပေသည့်၊ အများ မှတ်ကြရမည့် မင်္ဂလာ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတွင်၊ သာလွင်ဖော်သွင်း၊ ဗဟုသစ္စ မင်္ဂလာ၊ ပြည့်စုံစွာအောင်၊ ဖွေရှာ စုဆောင်း၊ ထုံးဟောင်း ရာဇဝင်၊ ဗေဒင် ဆေးကျမ်း၊ ဓာတ်ပေးကမ်းနှင့်၊ ရယ်ရွှန်းရယ်ဖွယ်၊ ပရိယာယ် ဝေဝုစ်၊ လောကုတ်တစ်ထွေ၊ လောကေ မှတ်စု၊ ဖြတ်ထုံးစု ဓမ္မသတ်၊ မှတ်ထုံး တဝေး၊ ကလေး သဘင်သည်၊ စိတ်မကြည် အရှုးစကား၊ သည်ဟာများနှင့်၊ ခရီးသွားဒေသန္တရ၊ တွေ့ရမြင်ရ–မှတ်ကုန်ကြနိုင်မှ၊ ဗဟုသုတမင်္ဂလာ ခေါ်ထိုက်ရာသည်။

သို့မင်္ဂလာ၊ ရရာ ရကြောင်း၊ စိတ်တစ်ချောင်းဖြင့်၊ ခါကောင်းရကြိုက်၊ သိမြင်နိုက်က၊ လိုပိုက်လိုရာ၊ ဝါသနာပါရမီ၊ ရှိခဲ့သည်မို့၊ ဖွေနည်ကြေညာ၊ မြို့ရွာဒေသ၊ ရောက်သမျှတို့၌၊ ဖိုးထိုက်ဖိုးတန်၊ မှတ်သားရာတို့ကို၊ သေချာ စုဆောင်း၊ ရတနာကောင်းကို၊ ခန့်ညောင်းရှိသေ၊ ရှိလျက်ပေကို၊ ဒေဝါနတ် များ၊ နှီးဆော်လားသို့၊ ထင်ရှားဝမ်းမြောက်၊ စိတ်မကောက်သည်၊ ပဲရောက် ကုမ္ပဏီ၊ ဂုဏ်ဆီပြည့်ဝ၊ မာန ကင်းလွတ်၊ နူးညွတ် စိတ်ဝစီသည်၊ အလီလီ ဝစနရယ်နှင့်၊ နိဝါတထား။

နိဝါတမင်္ဂလာ၊ ခံယူရှာသည်၊ စေတနာဖြိုးဖြိုး၊ စုသမျှ အံ့ချီးဖွယ်၊ ဆရာကြီး၏ ကိုင်တွယ်သည့်၊ ဗဟုသုတ အသွယ်သွယ်တို့ကို၊ ပျောက်ပြယ်မည် စိုးပါသဖြင့်၊ ပညာမိုးရွာရန်၊ တောင်းပန်ခြင်း အလုပ်မှာ၊ ပုံနှိပ်စာအုပ်ထုတ်ဝေဖို့အကြောင်း၊ နောက်နှောင်းသောလူ အချို့သူတို့၊ လိုမှု လိုအင်၊ မှတ်စေချင် စိတ်ဆန္ဒ၊ အာသီသ မနောယဉ်နှင့်၊ ပန်ဆင်ခွင့် တောင်းသဖြင့်၊ ကျေးဇူးကောင်း ကျေးဇူးရှင်တို့၊ လိုအင်ပြည့်စေ၊ ရှာဖွေခဲ့ရ၊ ဒိဋ္ဌ–သုတ၊ အဝဝကို၊ သုတလိုသူ၊ မညည်းညူ ရအောင်၊ ဆောင်ယူ မချို့၊ နတ်တို့ပို့သလို၊ ရွှင်ပျို့စရာ–ဝမ်းသာ၊ စကားပဒေသာ၊ လိုရာ မှတ်ခန်း၊ ဤစာတမ်းကို၊ ပုလဲပန်းသွင်၊ ဆင်မြန်းသူ ယဉ်ကြလိမ့်၊ စိတ်ဝိညာဉ် ရှည်ပွားလို့၊ ဝင်စား ကုန်စိမ့်။ ။

**ပဏာမ**

၁။ နမော ဗုဒ္ဓါ ယသိဒ္ဓံ။
၂။ စီရံ တိဋ္ဌတု သဒ္ဓမ္မော။
၃။ ဇေယျတု သဗ္ဗမင်္ဂလာ။

**ဘာဝနာ**

သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ ပြုပြင်သမျှ, စီရင်သမျှ, ခံနေရကုန်သော ရုပ်–နာမ် နှစ်ပါး သင်္ခါရ တရားတို့သည်။ ဝတ၊ မုချစင်စစ်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဥပ္ပါ ဒါဝယ ဓမ္မိနော၊ ဖြစ်ခါ ပျက်ခါ, ဓမ္မတာ သဘောအတိုင်း ဖြစ်ကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ် ရုပ် ပျက်စီးရကုန်၏။ တေသံ၊ ထို ရုပ်–နာမ်–နှစ်ပါး သင်္ခါရတရားတို့၏။ ဝူပ–သမော၊ စင်စစ်ချုပ်ငြိမ်း ဘုံဇာတ်သိမ်းခြင်းသည်။ သုခေါ၊ ချမ်းသာအမှန် ပြည်နိဗ္ဗာန်ကြီးပင်တည်း။

**ဘာဝနာ သံပေါက်**

၁။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာ ရှည်လှပြီ။
၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြ မရှိပြီ။
၃။ ရအုံ့နိုးနိုး၊ လောဘ,မျိုး၊ အကျိုး ယုတ်လှပြီ။
၄။ သုံးပါးညီးညီး၊ လောင်မီးကြီး၊ ဖိစီး လှလေပြီ။
၅။ လောင်မှန်းမသိ၊ မောဟဖိ၊ မိမိ မိုက်လှပြီ။
၆။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုး နည်းလှပြီ။

၇။ ကာမဂုဏ်မွဲ၊ သည်မိုက်နဲ၊ မခွဲနိုင်ကြပြီ။
၈။ မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စ သိမ်းသင့်ပြီ။
ဘုရား... ဘုရား... ဘုရား သေရချည်သေး၏။ အမှန်။

## ဘာဝနာ တေးထပ်

တစ်နေ့ထက်တစ်နေ့ – တရွေ့ရွေ့ယွင်းယို၊ နောက်ပြန်လို့ မပျိုတယ်–ရှေ့ ကိုသာ အိုမြဲ။ သွားကျိုးလို့ ဆံဖြူ–ရုပ်ငယ်မူ ဖောက်ပြန်လို့ လွဲ ။ ။ မေးချွန်းလို့ ပါးပိန်–ခါး ဗီသိမ် နောက်ဆွဲ၊ အရိုးက ကျဲကျဲ–လဲလူလူ ရုပ်မခိုင်။ နားထိုင်းကာ ခါးကုန်း–တကိုယ်လုံး–ယိမ်းလို့သာ ယိုင်။ ။ ဇရာမင်း သူကိုင်လျှင်–မခံနိုင် အိုမြဲပ၊ မလွဲဘူး မှန်ပုံသေ–စွဲမှတ်ကြလေ။ မအိုနိုင်တဲ့ နိဗ္ဗူပြေကို–ပို့ဆောင်သူတွေ နည်းပါလှကွဲ့လေး။ ။

## ဣတ္ထိယဘာဝနာ ၂ ချိုး

ဆံပင်ရယ်ကြောင်၊ မှန်တင်က,တောင် မယ်မကြည့်ချင်ဘု၊ ခင်မိ အရင် ဟန်နှင့် အင်မတန်လွဲ။ ။

စက္ခုမှန်ကာ၊ ပျက်လှပီ ငွေဒဏ္ဍာက၊ ရွှေမံသာ အရေဆုတ်တယ့်ပြင်၊ အရင်လို ပုံမဟုတ်တယ်၊ ရှေးရုပ် ပီပဲ။ ။

'ဘာစာကို ကြည့်နေပါတုံး ဆရာကြီး'

'ဩော်... ကိုကျော်စောလား၊ လာလေ'

'ကျွန်တော်က ဆရာကြီး ၁၂ နာရီက ၁ နာရီထိ ဧည့်သည်ကို လက်ခံစကားပြောသည်လို့ အမှတ်ထားရ၍ အချိန်ကိုကြည့်၍ လာရခြင်း ဖြစ်ပါတယ်'

**ဆရာကြီး** ။ ။ လာတာကို ဝမ်းမြောက်ပါတယ်၊ လက်ဖက်ရည် သောက်၊ နား မျက်စိ ရှိသူတို့နှင့် ဗဟုသုတ ဖြစ်ရာဖြစ်ကြောင်း ပြောဆို ဆွေးနွေး မေးမြန်းရခြင်းသည် အချိန်မဖြုန်း၊ အဖိုးတန်သော အချိန်ကို ရတာနဲ့ တူပါတယ်။

**စော** ။ ။ ကောင်းပါပေ့ဗျာ ကြားရတာ။ သာဓု... သာဓု။ စကား ပြောဖို့ လူရှားနေပြီ ဆရာကြီး။ ရံခါရံခါ အားလပ်သည့်အချိန် ရလျှင် ဆရာကြီးထံသာ လာရောက်ဆွေးနွေး မေးမြန်းရတာ အကျိုးများစွာ ရှိပါ

သဖြင့် ဝမ်းမြောက်ရပါသည် ဆရာကြီး။ ဥပနိသျှကိုလည်း ရုပ်သေးက သွားသည့်အခါ၊ ကိုယ်နှင့် သဘာဝ တူသော မိတ်ဆွေများကို ပြောပြသော အခါ သူတို့က "ကောင်းပေဗျာ၊ ဆရာကောင်းကို မှီဝဲရသူ ဖြစ်ပေတယ်"ဟု ချီးမွမ်းကြခြင်း ခံရပါတယ်။

'အခု ဆရာကြီး စက္ကူစိမ်းစာရွက်ကို ဖတ်နေတာ ဘာစာပေတုံး'

**ဆရာကြီး** ။ ။ ရှေ့ ကြည့်ပါလား၊ ဟို ဒိုက်ဦးမြို့က ပို့လိုက်တဲ့ သိကြားမင်း နှိုးဆော်စာတဲ့ ဗျ။

## သိကြားမင်းကြီး သတိပေး နှိုးဆော်စာ

လူပြည်ဘုံသား၊ လူအများတို့၊ အမှားကိုအမှန် ပြောင်းပြန်ဖောက်ပြား၊ အကျင့် မှားကြသည့် သနားစဖွယ်၊ သြော်... ကြောက်လန့်ဖွယ်တည့်။

လူသားတို့၏ အမှားဖြစ်ဟန်၊ အကြောင်းကို ပြန်သော်၊ မိုက်နိုင်လျှင် သောတာပန်၊ မကောင်းကြံလျှင် သမာဓိ၊ ပညာရှိကို ပယ်၍ထား၊ မုသား မပြောလျှင် လူမိုက်၊ ကုန်းတိုက်လျှင် ကျေးဇူးရှင်၊ မုန့်ပေးလျှင် ကျမ်းဂန် တတ်၊ ကမ္မဋ္ဌာန်းရွတ် လူမုန်းများ၊ မှန်သောစကား ပြောလျှင် မိစ္ဆာဒိဋ္ဌိ၊ ဥစ္စာရှိ လူလိမ္မာ၊ အလှူ့ဒါယကာက ဝက်ကို သတ်၊ ရွှေကပ်သည့် ဘုရား မှ လူရိုသေ၊ ဂုဏ်သရေရှိသူက သဘင်သမား၊ ဘုရားလူကြီးက ရွှေခိုး၊ အမျိုးကောင်းသမီးက ပိုက်ဆံရှာ၊ ဘုရားဒါယကာက အရက်ရောင်း၊ ဘုန်းကြီး ကျောင်းက ဓာတ်ကိုထောင်၊ ရဟန်းယောင်နှင့် လူဘိန်းစား၊ လင်ရှိမယား က အပျိုလုပ်၊ အရွယ်ယုတ်သူက အရောင်တင်၊ အပျိုမဝင်သူက ရည်းစား ထား၊ ဆင်းရဲသားက သူဌေးရောင်၊ အဝတ်ပြောင်မှ လူရိုသေ၊ အမေ့,အဖေ က ကျွန်ရုပ်ကောင်၊ သား,သမီးက သခင်ရောင်၊ တောင်မြောက် မသိသူကို ရှေ့ဆောင်ထား၊ ငွေများလျှင် တရားနိုင်၊ ရုံးထိုင်သူက လျှာနှစ်ခွ၊ သဒ္ဓါကြွ သူက တဏှာဖြစ်၊ ဘယာပဗ္ဗဇ္ဇ ရဟန်းက ပေါ၊ ရောနှောတာက ဘုန်းကြီး နှင့် ဒကာမ၊ တရားပြသူက စာမတတ်၊ ပြည်မတ်ကြီး လုပ်ချင်တာက မသူတော်၊ လူမော်လူကြွားမှ အများ ယုံ၊ ငွေကုန်ခံနိုင်မှ ရာထူးတက်၊ ယောဂီတဘက်နှင့် ငါးစိမ်းသည်၊ ဘုရားတည်သူက အမြတ်စား၊ ကျောင်း ကန် ဘုရားနှင့် ငွေသော္တာ၊ သုတ်အဘိဓမ္မာ သီချင်းဖြစ်၊ ချစ်ခင်သမျှ သမုဒယ တဏှာ၊ ဥပါသကာ အလုပ်နှင့် သား,မယားကို ကျွေး၊ အသက်

မွေးမှုနှင့် ရဟန်းတု၊ ရဟန်းယောင်က များ၊ သဒ္ဓါပါးရှားသူက ဒါနကို ပယ်၊ သံသရာရှည်တယ်လို့ အလှူမပေး၊ အကြွေးပေးသူက ကျွန်နှင့်တူ၊ အကြွေးယူသူက သခင်ဖြစ်၊ အမိအဖ အစစ်ကိုတော့ အဘိုးကြီး အဘွားကြီး ဆို၊ ယောက္ခမကိုတော့ အဖေ, အမေ ခေါ်၊ ဗိုလ်ကတော် လုပ်ချင်တာက ဆယ်နှစ်သမီး၊ ကျောင်းထိုင်ဘုန်းကြီးမှ ဂုဏ်ထင်ပေါ်၊ ဘုန်းကြီးတဲ့ ဆရာ တော်ကို အပျို,အအို ဝိုင်း၊ ဘုရားတံတိုင်း အတွင်းမှာ အိမ်ထောင်ပြု၊ ကမ္မဋ္ဌာန်းရှုရင်း အောင်သွယ်လုပ်၊ တိုက်အုပ်ဆရာတော်က ဒကာမ ကပ္ပိယ၊ ဥတ္တိစတုတ္တနှင့် မိန်းမ ရဟန်းပြု၊ မယ်သီလက အနုဆေး ဆောင်၊ မရှောင် တမ်း တိုးတာက အပျိုတစ်ခုလပ်၊ ကျမ်းဂန်မတတ်သူက ပရမတ်စကား ပြော၊ တရားဟော ဘုန်းကြီးက ပိုက်ဆံခံ၊ နိဗ္ဗာန်ဆုတောင်းသမျှ ကြက်, ဝက် သေ၊ အခါကြီးရက်ကြီး ကြုံလေသမိ–သားသတ်သည်မှာ အမြတ်ရ၊ သီလဆောက်တည်သူက အကောင်းကြိုက်၊ လူမိုက်နှင့် ပေါင်းနိုင်မှ အသက် ရှည်၊ တည်ကြည် ဖြောင့်မတ်သူကို လူ မသုံး၊ သူတော် မုန်းလျှင် အပြစ် မရှိ၊ ကြည့်ရှု စောင်မ,သည့် ဆွေမျိုးက အတိုးရအောင် တောင်း၊ ကျောင်း ကန် ဘုရားနှင့် ကပ်၍လိမ်၊ ဥပုသ်သိမ်ဇရပ်က ခိုက်ရန်ဖြစ်၊ ရဟန်းသစ်က ကျောင်းထိုင်လုပ်၊ မိဘ,ဆရာကို ပုတ်ခတ် အမွေလု၊ မသာအသုဘ ရှုသူ က သီချင်းဆို၊ တရားမှန်ကို အမှားယူ၊ မယ်သူတော်က ရည်းစားထား၊ ဘုရားသွားရင်း လင်ရ၊ တရားနာရင်း အိမ်ထောင်ကျ၊ သီလစောင့်ရင်း အချက်ထား၊ ဘာဝနာပွားရင်း မျက်စပစ်၊ မေတ္တာပို့ရင်း ဒေါသထွက်၊ သွက်သွက်ခါအမှား လူအများတို့၊ တရား ပျက်ခဲ့လေပြီ။

သာသနာတော်၏၊ အသက် ၅၀၀၀ မြွက်၊ တစ်ဝက်မှာထား၊ ငါ သီကြား၏တာဝန် ဖြစ်ချေသည်။ သုံးပါးကပ်စုံ၊ ဆိုက်ရောက်ကြုံ၊ ဆယ်ပုံ တစ်ပုံသာ ကျန်ကြမည်။ ဘီလူးကုမ္ဘဏ် စားဖို့ဖန်၊ အံတခဲခဲ ရှိလေသည်။

အို... လူအများတို့၊ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ၏ ရှေ့မှောက်၌ တတ်စွမ်းသလောက် ဒါနနှင့်သီလကို ဖြောင့်မှန်စွာ ဆောက် တည်လျက် မိမိတို့သည် ရတနာသုံးပါးကို ကြည်ညိုကြောင်း၊ ဗုဒ္ဓဘာသာ အစစ်ဖြစ်ကြောင်း၊ ဘုရားသခင်၏ တပည့်ဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင် အဖြစ်သို့ သွတ်သွင်းကြရမည်။ "သွတ်သွင်းသော အကြောင်းအရာကို"

ငရဲပြည်၌ အကြီးအမှူးဖြစ်သော ယမမင်း၊ နတ်ပြည်ကို အစိုးရသော သိကြားမင်းနှင့်တကွ ဗြဟ္မာမင်းတို့ကို တိုင်ကြားရမည်။ သင်တို့ပြုသော ကုသိုလ်ပုညကိုလည်း အမျှဝေရမည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော မြတ်စွာဘုရား ၏ တပည့်သားတော်ဟု လက်မှတ်ကို ရရှိမှသာလျှင် ချမ်းသာခွင့် ရတော့ မည်။ အို... လူအပေါင်းတို့။

အင်း... ဇမ္ဗူဒီပ နိမိတ္တလို့ ဆိုပေတယ်။ သိကြားမင်းကိုယ်တိုင် မဟုတ်သော်လည်း ပုဗ္ဗနိမိတ် ဖြစ်ပေါ်ခြင်း ဆိုရပေမယ်။ ပစ္စက္ခ အနာဂတ် အဖို့ ဖြစ်ပေတယ်။ အားလုံး သတိထားကြရန် ကောင်းပေတယ်။ ဤ အကြောင်းကို ရုပ်သေးစင်ပေါ်က ပြောပြရဦးမယ်။ နား မျက်စိ အမြော်အမြင် ရှိသူတို့ သိကြပါလိမ့်မယ်။ နို့ ဆရာကြီးထံ ရှိတဲ့ ဆရာမှဲ့ ရေးသော "မီး ရထား နတ်လမ်းညွှန်" ကို ကူးပါရစေ။ အခွင့်ပြုပါ။

## မီးရထား နတ်လမ်းညွှန်

[ ကောဇာသက္ကရာဇ် ၁၂၃၉ ခုနှစ်က ဟသ်ာတ မြို့မရပ်နေ
ဆရာမှဲ့သည် ရေးသားစီကုံးသော ပြည်မြို့မှ ရန်ကုန်မြို့သွား
မီးရထား နတ်လမ်းညွှန် ]

ရုပ်ဟန်မူရူ၊ လှမဥ္စူ၊ နတ်ရည်တူသွေး၊ ဒုက္ခရောက်ပုံ၊ လင်ပူရက် ကြုံပါတဲ့–
လုံမလေး။ ... ပျို့မွေးအာလုပ်၊ မာလာဝတ်မှုန်၊ အာသာငုံကဲ့သို့၊ နိတုံကြုတ်
က၊ ခွန်းနှုတ်မြွက်ကြူး၊ ဝေဘူတန်ဆောင်၊ ရွှေတူပြောင်၍၊ လှရောင်မြူးတဲ့၊
ဖိုးဦးငယ်သေလာ၊ တောင် အဆင့်ဆင့်၊ မှောင်မှောင်ရယ် လွင့်ပါတဲ့ မြင့်
ဖွေချာက၊ မြတ်စွာ ပရမေ၊ ဇရာခွေရစ်၊ ဗျာဒိတ်တော် လှစ်ခဲ့၊ ခေတ်သရေ–
ရွှေပြည်က ခွာ၍မို့၊ လွမ်း တစိုက်စိုက်၊ ပန်း ဟိုက်ဟိုက်ကယ်နှင့်၊ ငယ်ကြိုက်
ကို ရှာမယ်လို့၊ ကန္တာလမ်းစ၊ ရဝိန်ဖန်ဒေါင်း၊ မိန်စံပြောင်းတဲ့၊ တပေါင်းလ
ဟာမို့၊ နေကလဲ ပူ၊ ဥဿဒနရက်၊ မီးလှံ့ကြီး တက်သည့်နှယ်၊ ပွက်ပွက်သာ
ပူရှော့၊ သွေးဆူကမန်း၊ ခရီးမတွင်၊ အနီးထင်တယ်လို့ နှမရယ်၊ ခြေကျင်ဖြင့်
မလှမ်းလေနှင့်၊ ပန်းလိမ့်မကွဲ့ မိန်းကလေး။ နွယ်သမတစစ်၊ ငယ်က ချစ်ကို၊
ဆန်းစစ်ကာ မေးပြီးလျှင်၊ တဖြေးဖြေး စောကြော၊ ကြွေခမန်းသာ၊ ရွှေသန်း
ညာငယ်၊ ခွေနွမ်းကာ မောတော့မပေါ့။ (နားထောင်)။

ယောခုတသုတ်၊ အင်္ဂလိပ်ဘုရင်၊ ညဏ်ကြီးရှင်တို့က စက်ဆင်ကာ–
လတ်တလောနှင့် မြေကြောကို ရှုံ့သလို၊ ဖြုတ်ခနဲ တောက်လျှောက်၊ (မြို့
ဟံသာ) ထိပ်၊ နယ်နိမိတ်၊ ညဉ့်မအိပ် ရောက်နိုင်တဲ့၊ နေ့ချင်းပေါက် မီးရထား၊
ခြောက်နာရီချက်၊ ခုနံနက်တွင်၊ မြန်းထွက်ခါ သွားလိမ့်မယ်။ မြတ်ဖြားငယ်

ကောသီ၊ ထိန်းမှတ်ကယ် မသွေ၊ ကိန်းဝပ်ခါ နေပါတဲ့ မွေသရီ၊ စေတီကောင်းမှု၊ လှူနတ်ဗြဟ္မာ၊ ပူဇော်ရာဖို့၊ တည်ကာပြု၊ သုဒဿန၊ မြမြညိုမှောင်၊ သည် ရွှေတောင်က၊ ငါနတ်မောင် လမ်းထွင်၍၊ စခန်းစဉ် ပြလိုက်မယ်၊ မှတ်သွား နော်။

ဟောဟိုက ချောင်အကွေ့၊ ငါးမိုင်ခွဲကွာ၊ ရွှေ (မော်ဓာ) တဲ့။ အဲသည် ရွာ တွေ့လိမ့်မယ်။ မြန်း၍ တထောက်၊ ခေါ် ခြောက်မိုင်ခွဲ (ဆင်မြီးဆွဲ) သို့၊ ဗြုန်းခနဲ ရောက်ကရော။ ...တအောင့်လောက် မကြာတန်။ လိုက်ချင်သူ လူတသတ်တို့မှာ၊ လက်မှတ်ကို ခံပြီးလျှင်၊ သော့အမြန် မီးရထား၊ ရှစ်မိုင် ခန့်လောက်၊ ခရီးပေါက်တည့်အောင်၊ တောက်လျှောက်ကြီး မနားဘဲ၊ သွား လိမ့်မယ် နှမ။ ...ပျော်ဖွယ် ခြိမ့်အုန်း။ ရွာ (သဲကုန်း) သို့၊ ဗြုန်းခနဲကျတော့၊ ခဏကလေး သူတန့်ရပ်၊ ဘဝင်ခွေညှိုး၊ ငွေဆံတိုးရယ်၊ ရေမိုးများ ငတ်တာ ဖြင့်၊ တရုတ်ကတ် ပြုပြတင်းကို၊ ဖွင့်ကာ တသပ်၊ အသာကလေး လှပ်လို့ မို့၊ ခပ်ဖျတ်ဖျတ် ဆင်းပြီးလျှင်၊ နားနေရင်း တထောက်၊ အင်မတန် မကြာ စေနှင့်၊ ပျာကယာ သောက်ထည့်၍၊ မြညော်ာက်ကယ် ကေခိုင်၊ စီးခဲ့ရင်း အချက်၊ နေရာဟောင်း ပျက်မည်ကြောင့်၊ မယ် တက်ခါ ထိုင်လေတော့။

ဇွဲဂနိုင်လွှင်၊ အပြီးမခြား၊ ခရီးအားဖြင့်၊ မီးရထား နှင်ပြန်တော့။ တာစဉ်အရှိ၊ ဆဲ့နှစ်တိုင်ဝယ်၊ မိုင်ပေါင်းဆွယ်၊ (ပေါင်းတယ်) သို့ ထိလိမ့် မယ်။ လှော်အိငယ် ပြာစင်၊ ကြင်သူနှင့် ဝေး၊ လင်ပူကြောင့် ဆွေးပါတဲ့၊ လေးမယ်ခင်ရယ်။ ဘဝင်စိတ်နှောက်၊ ဒုက္ခမီးနော်–လှသော်မော်၊ တော်တော် လဲ ရောက်မှပ၊ တောင်မြောက်ကယ် ဝဲယာ၊ မြေကြီးကို ဆုပ်၊ ဒီလုံးတွေ ဖုတ်မယ်လို့–လုပ်ကြရှာ။ အညာက လူတလွှားတို့၊ ကိုင်းရွက်တဲ့အုံ၊ ဗိမာန် ရုံနှင့်၊ အိမ်ထောင်စု ကူလီများကလဲ၊ လမ်းနားတွင် ဘယ်မပြတ်၊ တဆဲ့ နှစ်လုံး၊ စက်ရထား ရန်းပြန်တော့၊ (ဇီးကုန်း) သို့ ကပ်လိမ့်မယ်။ မလေပ်ခု ဝယ်၊ ကြိုင်လှောင်းမလစ်၊ မိုင်ပေါင်းကို စစ်လိုက်တော့၊ ခုနစ်ကယ်ဆွယ်၊ ပျော်ဖွယ်ကောင်းစွာ၊ စမ်းရေတံခွန်၊ လျှမ်းထွေသွန်လို့မို့ အဲလွန်သာ၊ ခုနစ် ရွာ အောက်၊ ပြာထွားငယ်မေခင်၊ မျှော်လိုက်ရင်–မြင်ရသကွဲ့၊ (ကြို့ပင် ကောက်) တဲ့။ ရောက်လျှင် လှဲ့ဝင်း၊ ဘူတာအထက်၊ ဟိုမြောက်ဘက်က– သရက်ပင်မြစ် ခြေရင်းတွင်၊ ရေတွင်းက ရွှံ့စိစိ၊ ထန်းလက်တဲတိုင်၊ နှစ်

ဆောင်ပြိုင်လိုမို့၊ ထမင်းဆိုင် ရှိလေရဲ့။ မောင်အိနှင့်–မငွေကြူ၊ လင်မယား ဖြစ်ချက်၊ နတ်များပင် ဖက်ကရော့ထင့်၊ ပွေးကွက်က–ထူသနှင့်၊ ဖော့အူ မျက်ဖျော်၊ ပွဲတော်ဆာငြား၊ သည်ဆိုင်များ–မစားလေနှင့်။ လည်ပင်းရှည် ငှ,ဟစ်၊ တောထဲက ငှက်တုံးစပ်ကို၊ သေနတ်နှင့် ပစ်ပြီးလျှင်၊ ခုတ်ထစ်ခါ နုပ်နုပ်၊ အညာသား လူတလွှားတို့ကို၊ ကြက်သားဟင်း လုပ်ပြီး၊ ဘူးသီး ပြုတ် ရေငန်ပြာ၊ ချက်ရသူ့,ငရွှေတုတ်က၊ ဂျင်း, ငရုတ်ဆီ မပါပဲ၊ မဆလာ ခပ်မွှေးမွှေးနှင့်၊ ခရီးသယ် ဝမ်းဗိုက်ပိန်တို့ကို၊ သူလိမ်၍ ကျွေးတတ်ပါသည်။ နတ်သွေးငယ် မူရာ၊ မှိုင်းတမို့မို့၊ ဆိုင်းဆိုင်းငယ် ညို့ပါတဲ့၊ ပင်ကြို့ရွာ၊ တခါတနဲ၊ ပံသုဝသုန်၊ သွက်သွက်ခုန်မျှ၊ စက်ပြင်းကုန် နွှဲခဲ့သော်၊ ခုနစ်ခွဲ လောက်၊ ကြွှန်းဗဟို၊ စခန်းတော် ခိုရအောင်၊ (အုတ်ဖို) သို့ ရောက်လိမ့်မယ်။

ရောက်လျှင် သိုက်မြိုက်၊ ခရီးမသွား၊ အပြီး နားလို့မို့၊ မီးရထား ဆိုက်ပြန်တော့၊ ငယ်ကြိုက်ကယ် သတင်း၊ ဆွေးဆွေးနွေးနွေး၊ လှယဉ်ကျေး ငယ်၊ မယ် မေးရင်းပ၊ ဟိုကိစ္စ ဟိုသင်း၊ ဟိုအခင်းကလေးများ ရှိခဲ့သော်၊ လှော်အိငယ်ပြာထွား၊ အခန်းမလွဲ၊ စာတန်းဆွဲပြီးလျှင်၊ တကွဲစီ ထားကြ၊ ယောက်ျားနှင့်မိန်းမ၊ သွားလာကြရအောင်၊ ဌာနနှစ်ပါး၊ သည်ဟာများ၊ မှား၍လှမေ၊ သာကီဘယက်၊ ဒါလီခက်ကယ်၊ မတက်လေနဲ့၊ ခြေထောက် ရှေ ကုလား၊ ချိန်ခါမမှောင့်၊ အိမ်သာထောင့်က အစောင့်ထား၊ လံဘားတဲ့ နွဲ့နှောင်း၊ အဆင်သင့် မပြတ်၊ သူ တွေ့ကြုံလတ်မှဖြင့်၊ ငွေတမတ် တောင်း တတ်သည်။ ဖေ့ါဖယောင်းခွေ၊ ရွာအုတ်ဖိုမြိုင်၊ နယ်ခရိုင်က၊ ဆယ်မိုင် လောက် မယ်ခင်လှမ်း၍၊ တစခန်း ထလေသော်၊ အောင်မြေသာစွ၊ ဖြာဖြာ မယွင်း၊ ဂါမာရှင်းတဲ့ (ရွာမင်းလှ)၊ ခဏမသွေ၊ မီးရထားစုံ၊ ခ ခို လှုံရအောင်၊ ဘူတာရုံ တွေ့လိမ့်မယ်။

ရှေ့သို့စခန်း၊ သင်းစွမွှေးမွှေး၊ မင်းလှကျေးက၊ ဆဲ့လေးမိုင် မြန်း ခဲ့သော်၊ (လက်ပံတန်း) မဏ္ဍိုင်၊ စခန်းငယ်ဆိုင်၊ ရထားပြိုင် နားတော့မှ၊ သွားလေကွဲ့နှမ၊ မီးရထား စက်ဗိုလ်တို့၊ အရက်ချို ဖြန်ဒီ တဲပြီးလျှင်၊ စားပွဲကြီး ထိုင်ကြလိမ့်မယ်။ ရှုံပိုင်ကိုပင် ဆလံတင်–ဝင်ရွှေ့လှမေ၊ သန်းညာ ဘယက်၊ ဝမ်းစာတွက်ကို၊ မရှက်လေနဲ့၊ တောင်းလေဟဲ့နှမ၊ ကြက်ငှက်အမဲ၊

ဟင်းလျာတွဲတဲ့ စားပွဲကျ၊ အာဟာရပြေ၊ သင်ညောင်တဖုန်း၊ ယဉ်ခေါင်ဆုံး ရယ်၊ မယ် သုံးလေတော့။

ဆန်းထွေပန်းမြိုင်၊ လေယူဆောင်သွင်း၊ ရနံ့ကျင်းလို့မို့၊ သင်းပျံ့ လှိုင်၊ ဂနိုင်ပတ်ရစ်၊ လက်ပံတန်းရွာ၊ ကြဌန်းသာက အတာကို စစ်လိုက် လျှင်၊ ဆဲ့တစ်ခွဲတွင်၊ ပေပင် ထန်း အုန်း၊ ရှုမဆုံးတဲ့၊ (ရွာသုံးဆယ်)၊ အလွယ် ခဏ၊ ရောက်က အတည်၊ ကုန်သည် အများ၊ ဝယ်စပါး၊ တွဲ ရထား မရ၍၊ ဒုက္ခပူဆွေး၊ အခင်းဗျာလှိုင်၊ ထမင်းဆိုင်၌၊ မှိုင်ကာငေး၊ မန္တလေး–ရန်ကုန်၊ တောင်ငူ–ပဲခိုး၊ ဆူကြွယ်ဖြိုးမျှ၊ လူမျိုးရယ်စုံ၊ ရုံဘူတာ ရှေ့၊ ရှုလိုက်တိုင်းပင်၊ ရွာအဝင်မှာ၊ လှမေခင် တွေ့လိမ့်မယ်။

မြန်းရွှေ့တခါ၊ စက်ရထားပင်၊ ထွက်သွားလျင်လို့၊ နှင်ပြန်ပါသော်၊ အတာမလွဲ၊ မဟီညိုးငြိမ့်၊ ဒိုးဒလိန့်၊ ဂျိုးဂျိုးဂျိမ့်သဲ၊ ကုန်နွဲမှန်လှစ်၊ ခရီး မဆိုင်၊ အပြီးတိုင်–မိုင်ပေါင်းခုနစ်၊ ဂါမ နက်သန်၊ ပျိုဖြူလှဲ့လုပ်၊ လှဂုဏ် ချုပ်တဲ့၊ ရွာ (ဥက္ကံ)၊ အမြန်မလပ်၊ ဝက်အူယှက်လိမ်၊ ဒလက်နှိမ်လို့မို့၊ စက်အရှိန် ရပ်လိမ့်မယ်၊ မှတ်လေတော့ သည်းအူ၊ တာလမ်းက ဖုံဖုံ၊ လူ ပေါင်းစုံတဲ့၊ ရုံဘူတာမှူ၊ လက်မှတ်ယူပေး၊ နှုတ်ခမ်းမွှေးထူထူ၊ သွားဖြူဖြူ နဲ့၊ လူသေးသေး၊ စာရေးကရာနီ၊ မချို့မသွေ၊ ဘွဲ့အခြေမတော့၊ မောင်ရွှေစီ တဲ့။ ...ရေဝတီလူမျိုး၊ ဗိုဂရိုလွင်၊ အပျိုကို မြင်မှဖြင့်၊ သေချင်အောင် ပိုး တတ်သည်။

လှျိုရိုးခင်တန်း၊ ခွာနှုတ်တဖန်၊ ရွာဥက္ကံက၊ သော့အမြန် လှမ်းခဲ့ သော်၊ စခန်းဖွဲ့လှစ်၊ ဆဲ့တစ်ခရီး–ဂနိုင်ဆီးတဲ့၊ (တိုက်ကြီး) ရွာသို့၊ ရောက် ကာ ကြော့ဆုံး၊ တြိန်းတကြ–နောဇကေနဲ့၊ ထွက်ပြ သုံးလျက်၊ စုရုံးမြော် ထောက်၊ ရပ်စုံဗေဒင်၊ ကိုညိုလွင်ရယ်လို့၊ ကျွန်းပင်အောက်တွင်၊ အုံလောက်တဲ့ ဆရာ၊ နဘောထပ်နှော၊ သူ့အဟော–အပြောက သာသနဲ့၊ ကညာနွဲ့နှောင်း၊ ညောင်တထီးဆွေ၊ သျှောင်ကြီးဖွေကြောင့်၊ စိတ်နေ၍ မကောင်းတာဖြင့်၊ အကြောင်းကို ဆွေးနွေး၊ ပုဏ္ဏားလိုပဲ၊ သည် ကသဲကို၊ တပဲလောက် ပေး ပြီးလျှင်၊ မေးအုံးတော့ နှမ။

တိုက်ကြီးရွာလမ်း၊ သာကြဌန်းက၊ တစခန်း ထ,ခဲ့သော်၊ ဂါမရဲ့ ထူးလီ၊ မိုင်ဆဲ့လေးကွာ၊ အလွန်သာတဲ့၊ ရွာ(မှော်ဘီ) နာရီချင့်တွက်၊ မိနစ်

စက္ကန့်၊ အကွက်မှန်၍၊ ပြန်နှစ်ချက်တွင်၊ ဆက်ဆက်ကြီး မီးရထား၊ ရန်ကုန်က တထောင့်၊ အလာကို စောင့်ပြီးလျှင်၊ သူ တအောင့် နားလိမ့်မယ်၊ နားလျှင် နှမ၊ အောက်များကို အရှင်း၊ မဆင်းနဲ့ ရွှေမှူး၊ ပင်သပြေရိပ်–ခပ်စိပ်စိပ်နဲ့၊ ရွာထိပ်ဦးတွင်၊ အရှုးမ တယောက်၊ ဗလာကိုယ်ကျင်း၊ ဝင့်မကင်းလို့ ထင့်၊ မိမင်းကောက် တဲ့၊ ကြောက်စရာအရုပ်၊ ပဝါအင်္ကျီ၊ သူ့အနား သီမှဖြင့်၊ ထဘီပါ ဆုတ်တတ်သည်။ ကုမုဒ်ကယ် ကြော့မေ၊ အပါးကို မချဉ်း၊ ရထား တွင်းက–မဆင်းလေနဲ့။

မြန်းခြေတသွယ်၊ ဆန် ရေ စပါး၊ လွန်ပေါများ တဲ့၊ (လှော်ကား) နယ်၊ မိုင်ကျယ်ဆဲ့လေး၊ အင်္ဂလိပ်အတာ၊ အကျယ်ကွာမှဖြင့်၊ အဲသည်ရွာ တွေ့လိမ့်မယ်။ လှမ်း၍တခါ၊ စက်ရထားပင်၊ ထွက်သွားလျှင်လို့၊ နှင်ပြန်ပါသော်၊ တာခေါ်မလွဲ၊ ခြိမ့်ခြိမ့်ငယ်သဲ၊ ကုန်နွဲ့မှန်လှ၊ ခရီးမဆိုင်း၊ အပြီးစိုင်းသဖြင့်၊ (သမိုင်း) သို့ ကျရှော့၊ အစ ခေါ်တွင်၊ မြို့ (ကြေးမြင်) သို့၊ မေပျိုခင်ပေါက်၊ သုံးချက်နီးနီး၊ ရွှေစည်ကြီး မတီးမီ ရောက်လိမ့်မယ်။

ရောက်လျှင် နှမ၊ ပြလှမ်းခိုမှီး၊ ရှုမငြီးတဲ့၊ ဈေးကြီးဝ မှာ၊ မဒပျို ရွှယ်၊ ချိန်ကာသူပေး၊ နောက်ကိုအေးအောင်၊ အလေးငယ်–ငါးစိမ်းသယ် တဦး၊ မြင်သူအားလုံး၊ လူတိုင်းနှင့် မုန်းရသကွဲ့၊ ရှင်အုန်းဖူး တဲ့၊ ဆိုင်ဦးတွင် မတ်တတ်၊ အရေးတသွယ်၊ ဈေးမဝယ်ပဲနဲ့ဖြင့်၊ တယ်ကရ–မရပ်လေနဲ့၊ ပစပ်က ထွက်ပုံရဲ၊ ကိုယ့်ဟာနဲ့ မလောက်၊ သူများဟာ နှောက်ပြီးလျှင်၊ ဗွက်ပေါက်အောင် ဆဲတတ်သည်။

ရှဲခွဲပိုင်ပိုင်၊ မရန်းသရက်၊ လမ်းနှစ်ဖက်၌၊ ယှက်ကာငယ်ပြိုင်၊ ရွှေ ဒိုင်က အခွာ၊ ဒီရေမို့မို့၊ ရီဝေငယ် ဆို့ပါတဲ့၊ မြို့ဟံသာနဲ့ မိုင်တာတွက် မြောက်၊ ဂဏန်းအခြေ၊ ဟံသာမြေနှင့်၊ သရေတောက်၊ ရာခြောက်တစ်ခွဲ၊ ဖန်မောရာဝန်း၊ ထိန်စွယ်ကျွန်းသို့၊ ယွန်းလှူဆဲ၊ မည်းရီမှောင်မှောင်၊ ချိန်ချိန် မဟုတ်၊ သိန်သိန်ကုတ်ဟု၊ စိန်အုတ်ကယ် ပြောင်၊ တောင်ဘောင်အရှေ့၊ ဆံတော်ကြိုလမ်း၊ ဟို ဗဟန်းနှင့်၊ စမ်းအကွေ့၊ သန်းတရွေ့မေ၊ တောင် စောင်းတန်းက၊ အပန်းဖြေ နားနေကွဲ့ ကြော့မှူး၊ လေးဆူဓာတ်ပုံ၊ ရွှေတိဂုံ ကို၊ တင်လက်စုံ ဖူးပြီးမှ၊ ချစ်ဦးကို တစခန်း၊ ဘယက်ကယ် ရတနာ၊ နံနက်ခါမှ–ထွက်ခွာ လှမ်းရမယ်နော်။

မြန်းတော့ မြန်းတော့၊ ရှုကသိုဏ်းတွင်၊ ပြုတိုင်းယဉ်တဲ့ ပင်ကိုကြော့ငယ်၊ သွားအုန်းတော့ နှမ၊ စေတီတော်ကို၊ ရှိပူဇော် သပြီးလျှင်၊ ဦးချ၍ဒါလီ၊ ဟိုကြောင်ကြီးဖဲ၊ ဗိုလ်ရုံထဲက–နွဲ့ကာချီ၊ နာရီစက်ခလုတ်၊ ခရာသီလူမျိုး၊ မီးရှိန်ပျိုးလို့မို့၊ ငွေထမ်းပိုး မှုတ်ကပေါ့၊ ခပ်သုတ်သုတ် ထ၊ နေချင်း ပေါက် သွား၊ မီးရထားကလဲ၊ ထွက်သွားချိန် ကျပြီမို့၊ အလှငယ်ပျိုစင်၊ ကွက်လျှံမခြား၊ မျက်ပုံ့လွှားသကဲ့သို့၊ စက်မြန်အား နှင်သောအခါ၊ ပြင်လွင် အစပ်၊ လျှံပြောင်အချုပ်၊ မှန်ရောင်အုပ်တဲ့၊ တရုတ်ကတ်ကို၊ လှုပ်၍ လှမေ၊ တိမ်းကာစိစိ၊ ယိမ်းကာလှည့်၊ မကြည့်လေနဲ့။ မူးဝေရောဂါ၊ အခွင့်မတော်၊ ပွင့်သော်မော်မှာ၊ မတော်လို့ ရှိတာဖြင့်၊ ဣစ္ဆာသယ၊ ရန်သူအမျိုး၊ နိမ်ကာ လျှိုးရသည့် တန်ခိုးရှု၊ ဩသဓ နတ်ဆေး၊ ရွှေအာသာမှန်၊ ညှာပွင့်တန်က၊ ဝတ်ဆံကို ဖော်ခဲ့တယ်၊ နှာခေါင်းတော်မွှေးမွှေးကိုလဲ၊ ပေးလိုက်မယ် ဖော့အူ၊ မီးရထားမြတ်၊ စက်ရဟတ်မှာ၊ မူးတတ်လျှင် ရှူရအောင်၊ ယူဆောင် ကာ မမေ့၊ ရက်ကိုးဆယ်သုံးလပြုတော့၊ ကြင်သူကို အမှန်တွေ့မည့်ကြောင့်၊ ယနေ့ပင်ဟံသာလမ်းကို၊ မြန်းရှာတော့ လှမေ၊ ဘဝင်ပြောင်းမှု၊ ယဉ်ပေါင်း ခပါတဲ့၊ လှမျိုးကြွယ်၊ ညိုးငယ်တော် မမူလေနဲ့တော့ နှမငယ်။ ။

## ဖော်ပြချက်

ဤနတ်လမ်းညွှန် ရေးသောနှစ်မှာ မီးရထားရုံပေါင်း ပြည်နှင့်ရန်ကုန်တစ်ဆယ့်ခုနစ်ရုံသာ ရှိသည်။ နောက်မှ မီးရထားရုံများ ရွှေ့ပြောင်းသည်မှာ မော်ဘီမီးရထားရုံသည် အောက်ဝါးနက်ချောင်းရွာ၌ မော်ဘီစခန်းများဟု အမည်ပေးထားသည်။ ၁၂၄၀ ပြည့်နှစ်တွင် မော်ဘီမြို့ကို ပြောင်းသည်။ မော်ဘီစခန်းရုံကို ဖျက်လိုက်သည်။

သမိုင်း မီးရထားရုံကို ဖျက်၍၊ အင်းစိန်မီးရထားရုံ ပြု၍ ကြို့ကုန်းအမည် ပေးထားသည်။ နောက်မှ အင်းစိန်အမည်ကို ပြောင်းလေသည်။

ဟိုအခါက ဟိန္ဒူကုလားများ အစောင့်ထားသည်။ ၎င်းတို့က '[illegible]ဒေါင်း၊ ဂိုဒေါင်း' ဟု ပြောသည်။ မြန်မာ၊ ကရင်၊ ရှမ်းတို့က 'ဂူတာ၊

ဝူတာ' ခေါ် ကြသည်။ ၎င်းကမှ 'ဘူတာ၊ ဘူတာ' အခေါ်များလာသောကြောင့် ပြည်သူ တို့ အခေါ်များရာ လိုက်၍ မီးရထားဘက်က 'ဘူတာရုံ' ဟု အသုံးပြုလေ သည်။

ဟိုတုန်းက မီးရထား ဆိုက်ရပ်သည့်အခါ ခရီးသွားတို့ သတိရရန် မီးရထားဌာန အမည်ကို လျှောက်၍အော်ရန် ကုလားများကို ခိုင်းရာ၊ ကုလား များက မြန်မာစကား မပီ၍ မှော်ဘီကို 'မောဘိ–မောဘိ'၊ လှော်ကားကို 'လိုကာ–လိုကာ'၊ အင်းစိန်ကို 'အစိန်း–အစိန်း' ဟု အော်ပြောလေသည်။

**စော** ။ ။ ကောင်းပါပေဗျာ၊ ဒီနတ်လမ်းညွှန်သည် သဘင်ပညာသည် စာမဟုတ်။ ပညာရှိပုဂ္ဂိုလ် ရေးသောစာ ဖြစ်၍ မှတ်သားဖွယ်ရာ တစ်မျိုး ကောင်းလှပါပေတယ်။ ဆရာကြီး စုဆောင်းထားသည့်အတွက် တွေ့ရ ဖတ်ရပါပေတယ်။ အခြားမှာ ကျွန်တော် မေး၍မရ ဖြစ်ပါတယ်။

**ဆရာကြီး** ။ ။ ဆရာမှဲ့သည် ဟင်္သာတမြို့ အထည်ကုန်သည် ဖြစ်သဗျ။ ကျွန်ုပ်ဆရာ ပါပဲ။ ၎င်းဆရာ ရေးတဲ့ "ပြည်တော်ပါ လေပြေထိုး" တစ်ပုဒ် ရှိသေးတယ်။ ကူးလိုက ကူးပါ။ ရော့...။

**စော** ။ ။ ကောင်းပါဗျာ၊ အခွင့်ပြုသည်အတိုင်း ကူးယူပါမည်။

**ဆရာကြီး** ။ ။ အားမနာပါနဲ့၊ အလိုရှိတာကို ပြောပါ။ ကျွန်ုပ်မှာ ရှိလျှင် လွယ်ကူစွာ ထုတ်ပေးပါမည်။

## ၁၂၄၈ ခု ဟသ်ာတမြို့ အထည်ကုန်သည် ဆရာမှဲ့ ဆို မြန်မာနိုင်ငံအကြောင်း

မြန်မာနိုင်ငံ၊ တည်မငြိမ်သက်၊ ဇီဝိန်ပျက်မှု၊ ပွက်ပွက်လျှံ၊ ကြွက်ည ဝေဆူ၊ အထက်မင်း၊ လက်ငင်းယူ၊ ဖြူအင်္ဂလိပ်၊ တစ်ကြိမ်တစ်ခါ–အလိမ်သာ၍မို့၊ တိမ်သမ္ဘာမှိတ်ခဲ့၊ အတိတ်တရား၊ တကျိုပ်ငါး–ဘုရားသိုက်ထွက်၊ အင်းနဂရာ၊ ဟသ်ာဖျက်က၊ ထီးဆက်နန်းသွေး၊ မယုတ်ဖြိုးကြွေ့၊ မုဆိုးဖြေ့၍၊ မပြေ့သေး၊ လေးပါးကျန်ရ၊ မာန်မကျ၊ တ,တွင်းရောက်လာ၊ တဆဲ့တမင်း၊ ချဲ့ မယွင်း၍၊ မလင်းသာ၊ ရာဇာမင်းဘော၊ ကြဋ္ဌန်း,ထီးအိမ်၊ အညှံ့ကြီးကြိမ်၍ မို့၊ နန်းစည်းစိမ်လျှော၊ သီပေါကိုယ်တော်၊ တဆောင်ကြဋ္ဌန်း–အဆောင် မြန်းတဲ့၊ တောင်နန်းပျော်တို့၊ ရွှေလှော်မိဖုရား၊ သား,ဖ တတွေ၊ ပင်လယ် ဝန်းပတ်၊ ကျွန်း,မဒရပ်၊ လွမ်းပြတ်လို့ သေရချည့်၊ ရေတဖွေးဖွေး၊ သောင်, ကမ်းမမြင်၊ တောင်နန်းရှင်တို့၊ အင်မတန် ဆွေးလေရော့၊ ဟိုရှေးပထမ၊ သစ်စကားနှင့်၊ ဖြစ်ပွားကြ၊ ဒေါ်သ,မကင်း၊ စာရင်းအင်း–ရှင်းလင်းအချုပ်၊ ငါးထွာခြောက်ညို၊ အောက်မလျှို၊ မောက်မို၍မခုတ်စေဟု၊ စာချုပ်ကိုခံ– နောင်ဖောက်ပြန်သော်၊ ထောင်ဒဏ် ၃ နှစ်၊ တထောင်နှစ်ရာမွှန်၊ လေးဆယ် လွန်သည်၊ ခွန် သက္ကရာဇ်၊ ခုတ်ထစ်ခါတွေ့၊ ဘဏ္ဍာစိုး၊ ကြိန်ကြိုးမွေ့၊ သူဌေးကိုယ်စား၊ သစ်တောအုပ်၊ ချုပ်၍ထား၊ ကုလား လေးဦး၊ သူဌေးထူး တို့က၊ ပူးပေါင်းရုံးစု၊ တိုက်မည့်အင်ကို–ကြံပင်ပြုသော်၊ ရှေ့ရှုထောက်ကူ၊ တယောက်သူက၊ မတူဆန္ဒ၊ အယူလွဲ၍၊ ကွဲပြားကြ၊ မြန်မာ့ပြည်ကို၊ အမျက် ကြီး၍၊ ဖျက်ဆီးမယ် ဆိုသော်လည်း၊ ကိုယ်တို့, ကျုပ်တို့၊ အရင်းအဖျား၊ အခင်းသွား စဉ်းစားဖို့၊ သို့လို တိုက်ဖျက်၊ မအောင်ပါလျှင်၊ နောင်သာ၍

ခက်တော့မပ၊ ရှေးအထက်က၊ သူ့အဘနှင့်၊ သင်္ဂဟမိတ်၊ စားရိတ်ကိုဖမ်း၊ ပြေနှစ်ပြေ၊ ရွှေငွေလမ်းဟု၊ ကူးသန်းပေါင်းဖက်၊ အရောင်းပျက်က၊ အရက်တကွဲ၊ အတူကြဲ၍၊ သူငယ်လဲက၊ ပွဲ၌တင့်တယ်၊ လူကြီးရှုံးတော့၊ အားလုံးပင် ရယ်တတ်သတဲ့၊ သွယ်သွယ် ပျောင်းပြ၊ သူဌေးတဦး၊ ရှေးအထူးကြောင့်၊ ကျေးဇူးကို (ဆ) ရာတွင်၊ မြန်မာ့ပြည်ကို၊ မရပြီ ဆိုမှဖြင့်၊ သည်လို ရောင့်တက်၊ သူဌေးသုံးတို့၊ သွေးလုံးရက်၊ ထွက်တော့အသင်၊ မဝင်ချင်–ပြင်လွင်နေပ၊ သို့ကတည်းညဏ်၊ တို့ချည်းကြံပ၊ ကဏ္ဍက၊ မြန်စွာမနေး၊ ဘိလပ်ကို စာကမ်း၍၊ မှာတမ်းတော်ပေး၊ သူဌေးတို့က၊ စရိတ်ထုတ်၍၊ ဗိုလ်ချုပ် ရှိသမျှ စစ်သား၊ တပ်သင်္ဘောတွေနှင့်၊ ရေကြောမှာ ထားပြီးလျှင်၊ စကား, နှုတ်ဆက်၊ မတိုက်ခင်ပင်၊ တိုက်ချင်လျှင်ပြင်၊ အရင်တက်၊ နေ့ရက်, ပိုင်းဆွတ်၊ အမြန်ဆန်၍၊ သံတမန်လွှတ်လိုက်၊ သတင်းကျွတ်လ၊ ဆန်း (တရက်)တွင်၊ မန်းကနက်ကျ၊ ဘုရားခြေရင်း၊ တမန်လွှာနှင့်၊ သံစာသွင်းကြရ၊ အတွင်းတော်ထံ၊ ဘုရားနှစ်ပါး၊ နား မကြားရအောင်၊ ကုလား စကားပြန်၊ ရွှေညာဏ်စဉ်းစား၊ တမန်ကြီးတို့၊ သံတဲ့၌ ထား၍မို့၊ ငါးရက်တပိုင်း၊ ခြောက်ရက်နေ့စွန်းဘိလို့၊ မွန်းတည့်ရုံ ဆိုင်းပါတော့။ ...ညှိနှိုင်း တိုင်ပင်၊ မတော်ကြောင်းနှင့်၊ "ဘဂေါင်း" က တင်တော့၊ မရွှင်စိတ်ဆိုး၊ ရက်ရှာသော်ကြောင့်၊ မျက်နှာတော် ညှိုး၊ စိုးပါနှင့်ဘုရား၊ အချို့များက–အားပေး အားမြှောက်၊ ကုလားလောက်၊ ကြွားမောက် ခြိမ်းမောင်း၊ နန်းအဝင်–ကျမ်းပြင်မှာ ထောင်းတဲ့၍၊ ပျောင်းပျောင်းပျပျ၊ ခု,ဆင်းပါရစေတော့၊ မင်းလှခံမြို့၊ သင်္ဘောတော် လေ့လောင်းနှင့်၊ ရေကြောင်းက, ဆို့ပါမကို၊ သို့လိုယုံအောင်၊ အပွေသား၊ ရွှေနားယောင်မိလို့၊ တန်ဆောင်မုန်းလ၊ ဆန်း (ဆယ်ရက်) မှာ၊ တက်ခဲ့ကြ၊ ကုလားသံတမန်၊ မရွှေ့မယိမ်း၊ ရှေ့ကိုကိန်းနှင့်၊ နေ့ချိန်းလို့ ပြန်စေရှေ့။ ... ဓား, လုံ့သေနတ်၊ အမြောက်ဗုံး၊ နောက်ဆုံးသတ်၊ အမှတ်သည်တွင်၊ တပ်စီရင်၊ မြို့ပြင်မထွက်၊ ကုန်းသက်သက်၊ သုံးရက်အတွင်း၊ မင်္ဂလာဆော်၍၊ အောင်မြေတော်နင်း၊ သင်္ဘောကိုတင်၊ စစ်မညောင်းအောင်၊ မြစ်ကြောင်းနှင်၊ ကောင်းကင်သျှတ္တရ၊ လ,ကိုသူခင်း၊ ကြာသပတေး ကြည်များကလဲ၊ ခါလေးလီနင်းတဲ့ပြင်၊ ချင်းချင်းထိခိုက်၊ လစကြာစန်းရထား၊ လမ်းမှားလို့ လိုက်ကြ၊ သိုက်တဘောင်လာ၊ မအောင်ဆိုတဲ့ ထိုအခါ၊ ဗိုလ်ပါ

စစ်ကြီး၊ စာရင်းကျသူတို့၊ မင်းလှက,ဆီးရမတဲ့၊ အပြီးမငြိမ်း၊ လမ်းကွယ်
မဝှက်၊ ဆန်း (ဆယ်ရက်) တချက်ဖြင့် ချိန်းလိုက်၊ တဘိန်းလိုမ့်ညဏ်၊
ကိုးရက်နေ့က၊ တိုးတက်၍ ဆန်လာတော့၊ အကြံမရ၊ အခိုးထ၊ မိုးကျ
မှောင်မွှန်၊ သောင်အစွန်၊ ဖောင်ဝန်အားထုတ်၊ ရှမ်းစော်ဘွားနှင့်၊ ဗိုလ်ကျား
တို့ ခုတ်သော်လည်း၊ မဆုတ်ရဲရဲ၊ ဘုန်းစက်အမြောက်၊ ကုန်းတက်ရောက်
အောင်၊ သုံးချက်လောက် ကြဲလိုက်တော့၊ နွားကွဲ ကျားကိုက်၊ မနု ကြမ်း
ကြမ်း၊ အမှုထမ်းတို့၊ စွမ်းသမျှ တိုက်သော်လဲ၊ လာလိုက်သည့် ဗုံးဆန်၊
မြေကတုတ်သို့၊ ပြားအုပ်လို့ခံရ၊ လန်တဖတ်ဖတ်၊ ကြာတော့–ညဏ်ကြပ်
အကြံကပ်၊ ခံတပ်တောင်ပျက်ရ၊ လက်နက်ကိုပေး၊ ဗိုလ်မကွပ်နိုင်ဘု၊ ကိုယ်
လွတ်သာ ပြေးကြ၊ အဝေးမှာနေ၊ ခရီးအစ၊ နီးသမျှ၊ မီးချလို့ကြေခဲ၊ စလေ,
ပုဂံ၊ ချက်ချင်း လက်ငင်း၊ ဆဲ့နှစ်စင်းနှင့်၊ စက်အပြင်းဆန်လာတော့၊ မြင်းခြံ
မှာတန့်၊ ရွှေကြက်ယက် သပြေတန်းက–ရေစမ်းလို့ ငုံပြီးလျှင်၊ အုံ့မှုယ်အလွန်၊
ရေကိုနှင်းသည့်၊ လှေသင်းဝန်၊ နွံနာဖိစီး၊ ထောက်မတန်အောင်၊ အမြောက်
သံ ကြီးလွန်းလို့၊ ခရီးကွာဝေး၊ ခပ်မြန်မြန်လာစေဟု၊ ထပ်ပြန်စာပေးတော့၊
မန္တလေးရောက်၊ အမြောက် ဒိုးဒိုင်း၊ ဂေါ်ရာတွေ ရစ်ပတ်၍၊ သစ်တပ်ကို
ဝိုင်းရော့။ ... မဆိုင်းမလင့်၊ အတွင်းကဝင်–မလင်းခင်၊ "အရှင်" ကိုပင့်၊
တည့်ကုန်အိပ်၊ အာကာဗွေက၊ တာရာတွေဖိတ်လိုက်၊ အတိတ်တာစ၊ နိမိတ်
ပြ၊ ကိစ္စတွေ့ရန်၊ ဘယ်ကလောက် ခက်တယ်လို့၊ ကြယ်ရောက်ရက် ဆန်
လိုက်၊ ပြန်ချေသွားချေ၊ နှစ်ချက်သီးသီး၊ မနက်ကြီးမတီးမိ၊ စန္ဒီလပြေ့၊
ခုနစ်ရက်ပေ၊ လွန်းပျက်မွေတဲ့၊ စနေနေ့၊ ရေမြေ့အရှင်၊ နေရာရွှေ့လို့၊ သာမွေ့
တင်၊ မပင်မပန်း၊ ဇနီးတပါး၊ သမီးများပါ၊ စစ်သားတွေထမ်းပြီးလျှင်၊
နန်းကြီးပေါ်က၊ ရွှေတကြင်နှင့်၊ မြေပြင်ကိုချ၊ တကွအတူ၊ ကုလား မောင်း
တီးလို့မို့၊ ကောင်းကြီးယူ၊ ဆောင်းထီးဖြူအုပ်၊ အတွင်းတံခါး၊ မြင်းရထား
နှင့်၊ မင်းဖြားထုတ်လာတော့၊ နှုတ်ဟ,စကား၊ ဒုက္ခနှယ်များပါဘိ၊ ဘုရား
ကယ်ပါ၊ ပုတီးစိပ်၊ ကြီးသိက္ခာနှင့်၊ ရာဇမင်းပျို၊ တမြို့လုံး၊ ချုံးချ၍ငို၊
ယိုမျက်ရည်စီး၊ ဖြစ်ရလေ စုတ်သပ်၍၊ ရင်ဘတ်ကို တီးသူတီး၊ မြေကြီးမှာ
လူးသူလူး၊ ပေါ့တော့တော့၊ ပျက်ပြယ်ပြယ်များဖြင့်၊ သွက်သွက်လယ် ရှူး
ရစ်ကြရော့... နဖူးတိုက်ခါ၊ ဦးတိုက်လာ၊ လိုက်ရှာရော့ဘုရား၊ ပညာရှိ

သတိပေါ့၊ ကိုယ်တော့်နှယ် မှားလေ၊ အများ အော်ဟစ်၊ ရထားပေါ်က၊
တရားတော်လှစ်ခဲ့၊ နေရစ်ကြကရို့၊ ချစ်စာနာပါလျှင်၊ မေတ္တာသာပို့ကြရော့၊
တို့အမျိုးသား၊ တို့မြန်မာဟူ–လူအများတို့၊ ယောက်ျား,မိန်းမ၊ မြင်မြင်,ရရ၊
သခါရတွေကပဲ၊ ဒုက္ခမကင်း၊ ပုလိပ်သားတွေနှင့်၊ ဆိပ်နားကိုဆင်း၊ သဘော်
တော်ကြီး၊ သူ့လက်ကိုပါမှဖြင့်၊ ခုတက်ခါစီးကြစို့၊ သမီးများမေ၊ မမာမကျန်း၊
ကြာကြငှန်းနှင့်၊ ညာနန်းမေ၊ သန္တေဂဗ္ဗ၊ လွယ်သတိုး၊ ဆယ်ကိုးလမို့၊ မလှ
ရုပ်ပုံ၊ မြန္မာတ်ငုံ စက်ကုန်အပြင်း၊ထွက်စုန်ဆင်း၊ မြင်းခြံသို့အရောက်–ရွှေ
နန်းညွန့် စိန်လုံး၊ တိမ်ဖုံးလို့ ပျောက်တော့၊ နောက်ကိုလှမ်းမျှော်၊ စခန်း
ကျော်၊ နန်းတော်မို့မို့၊ သခင် (မ) က၊ မမြင်ရ၊ ရင်ဝမှာဆို့၊ အန်ပျို့လှိုက်
မော၊ ပတ္တမြားခက်၊ သားတက်လို့မြော၊ သောသောအုတ်အော်၊ ငိုတရှုပ်
ကယ်နှင့်၊ ကိုယ်လုပ်တော်ကလေးတွေက၊ အုတ်အော်ကျွက်စီ၊ ခါးအထက်
လက်မသီ၊ ခက်ချည်ရဲ့ တတိုးတိုး၊ မျက်ရည်က,တဖြိုးဖြိုး၊ သဇင်နွဲ့ကုံး၊
ကြင်မှဲ့ဖုန်းငုံ၊ မြင်လှဲ့အုံး ညွတ်ကျိုး၍၊ ဝပ်လျှိုးကာ ပန်ကြား၍၊ ရှိခိုးကာ
ထံပါးတွင်၊ စကားပွေလှ ပွက်ပွက်အူ၊ ကုလားတွေက, ကျွက်ကျွက်ဆူ၊
ကိုယ်တော်တိုင် မေးမြန်း၍၊ သွေးစမ်းတော်မူတုန်း၊ တရူရူ တမောင်းမောင်း၊
ရာဇ "နာဝီ"၊ "မာလက" ပါပြီ။ "ပါနီ" ကသာ "ဂျောင်း" ပေတော့။
တောင်းပန်သံချို၊ မြန်မာလို ပြန်ဆိုစကား၊ မိန်းကလေး–သေ၊ ရေထဲသွား
ပေတော့တဲ့၊ သားနှင့်အမိ ထားခဲ့မည် ရှိရာတွင်၊ သတိတော်ရ၊ မာလာဖြူ–
နာကူလို့ထ,သေးရဲ့၊ မင်းလှအောက်ပိုင်း၊ ရန်ကုန်လောက် မရောက်နိုင်၊
ကျောက်တိုင်ကထွက်၊ မြန်မာနယ်ဆုံးတော့၊ အလုံးတော်တခါတက်၊ ရက်
တဆဲ့ငါး၊ အဏ္ဏဝါနှင့်–ဟံသာရန်ကုန်၊ ဖန်ယမုန်မှာ၊ သံခြံ၍ထားပြီးလျှင်၊
စားလ,စားကြေး၊ များစွာပေးလို့မို့၊ ကံကျေးလုံလောက်၊ ဘိလပ်သို့ စာကမ်း
၍မို့၊ မှာတမ်းတော်ရောက်၊ ရွှေနောက် မြောက် တောင်၊ ရေညှိဝိုင်း၊ လှိုင်း
ဘောင်ဘောင်၊ မှိုင်းမှောင်ညို့ညို့၊ ပင်လယ်ခေါင် ပတ်ဝန်းတဲ့၊ မဒရပ်ကျွန်း
သာ ပို့စေဟု၊ သို့အမိန့်သံ၊ ချုပ်အကျဉ်းဖြင့်–ထုတ်လင်းပြန်၊ စံတော်မူရ၊
မိဖုရားခေါင်ကြီး၊ ဝမ်းတော်နီး၊ မီးရှူးချိန်ကျသမို့၊ လွယ်ရသရွှေ၊ ဆယ်လ,
စေ့၊ မတွေ့ရေနွေး၊ အုတ်ပူ ရင်းပြား၊ နန္ဒင်းဆားနှင့်၊ ဟင်းခါးမှာ ဝေးရော့၊
သွေးထိတ်စရာ၊ အမှုချက်ချင်း၊ သူ့လက်တွင်း၊ ပက်ပင်းပါမို့၊ မရှာဖွေအား၊

အရင်ဦးက၊ တင်ကူး၍ ထားနိုင်တော့မလား၊ ယောက်ျားလက်သည်၊ မန္တလေး
ကမို့၊ လမ်းဝေးလို့လဲ မမီဘူး၊ နာရီချိန်ကျ၊ ကံဓာတ်ခန္ဓာ၊ နာမ်ပြတ်ကွာ၊
စံနုတ်ရွာကြွပြီးမှ၊ အသားလှသေ၊ ဖွားရလေ၊ အဖေဖြစ်သူ၊ အငိုမစဲ၊ ကိုယ်ကို
နှဲ၊ ပုလဲဖြူ၊ တွဲထူယိမ်းနွဲ့၊ မြန်မာပီပီ၊ (တ) မည်လို့ ဖွဲ့ရှာသတဲ့၊ အမဲ့သား
ထွေး၊ အခြေမတည်၊ သန္ဓေမှီစက၊ ရွှေပြည်နှင့်ဝေးသကိုး၊ ရေးကုသိုလ်ခေ၊
ထီးညွှန့် နန်းလောင်း၊ မင့်အကြောင်း–မကောင်းလေ၊ ရဝေဘုံပျံ၊ အသက်
မပျောက်၊ ကနက်အောက်၊ နှစ်ရက်လောက်–စံရ၊ တော်တန်သဖြင့်၊ လျော်
ကန် သင့်လေရဲ့၊ တဘုရင့်သွေး၊ နုထွားရှေရှေ၊ သူ့သားသေကလဲ၊ ငါး
ရေဆေးသို့၊ မွေးမွေးကြူကြူ၊ ဖွေးဖွေးဖြူ၊ ထွေးယုပိုက်၍၊ ရွှေအနီးနှင့်၊
အမေကြီးပွေ့–ဆွေ့ဆွေ့ခုန်မူး၊ နောင်ဗျာပါကြွယ်၊ တောင်ညာမယ်၊ ဒေါင်
ချာလယ် ရှုးမတတ်၊ လူးလှိမ့်သမု၊ ရွှေရင်ဆီ–သွေးခြည်ဥလို့၊ ထု,တအုပ်
အုပ်၊ စိတ်မဟုတ်တိုင်း၊ ကုတ်လိုက်ဖွဲ့လိုက်၊ စာဘူးတောင်းခေါင်း ကြွက်
သိုက်နှင့်၊ အမှိုက်ဇွေချာ၊ ရွှေကောသာ၊ ဖြေကာရှော့ရှန်း၊ တကြော့ထုံးနှင့်၊
နှလုံးတော်နောက်၊ ဟန်ပန်ငယ်ပူ၊ ဆံအူပေါက်တွေနှင့်၊ တောင်မြောက်
မမြင်၊ စိတ်ညှဉ်းဆဲလို့၊ ဆင်းရဲအင်၊ သခင်မင်းမြတ်၊ လင်ရင်းနတ်က၊
ချဉ်းကပ်နားချ၊ တရားပြ–ထ,ပါ ထ,ပါ၊ ရွှေလည်ဆွဲလို့၊ နွဲ့ရပါ၊ ဗျာပါ
မငြိမ်း၊ ရွှေကြူပြင်၊ လေယူရင်ယိမ်းသကဲ့သို့၊ ကတိမ်းကစား၊ မိန်းမသား
မို့၊ သနားစဖွယ်၊ တပါးမယ်ငဲ့၊ သားငယ်ကိုပင်၊ မဆိုချင်နှင့်၊ ကိုယ်တွင်
တွေးစစ်၊ ရွှေနန်းရွှေအိမ်၊ ညီးညီးထိန်တဲ့၊ စည်းစိမ်တောင် ပစ်ခဲ့ရသေးတာ၊
ချစ်ပါသော်ကော၊ ဖြစ်သမျှ၊ ခေတ္တသာ နှမြောနိုင်တော့မပ၊ လောကဓမ္မတာ၊
လက်မတို့သော်လဲ၊ ပျက်ဖို့က,ပါကြသကိုး၊ ... ရာဇာ ထီးဆောင်း၊ မျက်ရည်
ယို၊ မငိုကောင်းပါဘူး၊ အပေါင်းရှင်လူ၊ တို့အတွက်ကယ်ကြောင့်၊ ခုရက်ထိ
ပူရ၊ ခိုင်မဥ္ဇူပိုင်စံစားပါတဲ့ နိုင်ငံသူနိုင်ငံသားတို့ကို၊ သနားလေ–မဒရပ်
ကျွန်းဆီက၊ ကရားရေ မပြတ်သွန်းပြီးတော့၊ အလွမ်းပြေသာဆုံဆီးဟာမို့၊
စကားထုံးနည်း–ရဟန်းဆရာက စာပေပို့၊ အများရုံးစည်း၊ မန်းဌာန ညာ
ရွှေမြို့၊ အားလုံးကြီး ကျန်းမာကြပါစေ ဆိုသံ၊ တိုင်းနိုင်ငံ ပြည်သူ နှမြော
ပါတဲ့–(သီပေါမင်း) ရာဇဝင်၊ စတင်၍ ပြ။ ။

[ ဒီစာက ပုဇွန်တောင် ဇေယျာပူရိန် စာပုံနှိပ်တိုက် ဆရာထွေးက ဂရုဓမ္မတရား ငါးပါးကို အလေးပြုကြရန် စီကုံးသော ပိဋကတ်ဆရာမောင် အသွားမျိုး ဖြစ်သဗျ။ ဖတ်ကြည့်စမ်း။ ]

## အဝိဇ္ဇာ စိတ်မှာ မစွဲစေနှင့်

ဗုဒ္ဓံဓမ္မဉ္စ သံဃဉ္စ အန္တရေန–နမာမဟံ ။ ။ ဇဝံဗုဒ္ဓံ သရဏ္ဍာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊ ဘယံဝါ–ဆမ္ဘိတတ္တံဝါ၊ လောမဟံ သောနဟေဿတိ။ ... ဟူ၍ ။ ။ ဗုဒ္ဓံဘဂဝ–ထုတ်ပြန်ဟ–သုတ္တန်က လာ။ အမွန်တရား–တံခွန်ဖျားသို့–ညွှန်ကြားမြွက်သည်၊ ဓဇဂ္ဂါတွင်၊ ရတနာသုံးဆူ–လွန်ကြည်ဖြူသည့်၊ သူတော်အများ၊ အမျိုးသားတို့၊ မခြားနေ့ည၊ ဤရတနာကို၊ မှီပါကြလျှင်၊ ဘယ ပျောက်ကင်း၊ ကြောက်ခြင်း မရှိ၊ ဆမ္ဘိတတ္တ၊ ကာယ ခက်တရော်၊ မပေါ်မလာ၊ ပျောက်ကွာစင်ပြီး၊ ကြက်သီးမွေးညင်း၊ ထ,ခြင်း တို့မှ လွတ်ကုန်ရ၏ ဟု။ သုံးလူ့ဘ–ဘဂဝါ မြွက်သည်ကို၊ အခါမပျက်–ဂရုဓမ္မ စိုက်ပါလျှင်၊ တဏှာမဖက်၊ သမုဒယ အမိုက်တွေဟာ၊ နံ့သာကရမက် အနုအရွကို မကြိုက်ဘဲ၊ အသုဘပိုက်၍၊ တရားအသစ် တိုးသည့်ပြင်၊ ယခုဘဝ၌၊ အမှားအညစ်ကို မပျိုးဘဲ၊ ဘုရားရှိခိုးလျက်–ပျော်စရာ ကောင်း လှ၏၊ ချော်ကာစောင်းပို့ အလွဲကို မလိုက်ကြနှင့်၊ ဖော်သဟာ အပေါင်း နှင့်၊ င,နဲ တသိုက်ကြီးဟာ၊ ဖဲ,ကက်,ဝိုက်၊ ဒိုင်ခံ၍လဲ နေဖွယ်မဟုတ်ဘူး၊ သေမယ်အလုပ်ကဖြင့် ရက်နီးလှပေါ့၊ ကြက်ကြီးကို မ,လို့လဲ၊ ဝိုင်းလယ် မှာ မထိုင်နှင့်၊ တိုင်းနယ် ခရိုင်ကပေမဲ့၊ ဘရုတ်ဘရက် ညံလို့၊ အချုပ်လက် ပြန်နှင့်၊ အမြန်မကြာ ဖမ်းသည့်ပြင်၊ သံသရာလမ်းမှာလဲ၊ ဇကန်နှစ်အုံး မယ်၊ ကြွေအန်ပဆစ်–အနီထောင် များကိုလဲ၊ ဖီရှောင်သွားနော်–စိတ်တောင်

မဝင်နှင့်၊ လိပ်နှစ်ကောင်–ဆင်ရယ်လို့၊ အာပေါင် မကြောက်မရှက် မြည်တတ်သော၊ ကြာပြောင်–ဂျောက်ဂျက် ဆီကိုလဲ–စောင်းကာ မရှုသည့်ပြင်၊ ညောင်းညာမှု–အဆစ်တွင် ကိုက်တတ်တဲ့၊ စစ်တုရင်တိုက်ကိုလဲ၊ ဝါသနာမထုံနှင့်၊ တညာညာ အုံလို့၊ သဲသဲရုတ်သော၊ ကျွဲနဲ့အရှုပ်၊ နွားပြိုင် အခမ်းအနားဆီမှာ၊ ဓားကိုင်ရမ်းကားတဲ့ အကောင်တွေကလဲ၊ ကမြင်းသနှင့်၊ ရှောင် သွေကွင်းနော်၊ မိုက်ညာဏ် မလှစ်ဖို့၊ ပိုက်ဆံပစ် မျောက်ပန်းလှန်ငဲ့ပြင်၊ နောက် သရမ်းအကြံ၊ သုံးချပ်ဖဲတို့ကလဲ၊ ရှုံးတတ်သဟဲ လို့၊ မျက်စိမှိတ်ပေမဲ့၊ လက်ရှိကြိတ် အတင်းထိုးတတ်ခဲ့၊ တစဉ်းကျိုး၊ ဟုတ်–အဖျားမှာချီလို့၊ တုတ်သမား ပလီတဲ့၊ ညာဝိုင်းကျပြန်တော့၊ ချာထိုင်းအ–အမြင်မနပ်သူတွေဟာ၊ ဖျဉ်ပတ်လို့ လျှောက်ပြန်သွားကြရတယ်၊ နောက်ဉာဏ်များအသစ်ကြံတို့ကြောင့်၊ ပစ္စုပ္ပန် ဘယာကပ်သည့်ပြင်၊ အနာဂတ်မှာလဲ ဒုက္ခတခုပဲနော်၊ ရှုပ်စွအမှု နံ့ဖျင်းမျိုးထဲမှာ၊ ခုံညင်းထိုးလဲ အပါအဝင်ပဲ၊ သပြာမင်တယ်လို့–အလွဲကို မကြိတ်သင့်ဘူး၊ မဲလိပ်ကယ်လို့ ၁၂ ခု ပေါ်ပြန်တယ်၊ တကယ့်အမှုနော်–သွား မပေါးကြနှင့်၊ အလကား ပေးတာက တော်တော်ရှိသေးရဲ့၊ မြော်ခေါ်ကြည့်လျှင်၊ အမှားမပါဘု၊ ကုလားအရာတွေ ဉာဏ်ဆန်း ကြွယ်တာကတော့၊ ရှုံပန်းထယ်မှာ အထူးကပ်၍ ထားပေသော၊ မူးမတ်စေ့အများ၏ အနီးမှာ ချဉ်းလို့မို့၊ ကြေးဝါကွင်း တစ်ပဲ လေးခုနှင့်၊ မနဲ တွေးရှုကာ ပစ်၍ သွင်းသော်လဲ၊ ရစ်ကွေ့ဆင်း မြေပြင်မှာသာ တယ်တော့တယ်၊ သေချင်ပါသဟယ်လို့၊ တောက်ခေါက်သွားကြရတယ်၊ နောက်နောက်များ–သာမျိုး တွေ့ပေမဲ့၊ အချာအဆိုးပော့လို့၊ အချင်းချင်း ဆောင်လျက်၊ ကင်းကင်း ရှောင်နော်၊ အမှားကို မတိုးမိစေနှင့်၊ ကစားတမျိုး ရှိသေးဟယ်၊ ကောင်းတဲ့အလုပ် ထင်သလား၊ ပြောင်းနဲ့မှုတ်လျှင်၊ စက်ဝိုင်းကို လှည့်ရော့၊ ချက်တိုင်တဲ့လို့ စာအမှတ်ကို ထိလေတော့၊ အသာ ဖတ်ကြည့်လျှင် အဖိုးတန်တာ မဟုတ်ဘူး၊ တမျိုးကြံကာ လုပ်တဲ့ အရာဆိုးတွေနော်၊ သဟာမျိုးကိုလဲ မကြည့်ချင်နှင့်၊ သည့်ပြင်က အကျိုးယုတ်ခွင့်မှာတော့၊ ထိုးတုတ်နှင့် ဘလီကစားငဲ့ပြင်၊ ဘီလား လှဲ့ရယ်လို့၊ ပန်းကန် အုပ်ပြီးလျှင်၊ ဉာဏ်ရှုပ်တဲ့ အပွေနည်းတွေကလား၊ ပေသီးတမျိုး ရှိသေးတယ်၊ ထိုးမိ

လျှင် မပြန်လမ်းဘဲ ကံစမ်းဆိုတဲ့ အရပ်လယ်ကတော့ တုတ်သွယ်ပြီး နေရာပြသဟော့၊ ငွေသာချလျှင် တကတဲ စားရအောင်၊ အသဲယားတို့ တလွဲသွားရော့၊ ငနဲ ကြွားပလီဉာဏ်တွေကို၊ ဖီဆန်ကာ၊ ကွင်းသွေတဲ့ ပြင်၊ သင်းကြွေနှင့် စာဖေ–မေတို့ကလဲ၊ မောသေသေ–လုပ်သမျှကလေးဟာ၊ ပြုတ်ကျပြီး အမြဲ မှတ်ပေရော့၊ ဖဲချပ်လောက် အရပ်ကားကလေးတွေက တုတ်ဖျားနှင့် လောင်းကာ ထောက်ရပြန်သတဲ့၊ ကောင်းသာမပေါက်–စက်ဝိုင်းမျိုးပဲနော်၊ ချက်တိုင်းထိုးပေမဲ့–ထိုက်တန်တာကို မတွေ့ဘူး၊ ပိုက်ဆံကသာ တော့တဲ့ အလုပ်တွေမို့၊ မရှုပ်လေနှင့်–အကျိုးလှမဟာ ထင်သလား၊ မိုးကျလာလျှင်–မျက်တွေခုတ်ပြီး၊ ရွက်လှေအလုပ် အလောင်းထိုတနဲကလဲ၊ ခေါင်းကိုရွှဲတောင်–အတင်းကိုင်တုံးပဲ၊ မြင်းပြိုင်နှင့်–လှေနှစ်ခု အလှော်ငဲ့ပြင်၊ သေလုသနော်–အူအဆိုင် ကွဲလောက်ကဲ့၊ လူပြိုင်ပွဲရယ်လို့–အပြေးတချက် ရှိသေးတယ်၊ သွေးနက်သည့် သူအပေါင်းတို့သာ–ကုလားဖြူခေါင်းနှင့် အတူလောင်းကြတယ်၊ မပြုရှောင်းနော်–ပိုက်ဆံတစ်မျှ မကုန်စေနှင့်၊ မိုက်ဉာဏ်ရှိသမျှအစုံ–ကဗျာတင်ပြခဲ့ပကော၊ သာမည–ဉာဏ်သောင်းကျန်းကလေးတွေကတော့၊ ကြံလောင်းတန်း–သုံးစီးကို မျိုတဲ့ပြင်၊ အုန်းသီးကို–ဖင်ဖြူပိုင်းလို့မို့၊ မြင်သူတိုင်း–တကတဲ ကျွေးပါရော့၊ ပွဲဈေးမှာ–တွဲစုလျှောက်တတ်တဲ့၊ ဘဲဥပေါက်–လူရှုပ်လှောင်ကလေးတွေကတော့၊ အူပုပ်အောင်–အရမ်းစားလေတော့၊ ဝမ်းသွား၍ မသေရုံ ကျန်တတ်တယ်၊ အခြေဂုဏ်ခံ–စကားမပြောနှင့်၊ ဘုရားဟောကို ကြည့်ရှုကြပါလျှင်၊ ဝိသုကရယ်လို့–အပြစ်ထူး ပေါ်လိမ့်မယ်၊ မဖြစ်ဘူးနော်–ဘော်လုံးကန် ဂေါ်–လီ သုံးဆယ်ခြောက်ကောင် ကစားကို မလိုက်ကြနှင့်၊ ဘုရားကြိုက်မှ–သတ္တဝါတွေ ကောင်းတော့မပ၊ သပြာငွေလောင်း–ရှိသမျှ အချက်တွေကို၊ စိငအောင် ရောစွက်၍၊ အမြွက်မျှ ယခုပြောရလျှင်၊ ဂရုဒေါသ ဖြစ်မှာ အမှန်မို့၊ လှစ်ခါချန်–အကုန်ခြွင်းသေးရဲ့၊ အစုံ ခပင်း ကစားအတတ်တွေကြောင့်ဖြင့်၊ တပြား တချပ်မျှ မပါကြစေနှင့်၊ သပြာငွေမနေဟာ–အကြောင်းမဲ့ မဟုတ်ဖူး၊ မကောင်းတဲ့ အလုပ်ကို၊ အခါခါ ဖိဖျက်နော်၊ ငြိတတ်သော ဉာဏ်အဘိဇ္ဈာနှင့်၊ ကြံစိတ်ဖြာ၊ အပါယ်ကို မရောက်ရအောင်–ရှာစား နိဗ္ဗာန်ပေါက် ဖွင့်။

## ပါထာတိပါတာ

အထက် ပြဆိုခဲ့သော၊ စကား သရုပ်အတိုင်း၊ မကောင်းတဲ့ အလုပ်ကို အခါခါ ဖိဖြတ်နော်၊ ပါထာတိပါဠ်ကို တခါပြအုန်းမယ်၊ ဗောလ အသုံးရှုး တွေက၊ နှစ်လုံးပြူး ဆောင်ယူသွားပြီးတော့၊ တောင်က, ငူခြားနှင့်၊ မြိုင်ကျယ် အရပ်ဆီမှာ၊ စိုင်,ဒရယ်,ဆတ်၊ ကျားဝံ,သစ်တွေပါ၊ အားသွန်ပစ် အမြင်ကို မရှောင်ဘု၊ သမင်ပြောင်–အလွတ် ဖြတ်မပြေးနိုင်ဘဲ၊ ဖွတ်,ပဒတ်ကလေး ကိုတောင် ရမှုလိုကြတဲ့၊ အကုသိုလ်ရယ်လို့ မစွဲပိုက်ဖူး၊ အမဲလိုက်မှာ အပြေး လျင်တဲ့၊ ခွေးသမင်တွေနှင့်–ဝနေကို ပတ်လို့မို့၊ သေနတ်နှင့် မတွင်ကျယ် နိုင်ဘဲ၊ ပင်လယ် ခရိုင် ရဂုံရိပ်တဲ့ အစောင်းမှာ၊ ချုံပိတ်ပေါင်း အရှုပ်တိုးဖြတ်တဲ့၊ မုဆိုးမွဲတွေက–အပုံရှိသေးတယ်၊ ဆုံမိလျှင် မကွင်းပိုက်ဘူး၊ အတင်းလိုက်ပြီး နင်းရိုက်တာပဲ၊ ဖျင်းမိုက် အမျိုးယုတ်တွေဟာ၊ တန်ခိုးနုပ်ပြီး၊ ပုဆိုးစုတ်နှင့် ညှိုးကုပ်ခါ၊ ချောင်ကြားမှာသာ ကိုင်ရတယ်၊ ရှောင်ရှားပစေ၊ သာမျိုးကလဲ ကြောက်တော့၊ တံငါမွဲချောက်၊ ဖျင်းမိုက်ကန်းတို့ပေမဲ့၊ ရင်းပိုက်တန်းနှင့်၊ ဆင်းနှိုက်စမ်းပြီး–အတင်းလိုက်ဖမ်း၍၊ ချောင်းရှုပ်ပွေသည့်ပြင်၊ ဆောင်းအုပ် တွေ ရမှုက်သဲပုံကတော့၊ ငနက်မွဲကလေးတွေကို၊ အသက် စဲရှော့ဟယ်လို့၊ တချက်ထဲ သီတန်မှာ သွင်းလိုက်ကရော့၊ ဖီဆန်ခြင်း ခမျာမလှုပ်နိုင်လို့၊ အသာကုပ်ပြီး အစာလုပ်ခံရတော့၊ တံငါယုတ် ဆိုးချာချာတို့ကြောင့်၊ မျိုး ဘာသာ ရှေးကမပျက်ဘဲ၊ ချွေးမ,သမက်ကယ်လို့၊ တံငါတွေ အိမ်မှာဖြစ် တော့၊ ခမျာ ရေတိမ်မှာနစ် သနားစရာ နေရောပ၊ ငါးရှာချေလို့၊ အတင်းခိုင်း တာကို မပြုမှဖြင့်၊ ကမြင်း ဗိုင်းတာဟု၊ ဆဲကာ ညို့မဟာကြောင့်၊ မလွဲသာ လို့၊ အပြစ်ဘယာ ထိလိမ့်မယ်၊ မေတ္တာရှိ အသီးအသီးထားကြသော၊ သမီး ရည်းစားတောင် အလွယ်တကူ မကြံနှင့်၊ ရွယ်တူ မှန်ပေမဲ့၊ အမျိုးအမည်ကို စစ်လိုက်အုံး၊ အကျိုးအရှည်ဖြစ်ဖို့ ဆရာ ဟောပြပကော၊ အပါယ်ကျဖို့ အရမ်း မပြုကြနှင့်၊ သန်းဥတောင် မတုပ်ကောင်းပေဘု၊ ဤအကြောင်းကံ ပထမကို၊ ကြံဆဖို့ မခြွင်းမချန်ဘဲ၊ သနင်း အရဟံ–ထေဘဂဝါက၊ သေအချာ ဟောခဲ့ သည့်၊ ဒေသနာ သဘောတရား အစဉ်ကို လမ်းထွင်တော်မူစမ်း။ ။

## အဒိန္နဒါန်

ဤကဲ့သို့ တရားအစုနှင့်၊ သန်းဥကို မတုပ်ကောင်းပေဘု၊ တပုဒ်ပြောင်း၍ အဒိန္နဒါန် လွဲအုံးမည်၊ တကြိမ် တဖန် ကဘဲ၊ စာဖတ် မပျင်းကြနှင့်၊ ဘဂဝါ မြတ်သနင်း ဘုရားရှင် ဝစီဟာတဲ့၊ ငါးပဥ္စသီလ အဖိုးတန်ငှဲပြင်၊ တမျိုးဉာဏ် ထွက် လုပ်ကြသော၊ အက္ခစုတ္တဝိသုကံရယ်လို့၊ ကြည့်ရှုလှန် ရှေ့မှာပေါ့၊ တွေ့သာတွေ အကုန်မှတ်နော်၊ အပုံစပ်ဖို့ အရိုက်ကျန်သေးတယ်၊ ဒိန္နဒါန် အမြဲယုတ်ပုံကတော့၊ ချိန်မမှန် မဲအကျုတ်မှာ၊ ငနဲရှုပ်တွေ အလွဲလုပ်ပြီး၊ ကျွဲဖြုတ်လို့ ဆွဲတုတ်တဲ့၊ အမှုတမျိုးငှဲပြင်၊ အနုခိုး ဉာဏ်မှားမှောက်တွေ က၊ လုံ့ဓားကို မကြောက်ဘဲ၊ ထရံများ ဖောက်လို့၊ ပြန်သွား လျှောက်– အစ်ရှာဖွေပြီး၊ ရှိတာတွေ သူ့မထားဘဲ၊ လူအများကို အပူပွားအောင် ယူသွား တဲ့ စောရတမျိုးကတော့၊ တောကသူခိုး အနံ့တန်းကပဲ၊ ဒဂုန်မန်းတွင် နပ် သွေးနှင့် မိုက်ကြတဲ့၊ ကတ်ကြေးကိုက်–လူညာသမားတွေကတော့၊ ဘူတာ ရထား အထွက်မှာ တွယ်သည့်ပြင်၊ အကွယ်လယ်– ဆွဲယူစရာ လှသဟော့ လို့၊ တွဲဘူတာက–အနိပ်ကြံထုပ်ပုံပြီး၊ တိရစ္ဆာန်ရုံ အရှုပ်သို့ တပတ်လှည့်မှ ဖြင့်၊ ကပ်မိသည့် ခမျာများမှာဖြင့်၊ ပြာရထားဆိုက်သလို နေစရာပ။ မိုက် ဗိုလ်ခြေ အသင်းလုပ်လို့၊ ဝါးရင်းတုတ်နှင့် နားတွင်းစုတ်အောင်၊ အတင်း အုပ်ပြီး၊ နင်းဖြုတ်တဲ့ အကောင်များကလဲ၊ မှောင်ခြား၌ တယ်မပြတ်ဘူး၊ တွယ်ကပ်ခါ သူခိုးအလုပ်နှင့်၊ အကျိုးယုတ်ကိုချည်း အကြံပြုနေတဲ့၊ ဉာဏ် နုတဲ့ အပါယ်စာတို့လို၊ ဘယ်အခါမှ–အမိုက်ကို မသိနှင့်၊ နှိုက်မမီ ခိုးဝှက် ဉာဏ်တွေဟာ၊ ကြိုးလက်ပြန် နှံကာချည်လို့၊ ပန်ချာပီ ကုလား ပုလိပ်ကြီး တွေက၊ အသွားနိပ်သည့် မြင်းနှစ်ကောင်နှင့်၊ ရထားပိတ်ပြီး အတင်းဆောင် မှဖြင့်၊ မကွင်းရှောင်နိုင်တဲ့ အတွင်းထောင်မှာ၊ နားရင်းတောင် ပုတ်ခါစစ် သတဲ့၊ ယုတ်မာညစ် အကျိုးဖျက်တွေနော်၊ မခိုးမဝှက်နှင့် အမျိုးကို ရှက်မှပ၊ အဆိုးဖက်လို့ ပေချင်သမျှ အပေါင်းတွေဟာ၊ သေ,ရှင် နှစ်ဝ မကောင်း– လမ်းမှန် ဂတိသို့ မဝင်နိုင်ရ၊ ကျမ်းဂန်အရှိ တင်၍ တလှဲ့ကြားသဖြင့်၊ နှစ်ဆယ့်ငါး–ခိုးခြင်းကို၊ စိုးစဥ်းမျှ–အလွှာကျန်ဦးမည်၊ နာနာဘာဏ် ပဥ္စက နှင့်၊ ထင်ကရ ရှေးဆရာ ပြန်ခဲ့သော၊ ဧကဘာဏ် ပဥ္စကောတို့ပါ၊ အမြင် ပေါ်သူ စာတတ် သိလောက်ကဲ့၊ သာဟတ္ထိ ပဥ္စကာဟု၊ ရှင်ဘဂဝါ ထုတ်ပြန်

ဟောခဲ့သည့်၊ ပုပ္ပပရောပဋ္ဌကံငဲ့ပြင်၊ ခွင့်မကျန် သေချာစွာ ပြပြန်တော့၊ ထေရာဝဟာရ–ပဋ္ဌက ရယ်လို့၊ ပလ္လင်ကြွ–လျှံပြောင်လွင်က၊ မာရ်အောင်ရှင်–သမုတ် ဟောခဲ့သည့်၊ တပုဒ်သော–တရားအစုကို၊ ငါးခုစီ တိုးချဲ့ပွားသောကြောင့်၊ ခိုး နှစ်ဆယ့်ငါး–ဖြာဖြာ ပွင့်ခဲ့တယ်၊ နာနာနှင့် ဇကဘဏ်မတော့၊ တွေးဆရန် များများ မရှိဘူး၊ ငါးပါး၏ စဆုံးနှံခဲ့သည့်၊ ဆ,သုံးရန်–ပါဠိဖွေသင့်၏၊ အာဒိရေ–တရားအစနှင့်၊ အများက–ဠာဏာစာဝေးရတဲ့၊ ရှုကာသာ တွေးကြတော့၊ နောင်အမေး–အကျယ်မဖွင့်သာဘာ၊ အလွယ်နှင့်–သာစုကို ကြေသင့်ရဲ့၊ သာပုဒ္ဓေး တခါပြန်တော့၊ သာဟာတ်နှင့်–အာနတ်ကို ရှုသည့်ပြင်၊ စာဖတ်သူ သိလျက်ရှိပေလိမ့်၊ နိသဂ္ဂိအတ္ထသာနှင့်၊ မှတ်ကြပါ–ခူရနိုက်တဲ့၊ ဖြူစွစိတ်–လာမကပ်သော၊ သာဟာတ်ကို ထုတ်ပြ ဟောတာပဲ၊ ပုဗ္ဗပယော–တလီ ယူပြန်တော့၊ အမည်တူ–ငင်းတပါးနှင့်၊ အကြောင်းတရား–သဟာပယောငဲ့ပြင်၊ သံပိတော–အစဂ်ကို ပြပြီးလျှင်၊ သင်္ကေတနိမိတ္တံဟု၊ ရှိစိတ်ဖန်–ဖွေကာသာ ပြလိုက်သည့်၊ ထေရာဝှါယ၊ အကြောင်းဖွင့်ပြန်တော့၊ ငင်းနှင့် အမည်တပါး တပ်သည့်ပြင်၊ သည်အနားမှာကပ်၍အလွယ်ပါသော–ပသယှာ ပရိကပ္ပနှင့်၊ ပဋိစ္ဆိန္န–ကုသဝဟာရယ်လို့၊ ဗုဓအရာ–ထိုးထွင်းချဲ့ပွား လုပ်ပြီးလျှင်၊ ခိုးခြင်း နှစ်ဆယ့်ငါးသရုပ်–သာတွေသိအောင် စာပေကြည့် မပျင်းတွဲနှင့်၊ အသင်းလွဲတွေမှ ရှဲနော်၊ ဆင်းရဲပို့–အဖော်သဟာတွေ စုလိမ့်မယ်၊ သည်အမှု မကောင်းဖြစ်ရအောင်၊ ရှာစား–အဋ္ဌကထာအကြောင်း ဖွင့်တော်မူစမ်း။

## ကာမေသု မိစ္ဆာစာရက်

ဆင်းရဲဖို့ ဘယာတွေ စုလိမ့်မယ်ဟု၊ ကာမေသု မိစ္ဆာကံကို၊ စိတ်ဖြာဉာဏ်အကျယ် ပြောဦးမည်၊ နှစ်ဆယ်သော အဂမနိယတို့ကို၊ နစရိတရယ်လို့၊ မြတ်ဘဂဝါ ဟောခဲ့သည်၊ စတ္တာရော သမ္ဗရာတဲ့၊ ဉာဏ်ချာချာ၊ အမြင်မသေးကြနှင့်၊ အင် လေး၀–စရာစုံမှဖြင့်၊ ကာမဂုဏ် စိတ်လာသန်သူတို့ဟာမိစ္ဆာကံ မုချသင့်ပါရှေ၊ ထုတ်ပြခွင့် ဉာဏ်ရှင်းစရာမို့၊ ချန်ကွင်းခါ– စာလုပ်၍ မပြခဲ့ဘူး၊ သာရဋ္ဌပေတ ကထာ၌၊ သေအချာ အညီရှိလေရဲ့၊ ဝီသတိနှစ်ဆယ့်သဘောလိုတော့၊ ချဲ့ဟောမည်–ပဋိညာဉ်ကြောင့်၊ ရဝိယာဉ် လျှမ်းပျံ

တက်သည့်နယ်၊ ကျမ်းဂန်ထွက်–ရေးပြ တင်တော့မည်၊ မွေးဖခင်, စောင့်စည်း မလစ်သောကြောင့်၊ သကောင့်သမီးချစ်၊ အမှီပြုရသော၊ ပိတု ရက္ခိတ, မည်သော မိန်းမတစ်ယောက်။ မွေးမိခင် ထိန်းကျောင်းဘိသဖြင့်၊ တိမ်းစောင်းမရှိသော၊ ကလျာနုဟု၊ မာတုရက္ခိတ မည်သောမိန်းမ တစ်ယောက်၊ ဘ,မိ,စုံ အုပ်ခါ ချစ်သောကြောင့်၊ ယုတ်မာညစ်–အမှား မလိုက်ဘဲ တစ်ပါးနှိုက်–မရှုဆ,သည့်၊ ဥဘယရက္ခိတ မည်သော မိန်းမတစ်ယောက်၊ မောင်အကြီးသိမ်းဆဲထားသောကြောင့်၊ ယိမ်းလွဲမှား–အရာကို မပြုသည့်၊ ဘာတုရက္ခိတ မည်သော မိန်းမတစ်ယောက်။ အစ်မကြီး–ထိန်းအုပ်ပေးသောကြောင့်၊ ကိန်းရှုပ်ပွေ–အမှားကို မသင့်စေဘဲ၊ တရားနှင့်–အညီ ညှိတာတ်သည့်၊ ဘဂိနိရက္ခိတ မည်သော မိန်းမတစ်ယောက်။ အမိ–မောင်–အစ်မ လစ်သူမို့၊ ဘဝညစ်–ညှိုးခွေလေတော့၊ မျိုးဆွေတို့–ခမာကို ကြည့်ရသောကြောင့်၊ ဉာတိရက္ခိတ မည်သော မိန်းမတစ်ယောက်။ မျိုးအဆွေ တကယ်မစစ်သော်လည်း နွယ်အမြစ်–စပ်ရုံ ပါသူတို့–ပတ်ခြုံကာ–ထိန်းအုပ်ပေသောကြောင့်၊ ကိန်းရှုပ်မှားအလွတ်ကို မကျစေဘဲ၊ ဂေါတ္တရက္ခိတမည်သော မိန်းမတစ်ယောက်။ ဘုရားကျောင်းကန်–တူပျော် သွားကြသော သူတော်များ–ရိပ်ပြုမှီ၍၊ ဘိက္ခုနီ–ပရိဗ္ဗာဇ ကံတို့အား၊ အမိအရာကို နှံ၍၊ အဘလို မက်ပေသည့်၊ ဓမ္မရက္ခိတ မည်သော မိန်းမတစ်ယောက်။ ကာမဂုဏ် ဓာတ်–ဗလဝ ဖြိုးအောင်၊ ဖသသ စိုး–မကွာအဖက် ရှိပေသော၊ သာရက္ခိမည်သော မိန်းမတစ်ယောက်။ သားခင်ပွန်း အပိုင်ရှိလျက်ကနှင့် မနိုင်သည့် ရာဂ အပူကြောင့်၊ မာသကကိုမြှု၍–ဒည့်ခံရာသဖြင့် ပြည့်တန်ဆာ တမျှရှိသော–သပရိဒဏ္ဍာ မည်သော မိန်းမတစ်ယောက်။ ကြွေးပစ္စည်း–မြီမကင်းသောကြောင့်၊ ဖိကွင်းရန် အချက်မရှိလှသဖြင့်၊ ဓနက္ခိတ မည်သော မိန်းမတစ်ယောက်။ နှစ်ဦးစုံ–သဘောညီသောကြောင့်၊ လောကီ၏ မာန်ဗလနှင့်၊ လှုံ့ကြွ၍ နှံ့သသည့်၊ ဆန္ဒဝါသိနီ မည်သော မိန်းမတစ်ယောက်။ အိမ်ထောင်မှုုး ဘဏ္ဍာကိုယူ၍၊ ကြံရာတူ မနှောမျှပေသည့် ဘောဂဝါသိနီ မည်သော မိန်းမတစ်ယောက်။ ဝတ်အကျီ–ထဘီပဝါတို့နှင့်–အကြည် အသာပတ်ခါ ခြုံပြီးလျှင်–ဓာတ်ကာမုံ–မျှကာ ညှိပေသည့်၊ ပဋဝါသိနီ မည်သော မိန်းမတစ်ယောက်။ စုံလက်ညှိုး–ရွှေနခက်တို့ကို–ရေခွက်တွင်–ဆေါင်းကာ ထပ်လို့မို့၊ ၎င်း ဇလာဓာတ်–မကွဲသလို၊

အမြဂဟော–ချစ်ကြတမ်းဟု၊ သစ္စာပန်း–ပြောစမှတ် ညှိသဖြင့်၊ ဩဒကပတ္တကိနိ–မည်သော မိန်းမတစ်ယောက်။ အသက်မွေး–ဖျင်းပေရာသူမို့၊ ထင်းခွေကာ–လိုအင်ကို ဖြည့်ရသော၊ ငြိုငြင်သည့်–မယ်ဒုက္ခကို၊ ကယ်ဖြုတ်ရန်အကြောင်းပြုပြီးလျှင်–ခေါင်းခုကို ပစ်ခါထားစေ၍၊ အချစ်သဟာမယား–သဘော မျှလိုက်သော–ဩပဋ္ဌစုမ္ဗ မည်သော မိန်းမတစ်ယောက်။ ဥစ္စာဟာအမွန်ထားသောကြောင့်၊ ဆုတ်ခွာကာ–လွန်မသွားနိုင်သည့်၊ ကျွန်မယား–အမည် ရသော၊ ဒါသီစဘရိယာ မည်သော မိန်းမတစ်ယောက်။ အိမ်မှုကိုလုပ်ဆောင်ပေးရာက–အုပ်ရှောင်ထွေး–အနု ချုပ်ပေသည့် အမှုလုပ်မည်သော၊ ကမ္မကာရီစဘရိယာ မည်သော မိန်းမတစ်ယောက်။ အမြို့မြို့–ပြေခွင် နဂရာ၌ သေနင်္ဂါ–ဆူညာ အုံပြီးလျှင်၊ ဗျူဟာစုံ စစ်ချီတက်ရက၊ ချစ်ကြည်လျက်အမျှပါခဲ့လို့၊ ဓဇဟတာ မည်သော မိန်းမတစ်ယောက်။ တာရှည်စွာ အရှိန်အလျှံ မပြဘဲ၊ ရာဂမီ တစ်ကြိမ်–တစ်ဖန် အမှုနှင့်–ချိန်စံအရှု–မေတ္တာပြေပြီးလျှင်၊ ပစ်ခွာသွေ ပြုလုပ်ဘိသောကြောင့်၊ မုဟုတ္တိက မည်သော မိန်းမတစ်ယောက်။ အဲ.... ၄င်း ကြောက်မက်ဖွယ်–ယခု နှစ်ဆယ်မယားတို့ကို၊ ဖယ်ရှားကာ–စိတ်မှာတောင် မရစ်နေနှင့်၊ မိစ္ဆာမှောင်အပြစ် ပယောဂါတောင်မကင်းမှုဖြင့်၊ ကောသလမင်း အသည်းပူတဲ့၊ ၎ရဲသူ ဒု,သ,နတို့လို၊ ရှုဆကြကေန်အမှုနော်၊ အမွေခံမပြုနှင့် အကဲမလှဘူး၊ ၎ရဲက လွတ်လာပြန်တော့တောင်၊ ဝဋ်နာကျန် အကြွင်းဆက်လို့မို့–ကွင်းအကွက်တွေဟာ၊ အပြင်းထွက်သောကြောင့်၊ အဆင်းပျက် ရုပ်ပါမွဲပြီးလျှင်၊ နူနာအရွဲ–ကုဋ္ဌအဖြစ်ဖြင့်၊ ပြုတ်ချအဆစ် ခြေလက်တို့၍၊ အရေထွက်စို–ရင်တလျောင်းလျောင်းနှင့်–မြင်မကောင်းတဟောင်း၊ အော့အန်စရာ ဖြစ်လိမ့်မယ်၊ ဆော့ဉာဏ်တဏှာ–ညစ်–တာတွေကို မပြုနှင့်နော်–ကာမေသုကို–စိတ်ဖြာအံ၍ မိစ္ဆာကံ–အခြားမဲ့၌၊ တရားရွဲ့အနုစကား မဆိုနှင့်၊ သူ့မယားကို မျက်စောင်းလှည့်ခဲ့လျှင် မကောင်းသည်–အပြစ် ဘယာကပ်မဟာကြောင့်၊ (ဆရာ) မေတ္တာစာတ် ရိုက်။ ။

## မုသာဝါဒကံ

မုသားကို အချုပ်တစ်ဖန် ပြောအုံးမည်၊ မဟုတ်မမှန်သော အထည်ကံကို၊ ပလီဉာဏ်သသော အတွက်နှင့်၊ ပြောမြွက်တိုင်း ထွေးမှား ထင်ရှားမှုဖြင့်၊ လေးပါးအင်္ဂါ ပြည့်လပ်ခဲ့သောကြောင့်၊ လှည့်ပတ်တဲ့–ညာဏ်နမှားတွေ

ဟာ၊ ကံမှသား ငြီလျက် မပြတ်ကြသဖြင့်၊ ဝိပါက်ကဋ္ဌတ္တာနာမက္ခန္ဓာ ပေါ်ပြီးလျှင်၊ အဘက်ကြံရာ မျှော်၍၊ လျှပ်တစ်ပြက်တည်းတောင်–သက်သာ မရနိုင်သော၊ ဓာတ်ပွက်မီး ငရဲလောင်ကျလျက်၊ အလွတ်အပြင်း ခံပြီးလျှင်၊ လွတ်ကင်းပြန်သော်–ချွတ်ယွင်းသဏ္ဍာန် မွဲငယ်နှင့်၊ ဝင့်ကြွင်းတစ်ဖန် ဖွဲ့၍ ရှုကြည့်မလှသည့်ပြင်၊ ပုတိကဆက် ပြုလုပ်ပုံက၊ ကြက်ဥပုပ် မစင်ညစ်ပမာကဲ့သို့၊ ကြင်ချစ်စရာ တစ်ပါး မကပ်ဘဲ၊ သွား သထပ် ရုပ်ဆိုးဖွယ်တွေနှင့်၊ ပြုတ်ကျိုးလွယ် နုစဉ်က ယွင်းတတ်လို့၊ ပြုပြင်ရခြင်း တစ်နာရီမှ မအားနိုင်သော၊ ဝါဒီအမှား မှသားကို မပွေနှင့်၊ စကားအခြေမှန်၊ ဟုတ်တာကို ပြောကြစေသဖြင့်၊ ဘုရားဟော နိတတ္ထလမ်းမှန် အစစ်မို့၊ (ဆရာ) ကျမ်းဂန်ကို လှစ်။ ။

## သုရာမေရိယက်

အထက် ဖော်ပြခဲ့သည့်အတိုင်း၊ ဝါဒီအမှား မှသားကို မပွေနှင့်၊ သုရာမေကိုလဲ–ပြစ်ပယ်ထားနော်၊ ယဓ်ဆယ်ပါး–ဂိုဏ်းတွေတွေတို့ကို၊ ထိုင်းဝေစေ–ရောက်လိုစိတ်နှင့်၊ သောက်မျိုကြိတ်၊ ဝင်ကာ ပြေးသွားမှုဖြင့်၊ အင်္ဂါလေးပါး–မှုလာ မကျန်သောကြောင့်၊ သုရာကံ တကတဲ ထိုက်ပါရော၊ အလွဲလိုက်–လူ့ပါမွှားတို့၏၊ သုရာငါး–ထင်စွာ အခြေနှင့်တကွ၊ ပဥ္စာမေ အရိပ်ပြလိုက်မည်၊ ပိဋ္ဌပုဝဩဒနကိဏ္ဏသမ္ဘာရာ၊ ပုပ္ဖဖလ–မဓုက၊ ဂုဠသမ္ဘာရာဟု၊ ဉာဏ်ရာကာ သံခိပ်ချုံးလိုက်မည်၊ ဗြဟ္မာမှာ ကြံစိတ်အုံးစို့ရဲ့၊ ခံပိတ်ဖုံး–နှစ်ထပ်မပြမှုဖြင့်၊ အမှတ်ရ အချုံ့ခက်လိမ့်မည်။

(၁) မုန့်ညက်တတန်၊ မုန့်တဖန်၊ ချဉ်ပြန် ထမင်းဟောင်း။
(၂) သေမျိုးစေ့ရေ၊ မှတ်ကြလေ၊ တထွေ မုန့်ညင်းပေါင်း။
(၃) ငါးပါးသူရာ၊ သခေ်ပါ၊ သေချာ မှတ်ဖို့ကောင်း။
(၄) ပွင့်သီးနှစ်ချက်၊ မုဒရက်၊ နေ့ရက် ကြာမြင့်အောင်း။
(၅) ကျန်ရန် ထုံငြား၊ တို့တပါး၊ ရှိရှား မျိုးသောင်းပြောင်း။
(၆) မေရိယငါး၊ မှတ်စေသား၊ ဆယ်ပါး နှစ်ခုပေါင်း။

ဟု မကောင်းစွာ ညစ်ညှိုးခွေတတ်သော ယဓ်မျိုးတွေ မုန်သမျှတို့ကို၊ မနံကြနှင့်၊ ဟာန်မရဘူး၊ မြန်အာယု ပြုတ်မှုဖြင့်–သာစုကိုလုပ်တဲ့–အလွဲကောင်တွေဟာ–ငရဲလောင် ဒယ်အဝမှာ၊ အမယ် တ ပေမှဲ၊ ဆယ်မရ

ဘူး–မကယ်ကြတယ်လို့–သူများကို အပြစ်မဆိုနှင့်၊ မူမှားအညစ်ကို–ဘောက်မဲ့ ပြုသတုံး၊ ကြောက်ဖွယ့် အမူကိုးလို့–မသေခင်က မှတ်ပါလား၊ ပေအင်ထပ်လို့ ငရဲကို ကျတော့ကမှ၊ အလွဲကို တ လို့–နေရာမရောက်ဘူး၊ ပြေကာပျောက်–လွတ်ကင်းပြန်တော့တောင်၊ ဝဋ်ကြွင်းကျန် ပြုကာ ထ ပြီးလျှင်–ဘုံဌာနတွင် နုံချာလှအောင်၊ ဉမ္မာဒ–အရူးဖြစ်သည့်ပြင် ထူးသစ်သောကံ အမျိုးတွေက၊ လျှံအခိုး–တလူလူနှင့်၊ တဆူဆူပွက်ခါ ထ သောကြောင့်၊ သက်သာမရ တညှိုးညှိုး ခံသည့်၊ အမျိုးမျိုးကံ မကောင်းမှု စရိုက်တွေဟာ၊ အကြောင်းတစ်ခုဍ္ဍ ကပ်လျက် မပါမှ၊ နတ်ထက်ရွာ–ဗိမာန်မှာ ကြွားသည့်ပြင်၊ နိဗ္ဗာန်တံခါး ဇကန် ပွင့်လိမ့်မည်၊ ပွေညဏ်နှင့် သဘောမဲ့သူတို့–ဟောခဲ့သော ရှောင်စရာ တရားတို့ကို၊ ယောင်ခါ မှားလို့မှ၊ မပြု မပြောကြနှင့်၊ ယခုဟောခဲ့သော တရားအလာကို၊ အများသတ္တဝါ–ကပ်မှာ စိုးလေတော့–(ဆရာ) သဒ္ဒါမိုး ရွာတော်မူစမ်း။ ။

## မေတ္တာကံ

ယောင်ကာ မှားလို့မှ၊ မပြု မပြောကြနှင့်၊ ယခုလောက–ရှေးနှင့် မတူဘူး–ဘေးသင့်သူ အလွန်များခဲ့ပြီ၊ အမှန်တရား–ဟုတ်တာကို မမက်ဘဲ–ဥစ္စာအတွက်–ကာလ ကုန်ပြီးလျှင်၊ ရာဂမုန်–ရစ်ဖြိုးဝေကြလို့–ပြစ်မျိုးတွေ–သို့ကလောက် ထပ်တာပ–မြို့အောက်ရပ် ဟံသာနယ်တစ်ခွင်မှာ၊ ကံမှာတကယ်ပင်–ပြောစရာ ဖြစ်သော၊ ရောဂါသစ် ပြေးစိုင်း ပါပကော–မေးနှင့်ချိုင်း အပြင်–ပေါင်ခြံ အတွင်းဆီမှာ၊ အလောင် ထန်ပြင်း၊ အကြိတ် ပေါ်၍၊ ပလိပ်ခေါ် ရောဂါကပ်ကယ်လို့၊ ပြောစရာအမှတ်–သုံးရက်လောက်နှင့်၊ ဆုံးသက်ပျောက် လက်တလော သေရတယ်–ဓာတ်သဘောတွေ အနန္တဟာမို့–ကြံမရ နှလုံးအိုက်ရာက–ဘုန်းမကိုင်ဋ္ဌ ဘဂဝါ ဟောတဲ့–ရတနာတယောဟာ ဆေးမြတ်အကျော်ပဲလို့၊ တွေးမှတ်ဖွယ်–တရားကိုယ် လှည့်မိတော့–သနားဖွဲ့သတ္တဝါတွေကို၊ မှတ်ပါစေ–အကြောင်းပြုလိုက်သည်၊ မကောင်းမှု–ဟောသာ အရပ်ရပ်တို့ကို၊ စောကာမပြတ် မပြတ်–အရေးယူ ပယ်ကြလျှင်၊ ချေးမြူ မတွယ်အောင်၊ ရတနာပရိတ်ကို သုံးကြမှ–ကျေးရပ်ရွာအလုံးသို့–ကပ်ပလိပ် မလာသည့်ပြင်၊ နတ်မိစ္ဆာ–ကာဌ ဘီလူးတို့ကြောင့်၊

ကြာပြီဘူး–ဓာတ်လျှော့ဆင်းပြီးလျှင်၊ လတ်တလောချင်း–ဖျာလိပ်ကို ဝင်၍၊ ရှာရိပ်ပြင်–သုသာန် အမို့ဆီမှာ–ပုပ်နံ့ မစို့ပေမဲ့၊ ဒုက္ခ ပျို့လေတော့၊ မြုပ်နှံပို့ ခများကို ချရသော–င–ကာလ ဆိုင်ခံ အဟောင်းကြီးဟာ၊ နိုင်ငံအပေါင်းသို့ မလာ မမှုန်းနိုင်ဘု၊ ရတနာသုံး တန်ခိုးအတွက်ပဲနော်–တစ်မျိုးအချက်ဟု တွေးလို့ မကြံကြနှင့်၊ သွေးပျို့အန်–ဝေ မူးကြပြီးတော့–အသေ ထူးသမျှ–ထိတ်လန့်ဗျာပါ မပေါ်ခင်က–စိတ်သန့်စရာကို မြော်မြင်၍–အိမ်ဂေဟာကို ရှင်းသဖြင့်–စိန္တေယျာမင်း–ထွတ်တင်ပြခဲ့သော–ဗောဓ္ဈင်္ဂ မြတ်ဓမ္မာနှင့်၊ ဥတ်ကမ္မဝါ ဖတ်ခါ ကုရလျှင်–သတ္တဝါတစ်စုတို့ ရုပ်နံ့အတွင်းမှာ–ကပ်ဘယာ ပြုဖို့၊ ဒုက္ခ ကင်းလိမ့်မည်–ဟုတ်မှန်မယွင်း အကယ် မှတ်ကြပါလျှင်၊ ပါယ်ရပ်မှာ တိခါလှန်၍၊ ဝိမာန် ပါသာဒတို့နှင့်–ဗျာပါရအမှုကို ဆီးသည့်ပြင်–ယခုလည်း အပြစ်ဘယာ ဖြတ်ပါစေလို့၊ (ကိုင်း ဆရာ) မေတ္တာဓာတ်ရိုက်။ ။

## ရေးမေတ္တာစာများ

အထက်အညာ မတ္တရာက မွေးမာတာ ဒေါ်ဆိတ်သည် အောက်ပြည်၌ နေသော သားမောင်ချိတ်နွယ်ကို လွမ်းဆွတ်သဖြင့် သီတင်းကျွတ်အခါလောက် ကို သား အရောက် လာစေကြောင်းနှင့် စာအကြောင်းကြားလိုက်ရာ–

သားရတနာ မောင်ချိတ်က၊ စာအိတ်နှင့် သေအချာ၊ မွေးမိခင် မာတာကို၊ ရှိသေစွာ ဖြစ် အပျက်နှင့် အချက်ကျ အဖြာဖြာ၊ သားတက်ပု ခမျာမှာ၊ ဖျားရောဂါ စွဲကပ်၍၊ ဆရာပေါင်း အထပ်ထပ်ဖြင့်၊ ရောစပ်ခါ ကုသ၍၊ ကျွန်တော်အား ဗဟုသုတဖြစ်ကြောင်းကို၊ လူအပေါင်း သိသာ တော်မူရန် မေတ္တာခံ စာအားဖြင့် ရှိသေစွာ ကြားလိုက်ရပါသည် မွေးမိခင်။

## ရေးပေးလိုက်သော စာမှာ အောက်ပါအတိုင်း ဖြစ်သည်

သတ္တရာဇာန်ကြူး–မြင်းမိုရ်ဦးမက–ကျေးဇူးတော်ကြွယ်တဲ့ မွေးမယ်မ။ သားလှ သက်လှယ်၊ အရောင် ဖိတ်တဲ့–ငချိတ်နွယ်သည်–မွေးမယ်တို့က– ပို့သသော မေတ္တာကြောင့်–ကျွန်တော်မှာကား မာပါငဲ့။ သည်းချာရွယ်နှ– ချစ်ပေါင်းစုတဲ့ တက်ပု–ကျုပ်သားမှာ–ဖျားရောဂါ စွဲကပ်၍၊ အရပ်တွင် သမား၊ ရှစ်ယောက်ပင် ထား၍၊ ကုစားသောအခါ၊ (မှော်ဆရာ ဦးအစ်)က၊ လက်လယ်တွင် စမ်းဖြစ်၍၊ ရွာအစစ်ပဲ–အလွဲမထင်ကြနှင့်၊ အစွဲကို ခေါ်တဲ့ လို့၊ အော်လိုအော်–ငေါက်လိုငေါက်–ဖျာများကို ခေါက်လို့မို့၊ ပေါက်လူ ကမန်း၊ လက်ဝါးကြီး ကြမ်းကြမ်းနှင့်၊ ဖြန်းခနဲ နှက်–လူနာကလဲ တက်– သမားကလဲ ထက်သနင့်၊ ခက်ရချည့်ဆရာ၊ ကျွန်တော်က ဆိုကာမှ၊ မှော် ဆရာ ဦးအစ်က၊ အော် မဟာစ် နေသောခါ၊ (တောဆရာ ဦးသာရွှဲ) က၊

လူနာကဲ ခတ်တဲ့၍၊ ကျပ်ပါကလား ဆရာ–အကဲခတ် မှားတော့မပ၊ လက်တား၍ ကြည့်ဗျ၊ ဘယ်ရွာမှ–မဟုတ်ဘူး၊ လက်ဆုပ်ကို အမြင်သားနှင့်၊ ကြက်သားကို ရအောင်ရှာ၊ နံနက်ခါ မိုးသောက် နေမွန်းတိ အချိန်ရောက်ကို၊ မီးခေါင်ပေါက် ဖိုမနှင့်၊ တောင်အရပ် ဒေသကို၊ ကျွေးရလျှင် ပျောက်ပါရဲ့၊ ဘဲ့လောက်မှ–မကုန်ဘူး၊ တစုံမ ငါးမူး–ကြေးတို့ အိမ်အောက်က၊ ကြက်ပြောက်ကို၊ ဓားမောက်နှင့် လဲခဲ့ဘာ–တစ်မတ်ထဲ ကျတော့၊ စားလိုက်ရတာ နှစ်ရက်၊ တစ်ခွက်တောင် ကျန်သေးရဲ့၊ အတန်တန် ဦးသာရွှဲက၊ ကြက်သဲကိုသော ဘာသောနှင့်၊ ကျွေးရတာလဲ မောပေါ့၊ ဘယ်တော့မှလဲ မဟုတ်၊ (ဦးသာတုတ်ကဝိန္ဒာ) ကိုးမှော်ချုပ် ဆရာကလဲ၊ စက္ကူနှင့် အင်းချ၊ ပြာရအောင် မီးဖုတ်၊ တစ်ဆုပ်လောက် အင်းပြာကို၊ အခါခါ တိုက်သော်လဲ၊ ရောဂါနှင့် မကိုက်၍၊ အင်းတိုက်သာ ကုန်လို့မို့၊ သည်ကုပုံလဲ အလွဲ၊ ဗိန္ဒောခွဲ (ဆရာနှင်း) မတော့၊ သတင်းမှာ ကျော်ပါရဲ့၊ ဆေးဖော်ပြီး မရှိ၊ သူပြောသည့် စကားမှာ၊ ဘုရားကို ဆွမ်းလှူ၊ ကိုးဆူကို ဆွမ်းကပ်၊ အရပ်အားလုံး၊ ဂြိုဟ်သက်က သုံးသောကြောင့်၊ ဆေးလုံးကို မစားနှင့်၊ ဘုရားကိုသာ ကိုးကွယ်ရာဟု–ပြောရှာသောကြောင့်၊ အမေလေးသား–ဘုရားပေါင်းစုံလို့မို့၊ ဆန်များဖြင့် အတော်ကုန်ပေါ့၊ သည်ကုပုံလဲ မရ။ ကဝိထွတ်ခေါင် (ဆရာမောင်) လည်း–ပြောင်လှသည့် သျှောင်ချွန်းနှင့်၊ ဆရာ အနားမှာ၊ ခပ်ကားကား ထိုင်ပြီးလျှင်၊ ဇာတာကို ဖတ်၍၊ ကြက်ခြေခတ် အင်းသား၊ ဂဏန်းသွား သေချာနှင့်၊ တွက်လိုက်သည့်အခါ–ဇာတာ၏ အထွက်မတော့၊ အသက်လည်း မသေ၊ သူနာ၏ အခြေမှာ–ခု သေမတတ်၊ အပေါနှင့် မထပ်၍၊ အပြောရ ကတ်သောကြောင့်၊ ဆရာမောင် ပညာတတ်က၊ အမ်း–မတ်မတ် နေသောအခါ၊ (ဓာတ်ဆရာဦးထွန်း) ကလည်း၊ ထန်း–အုန်း–ဂျုပ်၊ ဓီးဝါမုန့်သီး ဆိုလား၊ အဲသည် နည်းအရနှင့်၊ ကုသသောအခါ၊ ဝေဒနာ မတော်၍၊ ခပ်ချော်ချော် ဆရာများနှင့်၊ ပြောလိုက်သည့် စကားမှာ၊ ရေပုတ်ရွာ မရွှေမြစ်၊ ဖျားရောဂါ ဖြစ်တုန်းက၊ မန်းကျည်းနှစ် အဖျော်နှင့်၊ ကျုပ်ကော်၍ ပြန်ခဲ့၊ ကလကံ မင်းသမီး–သီးသီးနှင့်ရောက်၊ သဟာနှင့်ပဲ ပျောက်ကရော့၊ အနောက်က ရှင်သဲဓံ၊ အုန်းရည်နှင့် လှန်ခဲ့၊ နောက်တစ်ဖန် ဆရာမောင်၊ တဝမ်းလုံး ရောင်တော့လဲ၊ ဗျိုးမောင်ရဲ့ဓာတ်၊ နောက်ထပ်၍ မပေးဘူး–တနပ်နှင့် အေးနေကြ၊ တေက်ပု–သည်ကလေးတွင်မှ၊ ဒြပ်ဖြင့် မသေး

ရန်–ကျုပ်အသစ် ကြံတော့မပ၊ ခက်ထန်သည့် ဝေဒနာ၊ မန်းကျည်းမှည့် ရှာချေဟု၊ ခိုင်းစေ၍ အရတွင်၊ ခွက်လှလှ ကြီးကြီးနှင့်၊ မန်ကျည်းသီး ရည်ဖျော်၊ သင့်လျော်အောင် ဆားခတ်၍၊ သည်ဓာတ်ကို ပေးသော်လည်း၊ အဝေးကြီး မပျောက်၊ ရောက်သီးတောင် နောက်သေးရဲ့၊ နောက်ထပ်လဲ မကြား၊ ဆားတဲသား (ဆရာလှဲ့) လာရှိခဲ့သည့်အတွင်း၊ သတင်းကလည်း အတော်–နောက်နောက်က ကျော်သောကြောင့်၊ ပင့်ခေါ်၍ ပြသ၊ သူနာ၏ ကာယကို၊ သေအချာ ရှုဆ၍၊ မရဘူး သည်လူနာ၊ အခါခါ ဆရာပြောသော် လည်း၊ လေ့ကျွဲစီး ကုပါဟု–သူနာကို လွှဲအပ်မှ၊ (ဆရာနီ) ပညာတတ်က၊ နာနှပ်၍ အပြီး–တစ်ကျပ်တန် ဆေးကြီးကို၊ တစ်ခွက်တည်း ပေးသောအခါ ဝေဒနာကလည်း အဆင်း၊ ဆေးကလည်း အသွင်းနှင့်၊ ပက်ပင်းပါ ဆုံကြ ၍–ကျွန်တော်၏သား၊ ဆေးဆရာ ပယ်ရှားသောကြောင့်၊ မွေးမယ်ကောင်း ရပ်ထံ၊ သားသက်နံ့ ခါတစ်ခေါက်မျှ၊ မရောက်နိုင် ဖြစ်ပါ၍၊ စနစ်ကုန် ဇာတ်လှန်ပြီး၊ စာနံ့ကာ ပေးလိုက်ပါသည်၊ မြင်းမိုရ်တောင်ဦး မကကြျူးသည့် မွေးသမိခင် မွေးဖခင်တို့၊ ခင်ဘုရား။ ။

## ဦးကောင်းက အောက်ပြည်၌ နေသော တူတော် လာ၍ လည်ပတ်ရန် ပေးသော မေတ္တာစာ

မင်္ဂလာပြည့်ဖြိုး၊ ရေပြည့်အိုးကဲ့သို့၊ မစိုးချမ်းငြိမ်၊ စည်းစိမ်မကွေ၊ သရေ တက်သစ်၊ နေ သူရဇ္ဈ၊ လ,ပုဏ္ဏမီဝယ်၊ ကိုးသွယ်သောတာရာ–အာကာသ နဘာန်၊ ကောင်းကင်ယံ တိမ်တန်းတွင်၊ လှည့်သန်းသော ဥပမာ၊ ရာကျော် သက်ရှည်၊ တည်သည်သာ ဖြစ်ပါစေသောဟု၊ ဩဒိဿ–ပတ္ထနာ၊ မေတ္တာရေ ပေါင်းဖြင့်၊ သွန်းလောင်းလေ့ ရှိသော၊ သိင်္ဂုတ္တရ ထင်ပေါ်၊ ဆံတော်ရပ်ကြီး က၊ ထိုအကြောင်း စကားဖြင့် မှာကြားလိုက်သည်မှာ၊ ကာလံ, ဒေသံ, အင်္ဂ, ခနံ, ပရိ လာဘံ၊ ဤငါးတန်တွင်၊ ဆုတ်တန်သော အချက်၊ ထက်သန် သော အရေး၊ အနေး အလျင်–အတင် အကျ၊ အရ အကွယ်၊ အငယ် အကြီး၊ အနီး အဝေး၊ အလေး အပေါ့၊ အလျော့ အတင်း၊ အရင်း အဖျား၊ အပါး အထူ၊ အပူ အအေး၊ အဆွေး အကာ၊ အမာ အနှစ်၊ အသစ် အဟောင်း၊ အပျောင်း အပျော့၊ အကော့ အကုန်း၊ အလုံး အပြား၊ စကား

ရုံးစည်း၊ နက်မည်း ဖြူပြာ၊ ခြင်းရာ ကျိုးကြောင်း၊ ဆိုးကောင်း ယုတ်မြတ်၊ အရပ်ရပ် အခင်းခင်းကို၊ ဉာဏ်ကွင်းကျ စိတ်ဖြာ၍၊ ဉာဏ်ကွန်ချာ အုပ်မိုး၊ ဉာဏ်ဒိုးလိမ် မွေ့ဉာဏ်၊ ဉာဏ်သင်တုန်း စက်ကဲ့သို့၊ ကွယ်ဝှက် မပိတ်၊ လွှာ၍ စိတ်သည့်နှယ်၊ နှာကြိတ်သည့် ဆေးဆရာ၊ ဝါဖန်သည့် အိမ်ရှင်၊ ဝိနည်းသင် ပုဂ္ဂိုလ်၊ ငွေရည်ကြို ပွဲမင်း၊ လှေပဲ့နင်း တရပ်၊ စောင်းကြိုးတပ် တသွယ်၊ သူရန်လယ် စစ်တုရင်၊ ရွှေနန်းဝင် ဘဝ၊ အင္ဂိရ တအင်၊ ကွန်ဆင်သည့် ဆရာ၊ ဥပမာကဲ့သို့၊ အရာရာကို၊ ပညာနှိုက်နဲ၊ သံမယ်န ဖွဲ၊ နီပထယ် မဲကဲ့သို့၊ အသဲစ ဆောင်းစပ်တွင်၊ အမြဲ ထင်ရမည်၊ ပညာကို လိုလျှင်–မပျင်းနှင့်၊ ဥစ္စာကို လိုလျှင်–မငြင်းနှင့်၊ အငြင်းသန်က ရန်ဖြစ်သည်။ အရစ်မတတ်လျှင် ချောင်သည်၊ အချစ်မတတ်လျှင် ရှောင်သည်၊ အပေါင်းမတတ် လျှင် မုန်းသည်၊ အလောင်းမတတ်လျှင် ဖြုန်းသည်၊ အသုံးမတတ်က ကုန်လွယ်သည်၊ အကုန်းမတတ်က လူရယ်သည်၊ စကားတတ်မှ အပတ် ပြေသည်၊ တရားတတ်မှ မြတ်ချေသည်၊ စကားလှမှ လိမ္မာသည်၊ မယား လှမှ အိမ်သာသည်။ ခုကာလမှာ၊ လောဘကလဲ များ၊ ဒေါသကလဲ ကြွား၊ မောဟတွေ ပွားသောကြောင့်၊ ဘောက်ဘက်ခတ်၊ ဒေါက်ဒက်ရိုက်၊ ဒိုက် ကရိုက် ကြောက်ကြိန်းသွယ်၊ အသွယ်သွယ် အဝဝ၊ တရားနှင့် ပြလိုက်လျှင်၊ သုခသော–ဒုက္ခသော၊ အမေသော အဖေသော–ဆရာကြီးသော၊ ဘုန်းကြီး ပင် ဟောကတဲ၊ ကျောမှ မထင်၊ နံဘေးပြင် စင်လှအောင်ဝေး၊ တစ်လံ လောက် ပြေးကြငဲ့၊ ကာလသူ့အကြံ၊ ကာလသူ့ဉာဏ်၊ ဉာဏ်ပိုးခင်ပျက်– ချည်ဝင် အူထွက်–ကလိန်ခြံပျက်၊ စွက်တဲ့လို့ ကူ၊ သပွတ်အူမှိုက်၊ စာဘူး တောင်းသိုက်ကဲ့သို့၊ ကြိမ်ကြိုက်ရ လောကခံ၊ ပစ္စုပ္ပန် မျက်မြင်၊ မသေခင် ကိုလည်း ပူပင်လောက်လက်၊ ရတက်ကများ၊ ဗျာပါတွေ ပွားသောကြောင့်၊ ခြားရဟတ်လယ်၊ ငရဲငယ် အတူ၊ ပူပါဘိ၊ ဗလချိ ဗလနဲ၊ တဏှာ ဝင်မွှဲ မှာ၊ ကျွဲလူးသည့် အလား၊ မယားချော အရေး၊ သားချော အရေး၊ အရှင်မင်း အရေး၊ လင်ရင်းရေးကြောင့်–ခွေးရူးသန်လည်၊ ဆောက်တည်မရ၊ သောက ထပ်လိမ်၊ မီးအုန်းသည့်ကြိမ်ကဲ့သို့၊ ညှိုးမှိန်မထယ်၊ အပူအိုးကို–ကြိုးတပ် လို့ လွယ်သည့်နှယ်၊ ကိုးကွယ်ရာ မရှိသဖြင့်၊ သေရင်လဲ ကတိုက်ကရိုက်၊ လိုက်ရမည် အပါဆွဲ၊ ငရဲမင်းလက်သား၊ ဆီးကြလာ–ဖမ်းကြလား၊ ကူပါ

လား၊ ယူပါလား၊ မိုးဦးကျ ဖားတွေလို၊ ရေပူမှာ ဗရပွတ်၊ တစ်ချက်တည်း စွတ်သည့်နှယ်၊ မလွတ်ရ အခါခါ၊ ပြုချင်ရာ ပြုလုပ်၊ တင်းပုတ်နှင့်ဖျင်း၊ ခက်ရင်းနှင့် လှံမ၊ ဆွသူ ဆွ၊ ထိုးသူ ထိုး၊ ကိုးရိုးကားရား၊ နွားလိုပင် အော်ကတဲ၊ မသေဘဲ အဖန်ဖန်၊ ကမ္ဘာလေ ဖျန်းလိုက်ပြန်လျှင်၊ ရှင်ပြန်ရသည့် ပကတိ၊ ခလုတ်ထိမှ အမိတ၊ နင် အာဂလူ၊ ကျွက်ကျွက်ဆူ ကြေးပူရေ၊ တထွေ ထို့ပြင်၊ လက်ပံပင်၊ ကြိမ်ပိုက်ချောင်း။

ငင်းပြင် တဝ၊ လွှကြီးနဲ့ ငင်ဆွဲ၊ လေးစိတ်ကွဲ ရှစ်စိတ်ဖြာ၊ တစ်နည်းမှာလည်း၊ ကျွဲ၏ပမာဏ၊ လင်းတကြီးတွေ စီအရီ၊ ပနီရော–ပမဲရော၊ ပမွဲ ရော၊ သောသောတက်မျှ၊ ခြေကလျှောက် ခေါင်းကနင်း၊ လည်ရင်းနှင့် လည်တံ၊ မျက်ဆန်ကို နုတ်၊ လျှာကို ထုတ်ဆွဲ၊ ဝမ်းကို ဖောက်ခွဲ၊ အသဲကို ချူ၊ အူနှင့် များလျား၊ နွားဖျက်သည့် ဥပမာကဲ့သို့၊ ကြံရာ မသိဘဲ၊ အပါယ်ငရဲမှာ၊ ရောက်သူသာ များချေသည်။

တထွေ ထို့သွင်၊ ရိက္ခာထုပ် ပြင်သည့်နှယ်၊ ပညာမှုတွင် သီတင်းသုံးမိ၊ သတိ ကူညား၊ ဤသူများမှာ၊ တရားတော် ပြတိုင်းပင်၊ ဘုရားဝင်, ကျောင်းရောက်၊ ဇရပ်ဆောက် မကြွင်း၊ ပခွင်းခံ ရှင်ပြု၊ ဆင်းတုနှင့် စာပေ၊ ပဒေသာနှင့် ပြာသာဒ်၊ သက်န်းကပ်နှင့် စာရေးတံ၊ ရေကန်နှင့် ရေတွင်း၊ တံတားခင်း ဘုရားတယ်၊ ဆွမ်းတသွယ်နှင့် ရိုရယ်သနတ်၊ ထောပတ်ဆီဥ၊ လှူမှုမပျက်၊ လက်ဖက် ကွမ်းဆေး၊ အလှူပေးရ၊ သီလစောင့်သူတွေ အပေါင်းမှာ၊ နောက်နောင်း သံသရာ၊ အပါယ်မှ ကွာကြ၍၊ စတုမဟာရာဇ် တာဝတိံ၊ နိမ္မာတဝ၊ ဝသဝတီ နတ်ပြည်ခြောက်ထပ်မှာ၊ ဘုံပြာသာဒ် အဆင့်ဆင့်နှင့်၊ ဝင့်ချင်တိုင်း ဝင့်–ဝါချင်တိုင်း ဝါ၊ နတ်သုဒ္ဓါ–နတ်ဘောဇဉ်၊ လိုချင်သမျှ ဣစ္ဆာကို၊ ပဒေသာမှာ အသာဆွတ်၍၊ ဝတ်လိုဝတ် စားလိုစား၊ ငါးပါးသော တူရိယာကို၊ အခါခါ မှုတ်တီး၍၊ နတ်သမီးတွေ နတ်သားတွေ၊ ဆယ်ကုဋေ ကိုးကုဋေ၊ ခြွေရံပတ်လျက်၊ နတ်သဘင် အလယ်မှာ၊ စံပယ်ရမည့်အကြောင်း ဖြစ်ချေသည်။

သို့ရာတွင် ကြာတင်ကာလ–မတွေ့ရ မမြင်ရ၊ မြင်ချင်လှသောကြောင့်၊ တသ,သည် တစ်ကြောင်း၊ အောက်မေ့သည့် တစ်စု၊ အစုစုမှာ၊ သဲမြေနမခိုင်တခိုင်ကို၊ လှိုင်းပုတ်လို့ ယိုင်သည့်နှယ်၊ အနိုင်သာ ဖြေတင်း၍၊ အခင်း

ကို ရှာပြန်လျှင်၊ လာလို အနီးကလေး၊ မလာလို ခရီးဝေး၊ ပေးလို ဥစ္စာရှိ၊ မပေးလို တို့မသိ၊ စိတ်ရှိ ကန့်ပလူ၊ စိတ်မရှိ ကြက်သွန်ဖြူ၊ စိတ်တူလျှင် သကာ၊ စိတ်မတူလျှင် တမာ၊ စိတ်လာလျှင် တဟီဟီ၊ စိတ်မရှိက ငြီးစီစီ၊ စိတ်ညီလျှင် သင်ဖြူး၊ စိတ်မညီလျှင် ရှောက်ဆူး၊ စိတ်ကူးလျှင် နေ့တိုင်းတွေ့၊ စိတ်မကူးလျှင် တစ်သက်မေ့၊ စိတ်တွေ့ ပဏ္ဍိတာ၊ စိတ်မတွေ့ လူ့ဗာလာ၊ အရာရာ အရေးရေး၊ အကြောင်းသင့်၍၊ အခွင့်ပေးတော့၊ တွံတေးက စဥ့်အင်နှင့်၊ ဒလတွင် ငဖယ်ခြောက်သော်မှ၊ အညာရောက် ဆန်သေးသည်။ ... ခုမှာကော ဗျာ၊ လူရင့်မကြီး၊ ခရီးမြေတာ၊ ဘယ့်ကလောက်ကွာတယ်လို့၊ စာကိုလည်း မရောက်၊ လူကိုလည်း မပေါက်၊ တကယ်စင်စစ်၊ ဦးရီး ချစ်ပါလျှင်၊ သုံးနှစ်ကြာ လေးနှစ်ဝေး၊ မတွေ့အောင် ပြေးသည့်နှယ်၊ စိတ်အေးချမ်းပေ၊ နေနိုင်ရမည် မဟုတ်ပါ၊ သဘောလာ အူစင်း၊ မောင်မင်းကေန်၊ ချစ်ပါသည် မှန်ပါလျှင်၊ စာဆောင်သူ ဆိုက်ရောက်က၊ တစ်ခေါက်ကဲ့ မြန်မြန်၊ ဦးရီးထံသို့၊ ကြံဖန် ကြိုးစား၍၊ ရွှေသား လာရောက်ပါမည့်အကြောင်း၊ မှာကြားလိုက်ပါသည် တူမောင်။ ။

## အရပ်ခေါ် အမည် ကိုမြိုင်၊ ဇာတ်ခေါ် အမည် လူပြက်ကိုမန်းမြေ ရေးသော အမြွတ်တော်ကြေး လေးဆယ် ထပ်တွန့်[ ကုက္ကိုပင် အဓိပ္ပာယ် ]

(၁၂၆၃ ခုနှစ် ရေးသည်။)

(၁) သည်ပြေမှာ–ခိုစရာ နဲကြပေါ့၊ အမေအို ဆိုကာ ဆဲပြန်တော့၊ ကြိမ်နဲ့မချို့ အထက်တဘောင်ဝယ်၊ အိမ်ခွဲပို့ ခက်အောင်ကွယ်။ ။

(၂) သတိ ရကြပေတော့နော်၊ မရှိကြဘဲနဲ့ဖြင့်၊ ဒွိဟ ထင်အောင် ပျဉ်ထောင် တိုက်တာ အမြင့်ငယ်နှင့်၊ ဇတိလ သွင်ဆောင်–လွင်အောင် ဝိုက်ခါ ဝင့်သူတို့၊ စားချင့်ဓိပ္ပာယ် ဝါဆိုပွဲပါကွဲ့၊ ဒြပ်ပေါ်လေသကွယ်– အမြွတ်ငွေကလဲ မနဲပေဘူး။ ခွဲသရွေ့ မလျှော့ပါကို လေကွယ်၊ ပွဲ တွေ့တော့ တယ်။ ။

(၃) မွဲစဖွယ် ကြိမ်လာ တကယ် အဟုတ်ပါဘဲ၊ လုံငယ်ကို အိမ်ရာ တကယ်လုပ်ရမတဲ့၊ ပင်ကုက္ကို အဓိပ္ပာယ် နိမိတ်ဆွယ်လို့ ထုတ်ဟာနဲ့၊ အရိပ် ငယ်ကြပေါ့ မုချမလွဲ၊ စရိတ်မကျယ်ကြနှင့် ကုတ်မှာဘဲ။ ။

(၄) စရှပ်ပုံ၊ မဘုတ်ဆုံ သွင်အလားပါကွဲ့၊ တင်ပါးရာ မြေကိုဝယ် လို့၊ ထင်ရှားစွာ အခြေတွယ်ရမတဲ့၊ အရှေတကယ် ပစ္စည်းတာရှည် များ ချင်ကြတာဖြင့်၊ ငွေသကြွယ် ချစ်တီးဟာတွေနဲ့ဖြင့် မကြွားလိုက်ကြပါနှင့်၊ အလကားသက်သက်၊ အမြွတ်ငွေကလဲ ခွဲတာမို့၊ အစားမြက်မြက် ပစပ်ပေါ် အရေကမလဲ မတဲလိုက်ရပေဘု၊ အမှားသက်သက် ဒြပ်ပေါ်လေသမျှ လွဲ ပါလိမ့်၊ ထင်ရှားစရာ ကြွားကာ မလှိုင်းကြပါနှင့်၊ တင်ပါးဟာ ထွားကာ ကျိုင်းသူတို့ကို၊ အမယ်မင်း ပေတိုင်း၍ ယူမှဲ၊ လက္ခဏာ အမှန်မလွဲ။ ။

## ပဘာဝတီ ဆုံးမခန်း

နားထောင်ဟဲ့ သမီး–အမေ ပြောမယ်၊ အကွဲ့ မျက်စိ–တွက်ကြည့်–အသက် ရှိစဉ် အခါက ယိုစီးနေလိုက်တာ၊ မျက်ဝတ်တဲ့–မျက်ရေတဲ့၊ ရက်ရှေသမျှ မျက်နှာသစ်နေလို့သာ သက်သာရစ်ထာကလား၊ လက္ခဏာအစစ်က အပုပ်။ အဟုတ် သဘောကျပြီး၊ သောတ–နားမှာ ကြည့်အုံး၊ တရားမရှိလို့ မာန် ကြွားတာ၊ ရွံစရာ အရာတွေကို တွေးပြီးတော့၊ နားဖာချေးတဲ့၊ နားပြည်တဲ့၊ အများ မသတိကြတဲ့ သဘာဝ။ ဃာန–ဆို နှာခေါင်းက၊ အပေါင်းအစု ထွက်တာ၊ လက္ခဏာ တင်ကြည့်တော့၊ မက်စရာ တစ်မျှင်မှ မရှိဘူးအေ့၊ ဘင်အထိ ပြည့်တဲ့အိုးလို၊ အသိုးအပုပ် မသတိစရာ။ ဇီဝါ လျှာခေါ် ပစပ်က၊ မပြတ်ယိုစီးပြီး နေလိုက်တာ၊ ချွဲခန်းတဲ့–သလိပ်တဲ့–တံတွေးတဲ့၊ တဆိတ် ကလေးမှ မကောင်းတာ၊ အကြောင်း ရှာကြည့်တော့၊ အပုပ်ကပဲ၊ အပုပ်တက အပုပ်ဟာ၊ မဟုတ်တက–မဟုတ်တာ။ ရုပ်ခန္ဓာအစစ် (ဝစ္စ) နှင့် (ပဿာဝ) ကတော့၊ နှစ်ဌာန စီးပြီးတော့၊ ကျင်ကြီးတဲ့ ကျင်ငယ်တဲ့၊ မစင်ကြယ်သမျှ အပေါင်းအစုတွေဟာ၊ လှတယ် ယဉ်တယ်လို့များဖြင့်၊ အကြောင်းပြု မနေ ပါနှင့်၊ ညေ့ တစ်ကိုယ်လုံးဟာ၊ အကောင်းတစ်ခုမှ မရှိဘူးအေ့–သမီးရဲ့... လို့၊ ဆုံးမသည်ကို ထောက်၍ ကြည့်ပါလျှင် သတိကောင်းရဖို့ တရားအစဉ် မက်ပြီး၊ လက္ခဏာရေး တင်လျက်၊ နေ့ရက် ကုန်စေရမယ် သမီးရဲ့။ ။

*

**စော** ။ ။ ဂရုဓမ္မ တရားအကြောင်း ဖော်ပြတာက နား မျက်စိ ရှိသော လူကြီး၊ လူရွယ်၊ လူငယ်တို့ မှတ်စရာကောင်းပေတယ်။ သတိထား

စရာတွေလည်း ကောင်းပါတယ်။ ပိဋကတ်အသွားမျိုး ဆိုတော့ ဖတ်လို့လည်း ကောင်း၊ ကျက်လို့လည်း ရလွယ်ပေမည်။ ရသည့်အတိုင်း ကျင့်နိုင်ကြလျှင် အပါယ်လမ်း ပိတ်ကြမှာပေါ့လေ။ ဒါထက် ပဘာဝတီ ဆုံးမခန်းမှာ မာန်မာနကြီးသော မိန်းမများ မှတ်စရာ၊ သတိပြုကြစရာ ကောင်းလှပါသည်။ ဒါပေမဲ့ ပါရမီကံ မရှိကြပါက ဖတ်သော၊ နာသော ဘဝက လွတ်ကြမည် မဟုတ်ပေဘူးဗျ။

ရုပ်စုံ ကျင်းပသောအခါ ဇာတ်ကွက်ဆိုက်လျှင် ရွတ်ဆိုပြရန် ကူးပြီး ကျက်ရအုံးမှာပဲ။ ဆရာထွေး ဆိုတာ ဘယ်မြို့ကတုံး ဆရာကြီး။

'ပဲခူးမြို့ ညောင်ဝိုင်းသား ဇာတိတဲ့ဗျ။ အဖ ဦးရွှေပု သား ဖြစ်ပါသတဲ့။ ဦးရွှေပုသည် အတော် ဗဟုသုတ များလှသော ကျောင်းဒါယကာကြီး ပေဗျ။ ဆရာထွေးသည် ကျုပ်တို့ ကိုအံဇာ ညီအရင်း ဖြစ်တယ်။ သဘောကောင်း၏။ ပညာရှိ လူကြီးများကို မှီဝဲဆည်းကပ် ပျပ်ဝပ်လေ့ရှိသူ ဖြစ်ပေသဗျ'

**စော** ။ ။ ဩော်... ကျွန်တော်တို့ ကိုအံဇာ ညီ ဖြစ်ပေသကိုး၊ လူချင်းတော့ မတွေ့ရဘူးပါ။ ကိုအံဇာ အဖ ဦးရွှေပုသည် မှော်ဘီမြို့ ကိုအံဇာ အိမ်၌ပင် အနိစ္စရောက်၍ မသာပို့လိုက်ရပါသေးတယ်။ ဒီစာဟာ ဆရာထွေး လက်ထဲက ရတာလား ဆရာကြီး။

'မဟုတ်ပါ၊ ကိုအံဇာထံမှ ရ၍ မပျောက်မပျက် သားသမီးများ၊ တပည့်သူငယ်များ ကျက်မှတ်ကြရန် သိမ်းဆည်းထားခြင်း ဖြစ်ပါသည်'

**စော** ။ ။ နို့ ဆရာကြီး၏ ဒေသန္တရအကြောင်း ရေးသည်ဟု ကြားရပါသည်။ ဒီစာများ ရှိပါသေးရဲ့လား ဆရာကြီး။

'ရှိပါရဲ့။ အပျင်းပြေ ခရီးသွားရင်း ရေးသော စာအရိုး ဖြစ်ပါတယ်။ ရော့... ဖတ်စမ်းပါလေ'

## မော်ဘီဆရာသိန်းကြီး ၁၂၇၃ ခုနှစ် မွန်ရာဇဝင် ပဲခူးမြို့နှင့် ဆိုင်သော စာများ အရှာသွားသည့်အကြောင်း

ဟံသာဝတီ၊ ပဲခူး၊ သထုံ၊ မုတ္တမ၊ ဝါကရုမြို့များနှင့် ဆိုင်သော မွန်ဘာသာဖြင့် ရေးသားထားသော ရာဇဝင်ဟောင်းများကို ကတိုးကော့နပ်ရွာ ကျောင်းဒကာကြီး ဦးနာအောက်ထံတွင် ပုရပိုက်နှင့် ရှိသည်ဟု သတင်းရသဖြင့် ကျောင်းဒကာကြီးထံ သွား၍စုံစမ်းရန် မိမိ ထမင်းသခင် ကြေးတိုင်ဝန် မစ္စတာစတူးဝပ်က စေလွှတ်သဖြင့် ပဲခူးမြို့မှ မော်လမြိုင်မြို့သို့ ၁၂၇၃ ခု ပြာသိုလပြည့်နေ့ မီးရထားနှင့် လိုက်သွားရာ၊ မော်လမြိုင်မြို့သို့ ည ၇ နာရီအချိန် ရောက်၍ မောင်ငံရပ်၌ တည်းခိုပါသည်။

ပြာသိုလဆုတ် ၁ ရက် နံနက် ၇ နာရီအချိန် ကတိုးသွားရန် ကူးတို့သင်္ဘောဆိပ် "ကျား" တံတားသို့ သွားသည်။ ၎င်းတံတားဆိပ်၌ လက်ဖက်ရည်ဆိုင် တည်ခင်း ရောင်းချနေသော အသက် ၄၀ ရှယ် "မဖွား" ဆိုသူသည် ၎င်းတံတားမှာ လက်ဖက်ရည်ဆိုင် တည်ခင်း ရောင်းချနေသည်မှာ ၄ နှစ် ကြာပါပြီ ပြောသည်။ ၎င်းတံတားသို့ ကူးတို့စီးရန် ကြွလာတော်မူကြသော အသွား–အပြန် သံဃာတော်များကို လက်ဖက်ရည် တစ်ခွက်ကျစီ ကပ်လှူရာ၊ သံဃာတော် အရေအတွက် ၇၀၀ ကျော်မျှ ရှိပါပြီ။ ကျွန်မ ဈေးရောင်းသည့်အတွက် ဤကုသိုလ်ပဲ အမြတ်ထားရပါသည်။ အမျှယူပါတော့ဟု ပတ္တိဒါန ပြုလိုက်သည်ကို ပတ္တာနုမောဒန ပြုခဲ့ရပေသည်။

## ၄ ချီး

ကြားရချက် နားထက်မှာတဲ့ အဝင်ချို ။ ။ လေးနှစ်တိုင် စေတနာ ရောက်ပါလို့၊သံဃာတော် ခုနစ်ရာပေါက်အောင်၊ မြောက်တဲ့ကုသိုလ်။ ။ လက်ဖက်ရည် တစ်ခွက် မှန်းပါလို့၊ လှူဒါန်းလျက် မချင့်လို၊ မင်္ဂဖိုလ် သို့ ရောက်ကြောင်း ။ ။ ကျားတံတားမှာလ၊ မဖွား နာမံ ပြောင်းလို့၊ နောက်နှောင်း တွင်ဥဒါန်းပါလိမ့်၊ ဆန်းတဲ့ စိတ်ကောင်း။ ။

ကူးတို့ပို့သော မြန်မာကုမ္ပဏီက ထားသော "အောင်ဒီပါ" ခေါ် သင်္ဘော လှေ့ဥ၍ ကူးတို့စီးသူတို့ တင်ဆောင်ပြီး ဈေးကြီးတံတားကမှ တစ်ဆင့် ဘားအံကိုပို့သော "အောင်သီတာ" ခေါ် ကူးတို့သင်္ဘောသို့ ပြောင်းရွှေ့ စီးနင်း၍ ကတိုးရွာကို လိုက်ရသည်။ သင်္ဘောခ တစ်မူးသာ ပေးရသည်။

မြန်မာကုမ္ပဏီတို့က ၎င်းသင်္ဘောခ ငွေများကို အရပ်ရပ် ကုန်စာရိတ် နုတ်၍ မြတ်သောငွေကို ရတနာသုံးပါးကို လှူဒါန်းချီးမြှောက်ကြသည်ဟု သင်္ဘောစီးသူတို့ ပြောကြသည်။ သာမဏေနှင့် ရဟန်းတော်များကို သင်္ဘော ခလွတ် တင်ပို့လှူပါသည်။ အသက် ၆၀ ကျော်သူများကိုလည်း သင်္ဘောခ မရှိ ပို့ကြောင်းကို ပြောကြပါသည်။ မြန်မာသင်္ဘောမှာ ခေါင်းတိုင်အဖြူရစ် နှင့် ရှိသည်။ ရေဝတီသင်္ဘောမှာ ခေါင်းတိုင်အနီရစ်နှင့် ဖြစ်သည်။

## ၂ ချီး

ရဟန်းရှင် လိုအင်ဝ ပြည့်ရေး ။ ။ သက်ခြောက်ဆယ် ကျော်သမျှကို ခလွတ်ခွင့် ပေး ။ ။

## ၄ ချီး

မြန်ရော နှစ်မည်ပို့၊ ကူးတို့တဲ့ နာဝါ ။ ။ ကုမ္ပဏီ ဘွဲ့ချီသား၊ ထားရဲ့သေချာ။ ။ ခေါင်းတိုင် နီရစ်တဲ့၊ ရောဖြစ် ကူးတို့ပါ၊ မြန်မာက ဖြူခွဲ ။ ။ သင်္ဘောခ ကိုလ၊ ရထိုက်သူ မြန်မာက၊ ရတနာ ကုသိုလ် မျိုးကို ပျိုးလိမ့်မလွဲ ။ ။

ကတိုးရွာသို့ ရောက်သည့်အခါ ရှေးက ဆည်းကပ်ဖူးသော ဘုန်းတော် ကြီး ဦးပညာသာမိ ကျောင်းသို့သွားရာ မတွေ့။ ၎င်းကျောင်း၌ သီတင်းသုံး

လျက် ရှိသော ဘုန်းတော်ကြီးဦးလက်ာကို တွေ့၍ မေးလျှောက်ရာ နောင်လုံ ရွာသို့ ကြွသွား သီတင်းသုံးကြောင်း မိန့်ကြားတော်မူသည်။ ဘုန်းတော်ကြီး ဦးလက်ာ သီတင်းသုံးလျက်ရှိသော တိုက်ကျောင်းသည် အပြီးမသတ် ရှိ နေသည်။ ကျောင်းဒါယကာမှာ တိဂုံ နောင်တော်ကြီး၏ ထီးတော်ဒါယကာ ဦးမွန်ထော်၏ညီ ဦးကြီး ဖြစ်သည်။ ဘောဂဗလ နိမ့်လျှော့ခါနီးတွင် ကျောင်း ဆောက်သဖြင့် အပြီးမသတ်ဘဲ ကျောင်းဒါယကာ၊ ဒါယိကာမတို့ အနိစ္စ ရောက်ကြသည်။ ယခုပြီးသော အဆောက်အဦအတွက် ငွေပေါင်း တစ်သိန်း ခြောက်သောင်း ကုန်ပြီ ဖြစ်သည်။

ကျောင်းမကြီး အဆောင်အတွင်း၌ အလွန် ကြည့်ရှု တင့်တယ်လျက် ကြည်နူးဖွယ် ဖြစ်သည်။ ကျောင်းတက်လှေကား မကောင်း။ အသစ်ထပ်မံ ၍ မထူထောင်နိုင်လျှင် ထိုလှေကားအတွက် ဥပဒ်ဖြစ်ရန် မြင်သည်။ ရှေး အခါက ကတိုးရွာသည် အိမ်တိုင်း အိမ်တိုင်း ရတနာ ရွှေတောင်၊ ငွေတောင် ပေါက်သကဲ့သို့ရှိ၍ တက်ကပ်ကာလနှင့် တူပါပေသည်။ ယခု အချို့ အိမ် ကြီးများသာ ရှိတော့သည်။ ပစ္စည်းဥစ္စာ လျော့ပါးကြ၍ အတော် ပင်ပန်း ကြလေသည်။ ငါတို့ ဘုန်းကြီးများလည်း အနိုင်နိုင် နေနိုင်တော့သည်။ ဒါယကာ၊ ဒါယိကာမတို့ ကိုယ် စိတ် မချမ်းသာက ငါတို့ရဟန်းလည်း ချမ်းသာမည် မဟုတ်ဟု ဘုန်းဘုရားက မိန့်တော်မူသည်ကို ကြားရသည်။

## ၄ ချိုး

ရွာကတိုး မွန်မျိုးတို့ ပျော်ရပ်ဌာန် ။ ။ ကော့နပ်ပါ အတူတွဲ ပါလို့၊ ရှေးအခါ ကုသိုလ် ကဲရှာကြ၊ သဲတဲ့ ရတနံ ။ ။ သစ်ကုန်သည် သစ်ခေါင်းတို့၊ ကျွန်းသစ်ရောင်း ဝါဏိဇ္ဇ၊ ဖြောင့်မှန်တဲ့ အာဇီဝ ။ ။ ယခု ဖြင့် ပ,ကြပေါ့၊ ဂေဟာ,အမြင် ကျန်တော့၊ ယခင်ဟန် ကုသိုလ်လျှောကျတယ်၊ ကောတဲ့ ခါပ။ ။

ၚင်းကျောင်းက ကော့နပ်ရွာ ဦးနာအောက်ကို တွေ့ရန် သွားရာ လယ်တောသို့ သွားကြောင်း ၚင်းသားက ပြောလိုက်သည်။ ဦးနာအောက် ကိုးကွယ်သော ကျောင်းသို့ သွား၍ မွန်ဘုန်းကြီးကလေးထံ မွန်ရာဇဝင် ယောင်းများ ရှိ မရှိ လျှောက်ထားရာ မွန်ဘာသာ အက္ခရာနှင့် ပိဋကတ်

သုံးပုံ အကုန်ရှိသည်။ လောကီနှင့်ဆိုင်သော စာအမှတ်အသား မရှိကြောင်း မိန့်တော်မူလိုက်သည်။

## ၂ ချီး

လောကီကြောင်း ထုံးဟောင်းနှင့် ရာဇဝင်၊ ဘယ်ခါတွင် မကြည့်။ ။
ပိဋကတ်ကိုလ၊ ကြည့်မှတ်ရန်–မွန်စာဟောင်းမှာ ကျောင်း၌ အပြည့် ။ ။

၎င်းမှတစ်ဖန် ကတိုးရွာ ကျောင်းအမ မရွှေမိ ကိုးကွယ်သော၊ မွန်ဘုန်းကြီး သီတင်းသုံးသော သုသာန်ကျောင်းသို့ သွားရောက် လျှောက်မေးပြန်သော် ကျောင်းနေဘုန်းကြီးက–ဒါယကာကြီး ငါသည် ဤကျောင်းမှာ နေတာ မကြာလှသေးဘူး။ ရှေးက ငါ့ဆရာ ထားခဲ့သော စာတိုက်နှင့် ပေစာများစွာ ပါရှိသည်။ ဒါယကာကြီး ကြည့်၍ ရှာပါဟု မိန့်ဆိုပြီးလျှင် ဘုန်းတော်ကြီးနှင့် ဦးပဥ္စင်း နှစ်ပါးပါ စာတိုက်သုံးလုံးရှိ ပေစာထုပ်များကို ဖွင့်လှစ်၍ တစ်နာရီခွဲတိုင် ရှာဖွေရာ မွန်ဘာသာနှင့် အဘိဓမ္မာ ဝိနည်း အဋ္ဌကထာ၊ သဒ္ဒါ၊ ဓမ္မပဒ၊ ဝိသုဒ္ဓိမဂ်၊ မဟာဝင် စသော ကျမ်းဂန်များကိုသာ တွေ့သည်။ မွန်ရာဇဝင် ထုံးဟောင်းများ မတွေ့ချေ။ ဘုန်းတော်ကြီးက ဒါယကာကြီး မြင်တဲ့အတိုင်းပဲ။ သည့်ပြင် မရှိဘူး။ ရှိလျှင် ငါတို့ အသုံးချနိုင်မည် မဟုတ်။ ငါ ပေးလိုက်နိုင်သည်။ မုဒုံရွာမှာ ရှေးက အမှတ်အသား ကောင်းသော မွန်အဘိုးအိုကြီးများ ရှိတယ်။ ဒါယကာကြီး သွား၍ စုံစမ်းလျှင် ရလိမ့်မည်ထင်သည် ဟု မိန့်ဆိုလိုက်ပေသည်။

## ၄ ချီး

သုံးစာတိုက်၊ ဘုန်းလိုက်လို့ ဖွင့်ပြရှာ။ ။ ဒွေးနှစ်ဖော် ဦးပဥ္စင်းတို့ပါ၊
လင်းပြ သေချာ။ ။ စာထုပ်ရေ ရှိအများကိုလ၊ ဖြိုင်ငြား၍ ကြည့်ရပါ၊
မြတ်စွာပ မိန့်ခွန်း။ ။ လောကီဘက်ကိုလ၊ တစ်ရွက်ပေ မပါလေ့တယ်၊
ကောင်းပေ့ ရည်ညွန်း။ ။

ထိုကျောင်းမှ ကတိုးရွာ ကျောင်းသို့ပြန်၍ ဘုန်းတော်ကြီးအား တစ်ည အခွင့်ပန်၍ အိပ်သည်။ ပြာသိုလဆုတ် ၂ ရက် နံနက် ၈ နာရီအချိန် ကော့နပ်ရွာ ကျောင်းဒကာကြီး ဦးနာအောက် အိမ် သွားရာ၊ ဦးနာအောက်

ကို တွေ့၍ မွန်ရာဇဝင်ကို မေးမြန်းရာ ဘာမျှ အမှတ်အသား မရှိပါ။ ငယ်ငယ်တုန်းက မွန်စာအနည်းငယ် သင်ကြားခဲ့သည်။ အမှတ်အသားဆို၍ ပေစာ ပုရပိုက် မရှိ။ မွန်ရာဇဝင်ကိုလည်း နားမလည်။ လူကြီးများ ပြောသံဆိုသံကို မကြားဖူးဘူး။ မည်သည့်အရပ် မည်သူ့ထံမှာ ရှိသည်ဟု မပြောနိုင်ကြောင်း ပြောကြားလေသည်။

## ၄ ချိုး

သိုက်အကျဟာမို့ လိုက်ရတဲ့ ကျွန်ုပ်မှူ ။ ။ ကျောင်းဒကာ အမုန်ဖြောင့်လေတော့၊ နှောင့်လျက် ပွေဆူ။ ။ သေအချာ စာအတွက်ကယ်နှင့် တစ်ချက်မှ ခုမတူ၊ တွေ့သူနှင့် ကွာနဲ။ ။ အလိုက်ဖြင့် ပန်းချေပေါ့၊ သိုက်ကန် စာအထွက်ဟာက၊ ကွက်မကျပဲ။ ။

၎င်း ကျောင်းဒကာကြီးသည် အသက် ၆၀ ရွယ်မျှ ထင်ရသည်။ အထ အသွား လျင်မြန်သည်။ အဝတ်အထည်မှာ ထည်ထည်ဝင့်ဝင့် မရှိ။ မာနကြီးပုံ မရ။ သူဌေးလို့လည်း ခေါ်ကြသည်။ ဆင်, မြင်း, ကျွဲ, နွား ပြည့်စုံသည်။ စေနိုင်းသော စာရေးစာချီ အစေခံ ရှိသည်။ မေးသောအခါ အသက် ၈၀ ပြည့်ပြီ ပြောသည်။ သွားကျိုးလျက် ရှိသည်။ အရွယ်များစွာ မကျသေး ဖြစ်သည်။ အများတို့က သိန်းငါးဆယ်ငွေ ကြွယ်ဝသည်ဟု ပြောကြပါသည်။

ဤကျောင်းဒကာကြီးသည် မော်လမြိုင်မြို့နယ် တစ်ခွင်၌ ထင်ရှားဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။ လူ ရှင်ရဟန်းတို့ ကောင်းချီးသြဘာ ပြောကြသည်ကို ကြားခဲ့ရသည်။ ကူးတို့သင်္ဘော ၉ စင်း တည်၍ ကူးတို့ ပို့ပါသည်။ ရဟန်း၊ ရှင်၊ ကျောင်းသား၊ ဖိုးသူတော်၊ မယ်သီလတို့ သင်္ဘောခ လွတ် ပို့ပါသည်။ အသက် ၆၀ ကျော်သူများကို သင်္ဘောခ လွတ်ပါသည်။ ကျောင်းဒကာကြီး ကူးတို့သင်္ဘော ဖွင့်လှစ်ထားရှိလာမှ ကုမ္ပဏီသင်္ဘော လည်း အခနှုန်း သက်သာလာပါသည်။ သင်္ဘောစီးသော သူတို့သည် စိတ်သဘောနန့် ထားကြသည်ကား အခလွတ်သော သူတို့သာ စီးကြသည်။ အခ ပေးနိုင်သူတို့ မစီးကြ။ မိမိတို့ အမျိုးသားချင်းကို မထောက်ပံ့ဟု ပြောကြသည်။

ကျောင်းဒကာကြီး၏ သင်္ဘောကုလားများလည်း သင်္ဘောအချိန်မှန်မှန် မလာ။ မြန်မာသင်္ဘောကို စီးလို၍ စောင့်သော်လည်း အချိန်အတိုင်း မလာသောကြောင့် ခရီးကြန့်ကြာခြင်း မခံနိုင်၍ ကြုံရာသင်္ဘောကို စီးရသည်ဟု ပြောကြသည်။ အမျိုးသားချင်း အပေါင်းတို့သည် ကျောင်းဒကာကြီး၏ ဂုဏ်ကျေးဇူးကို အထူး နေ့စဉ်မပြတ် အောက်မေ့၍ မေတ္တာပို့ကြရန် သင့်သည်။ ကျောင်းဒကာကြီးက စေတနာနှင့် ဖွင့်လှစ်သောကြောင့် ငါတို့ သွားလာရခြင်း၌ စရိတ်အကုန်အကျ နည်းပါး ပါပေသည်ဟု ကတညုတ၊ ကတဝေဒီ တရားကို ကြိုးစားပွားများကြရန် သင့်ပေသည်။

## ၄ ချိုး

သက်ရှစ်ဆယ် ပြည့်မြောက်၊ ကုသိုလ်ထောက် ကျန်းမာ။ ။ သိန်း ငါးဆယ် ရတနာငွေးတယ်၊ အေးတဲ့ ဘယာ။ ။ စက် လယ် ခြံ ဆင် မြင်းနှင့်၊ ကုန်ရင်းတဲ့ သင်္ဘောပါ၊ ဂေဟာပ–ရိပ်ကောင်း။ ။ ဦးနာအောက် ကယ်လို့၊ တစ်ယောက် နာမံကြူခဲ့၊ ကုသိုလ်မှု–တကယ်လှတယ်၊ ရှေး ဒါနဟောင်း။ ။

## ဦးနာအောက် အိမ်သူဘွဲ့ ၄ ဆစ်

သက်ရှစ်ဆယ် သုံးပုံပြု၊ တစ်စုခန့် ဇနီးသယ်။ ။ ဘုံကြိုးမယ် အထင်မှတ်လောက်ကဲ့၊ ရုပ်မြတ် တင့်တယ်။ ။ ကြောင်း မသိသူတို့၊ မကောင်းသည့် စိတ်မှတ်ဖွယ်၊ အရွယ်က–ဘိုးနှင့်မြေး။ ။ ရှေးအကြောင်း ပေပ၊ ငွေလောင်း အမှန်ဖြစ်ပေတော့၊ တိုးချစ်ဖို့ ရေး။ ။

၎င်းမှ ကတိုးရွာသို့ ပြန်လာပြီး နံနက် ၁၀ နာရီ မြန်မာသင်္ဘောကို စီး၍ မော်လမြိုင်သို့ ပြန်ပြီးလျှင် မုဒုံမြို့ကို ဘုံပျံမြင်းရထားနှင့် စီးသွားရာ ညနေ ၄ နာရီ ရောက်၍ သူကြီးအိမ်၌ တည်းခိုပါသည်။

သူကြီးအိမ်ကမှ တစ်ဖန် ရှမ်းဘုန်းကြီးကျောင်းသို့ သူကြီးနှင့်အတူ သွားရောက်မေးမြန်းရာ ရှမ်းဘုန်းကြီးမှာ မြန်မာစကား မတတ်။ မွန်စကား၊ ရှမ်းစကားသာ တတ်သည်။ ဘုန်းကြီးတစ်ပါးကား သက္ကရာဇ် ၁၂၀၆ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက် သောကြာနေ့ ဖွား၊ ဘွဲ့ ဦးသုလ ခေါ်သည်။ ငယ်ဖြူ ဖြစ်သည်။ အသက် ၂၀ က ရဟန်းဖြစ်သည်။ ဘန်ကောက်မြို့မှာ

ရဟန်းဖြစ်၍ မွန်လူမျိုးအစစ် ဖြစ်သည်။ ပဲခူးမြို့ နန်းစံသော မွန်မင်းဖင်းညဲသူရိန် မြေးဖြစ်ကြောင်း မိန့်တော်မူသည်။

တစ်ပါးက ၁၂၁၉ ခုနှစ် နယုန်လဆန်း ၁၄ ရက် ကြာသပတေးနေ့ဖွား၊ ဘွဲ့ ဦးပုပ္ဖ ခေါ်သည်။ ဘန်ကောက်မြို့မှာ ရဟန်းဖြစ်သည်။ ငယ်ဖြူအသက် ၂၀ က ရဟန်း ဖြစ်သည်။ ဘုန်းတော်ကြီး ဦးသုလ တူတော်သည်ဟု မိန့်တော်မူသည်။

ဤ အရှင်နှစ်ပါး မွန်စာ၊ ရှမ်းစာ နှစ်မျိုး တတ်ကျွမ်းကြသည်။ မွန်ရာဇဝင်ဟောင်းကို မေးရာ မရှိကြောင်း မိန့်သည်။ ဘန်ကောက်မှာ နေစဉ်က ရှမ်းဘာသာနှင့် ပုံနှိပ်စာအုပ် ပဲခူးရာဇဝင်ကို ကြည့်ဖူးသည်။ ကောင်းကောင်း မမှတ်မိဘူး။ ပဲခူးမြို့ကို ဆမလ၊ ဝိမလ တည်သောမြို့ဖြစ်သည်ဟု စာမှာ တွေ့ကြောင်း မိန့်ဆိုသည်။ ယခင်က ပြင်သစ်ဗိုလ်တစ်ယောက် လာ၍ မွန်ဘာသာနှင့် ပေစာ ဓမ္မသတ် ၆ ကြောင်းရေး (၃) အင်္ဂါရှိ ထုတ်ယူသွားသည်။ ၂ နှစ်ခန့် ကြာပြီဟု မိန့်တော်မူသည်။ ကျိုက်ရွဲဆရာတော် ကျောင်းမှာ သွားမေးလျှင် ရလိမ့်မည်ဟု မိန့်တော်မူလိုက်သည်။

## ၄ ချိုး

မုဒုံခေါ် ရှမ်းကျောင်း၊ ကိန်းအောင်းတဲ့ ဘုန်းတော် ။ ။ မွန်ရာဇဝင် ရှေးစနစ်၊ မေးလှစ်ပါသော်။ ။ ရှမ်းဘာသာ ဘန်ကောက်မှာ၊ ဟိုနောက်က ကြည့်ခဲ့နော်၊ ဖော်တယ်လို့ မရ။ ။ ဟဿာ ခ ပါတဲ့၊ ဆမလ ညီနောင်တို့၊ တည်ထောင်ကာ အစပျိုးတယ်၊ ပဲခိုးဌာန။ ။

၎င်းကျောင်းက ပြန်၍ တည်းခိုသော သူကြီးအိမ်၌ အိပ်ပြီးလျှင် နံနက် ၅ နာရီအချိန် "ကိုကြင်" ဆိုသူကို လမ်းပြငှား၍ ကျိုက်ရွဲဆရာတော်ကျောင်းသို့ သွားရာ လမ်းတွင် ဝတဲရွာ၊ ကောကလွတ်ရွာ၊ တံခွန်တိုင်ရွာ၊ ကမာပိုင်ရွာနှင့် ဥယျာဉ်များကို တွေ့ရသည်။ ၎င်းရွာများသည် စည်းခြံနှင့် သန့်ရှင်းစွာ နေအိမ်ရှိကြသည်။ အိမ်ကြီးအိမ်ငယ် ဟူသမျှတို့မှာ တောလိုက်ဘာသာ အင်ဖက်ကိုထိုး၍ မိုးကာ နေထိုင်ကြသည်။ အိမ်ကြားလမ်းများသည် ပေရှစ်ဆယ်ခန့် ကျယ်သည့်ပြင် တွင်း ကျင်း ချိုင့် မရှိ၊ ညီညွတ်လျက် သွားလာရခြင်း၌ ကြည်လင်ခြင်း ဖြစ်ချေသည်။ နေထိုင်ကြသော သူတို့မှာ

မွန်လူမျိုးများ ဖြစ်သည်။ ရှေးက မသိမကျွမ်းသော်လည်း ၎င်းတို့အိမ်ကို ဝင်ရောက်လျှင် ထမင်း စသည်တို့မှာ အခါမလင့် မမေးမမြန်း ချက်ပြုတ်ကျွေးမွေးလေ့ရှိကြသည်။ ဆွေမျိုးကဲ့သို့ ခင်မင်လေ့ ပြုတတ်လေသည်။

## ၄ ချိုး

အင်ဖက်ထိုး အမိုးနှင့် အရံကာ ။ ။ အိမ်ကြီးငယ် ရွယ်အလိုက် တောင်ဒ္ဓဘာသာ။ ။ ကိုယ့်စည်းခြံ ကိုယ့်ဝင်းနှင့်၊ နေခင်းက လွန်သာယာ၊ မွန်ဌာန တည်ရင်း။ ။ မျိုး စရိုက်ပေပ၊ အလိုက် ချောင်လို့၊ သင်္ဂဟ မေတ္တာရှေးရယ်နှင့်၊ ကျွေးတဲ့ ထမင်း။ ။

၎င်းပြင် မိန်းကလေးနှင့် သူငယ်ပျိုရွယ် စသည်တို့မှာလည်း အမည်းထည် အဝတ်ကို ကိုယ်၌ ဝတ်လျက် အသားအရေ အရိုး သန့်ပြန့်ဖြူစင်ခြင်း ရှိပေသည်။ မျက်နှာထား ပြုံးကြည်လျက် မိမိတို့ ဘာသာစကားဖြင့် ပြောဆိုကြလေသည်။ မြို့ကြီးရပ်ကြီးနှင့် မနီးသော်လည်း အမျိုးစရိုက် ယဉ်ကျေးခြင်း ရှိလေသည်။ အသက်အရွယ်ကြီးသော သူတို့ကို ရိုသေ ကိုင်းရှိုင်းခြင်း၊ ဂါရဝ နိဝါတတရား ရှိကြလေသည်။ ဘာသာအလိုက် သာယာသော စကားကို ပြောလေ့ရှိကြသည်။

## ၄ ချိုး

ပြုံးကြည်ကြည် မျက်နှာထားနှင့်၊ နက်ထည်များ ကိုယ်မှာဆင်။ ။ မွန်ဘာသာ အလိုက်ပြောကြတယ်၊ ဖောနိုက်ရှင်ရှင်။ ။ မြို့ကြီးနေ မဟုတ် ငြားသော်လည်း၊ အသွားနှင့် အလာယဉ်၊ ခင်မင်တဲ့ စိတ်ထား။ ။ ဂါရဝ ရယ်နှင့်–သာလုစ္စာ–ဝစနာ ကြူလို့၊ လာသူကို ပျူငှာပြုကြတယ်၊ လေး ပုညပွား။ ။

ကျိုက်ရွဲဆရာတော် ကျောင်းသို့ ရောက်သည်။ ထိုဆရာတော် သက်တော် ၅၀ ခန့် ရှိမည် ထင်သည်။ ပဲခူးမြို့ မွန်ရာဇဝင်ကို မေးလျှောက်ရာ၊ ရှေးက မိမိ ဆရာကြီးထံ ရှိကြောင်း သိရသည်။ ငါကိုယ်တိုင် မကြည့်ဖူးပေ။ ထိုဆရာကြီး ပျံလွန်တော်မူပြီးနောက် ကျန်ရစ်သော တပည့်ရဟန်းတို့ စာများကို ဝေခြမ်း၍ ယူကြသည်။ ဤအခါ ကျူပ် မရှိ။ ကျူပ် ရောက်လာသောအခါ ၎င်းစာများကို စုံစမ်း မရ။ အချို့တပည့်များလည်း လူပြန်

ဖြစ်ကြသည်ဟု မိန့်သည်။ ဘော်ကူး ရွာသူကြီး မောင်အုန်းရွှေကို မေးမြန်းလျှင် ၎င်းရာဇဝင် အစ ပေါ်စရာရှိကြောင်း မိန့်သည်။ ဆရာတော် ဘွဲ့တော်မှာ ဦးပညာဒိပ္ပသာမိ။ သာသနာပြု လက်တက် ဂိုဏ်းထောက်ဆရာတော်ဟု ကမ္ပည်းတပ်လျက် ကျောင်းတက် လှေကားထိပ် တံခါးဝ၌ ဆွဲကပ်ထားလေသည်။

## ၄ ချိုး

ကျိုက်ရွဲခေါ် ဝိဟာမြင့်၊ ဘုန်းအရှင့်မြတ်ထံတော်။ ။ မွန်ရာဇဝင် ရှိမရှိ သိဖို့ လျှောက်သော်။ ။ လူပြောသံ တစ်ဆင့်ကြားနှင့် မှတ်သားချက်မဟိအော်၊ ဖြေပေါ်မှ ရရှာဘူး။ ။ ပိုင်း တစ်စဟာမို့၊ အရ အာဂုံ ယွင်းတာကြောင့်၊ လင်းပြ မထူး။ ။

၎င်းကျောင်းမှ ထွက်ခဲ့၍ ဘော်ကူးရွာ သူကြီး ကိုအုန်းရွှေအိမ်သို့ သွားရာ လမ်းတွင် တံခွန်တိုင်ရွာ ရှိနေသော ရှေးမွန်အဘိုးအိုကြီးများကို တွေ့၍ စုံစမ်းရာ မရ။ သူကြီး ကိုအုန်းရွှေအိမ် ရောက်သောအခါ သူကြီးလည်း ဓာတ်တို့၏ သဘောလက္ခဏာကို ကျက်စားသူနှင့် တူသည်။ အဂ္ဂိရတ်ဖိုရုံမှာ ခေါ်စေရသည်။ သူ့ခမျာလည်း မာနမထား။ သာယာသော စကားဖြင့် နိဝါတထားလျက် အကြောင်းကို မေးမြန်းခြင်း၊ နေရာထိုင်ရာ ပေးခြင်း၊ ထွက်နတ်ပြုခြင်း တို့ကို ဝတ်ပြုလေသည်။

မွန်ရာဇဝင်များကို စုံစမ်းရာ ၁၂၅၇ ခုနှစ်က ရန်ကုန်မြို့ ဘားနဒ်ပိဋကတ်တိုက်က ပါဠိဆရာကြီး "ဂရေး" သခင်က မွန်ဘာသာ စာပေါင်းများကို စုဆောင်းပေးရန် တစ်လလျှင် လခငွေ ၇၀ ကျပ် ပေးကမ်းချီးမြှင့်၍ ငါးလတိုင် စုဆောင်းပေးရာ ပဲခူး ဟံသာဝတီ မွန်ဘာသာနှင့် ရာဇဝင်ကို မတွေ့ကြောင်း ပြောလေသည်။ ၎င်းသူကြီး ကိုအုန်းရွှေသည် ၁၂၂၆ ခုသား၊ အသက် ၄၅ နှစ် ရှယ်သူ ဖြစ်သည်။ မွန်ဘာသာ မြန်မာဘာသာစာကို ကောင်းစွာ တတ်မြောက်သည်။

## ၄ ချိုး

တော်ကူးရွာသူကြီး၊ မည်ချီးတဲ့ ကိုအုန်းရွှေ။ ။ မွန်မြန်မာပ၊ နှစ်ဘာသာ အတူထပ်၊ တတ်တဲ့သူပေ။ ။ ပေါရာဏာ မွန်ပေါင်းတို့၊ မှတ်

ကြောင်းပ အက္ခရေ၊ စာပေတဲ့ စုဆောင်း။ ။ သုံးဖို့ ကောင်းပါတဲ့၊ ထုံးဟောင်း ရာဇဝင်တို့၊ ပါဝင်အောင် အလွန်ငုပ်တယ်၊ မှေးမြှုပ် ဖိတောင်း။ ။

တော်ကူးရွာက အလွန်ကျော်စောသော မုဒုံ ကန်တော်ကြီးကို ကြည့်ရှုရန် မုဒုံမြို့သို့ ပြန်ရင်းဝင်သည်။ ကန်တော်ကြီး ခေါ်ဆိုသော်လည်း ရန်ကုန်မြို့ ကန်တော်ကြီးကို မမီ။ ကန်နေပုံမှာ ဥဒေါင်းရုပ်နှင့် တူသည်။ ကန်၏ထိပ်၌ မွန်ဘုန်းတော်ကြီးကျောင်း ရှိသည်။ ကျောင်းခင်း သာယာညီညွတ်သည်။ ကုံကော်ပင်ရိပ် ရှိသည်။ ကန်ဦး ဘုရားစေတီ ရှိသည်။ တံတိုင်းမီးတား ကာရံလျက် ရှိသည်။ စေတီအမြင့် ဉာဏ်တော် ဆူးလေစေတီခန့်ပမာဏ ရှိမည်။ ပန်းတင်ခုံ ရှစ်မြှောင့်ချိုး၊ ဖိနပ်တော် အောက်ခြေကဂဝံကျောက်သားခံ၍ တည်ထားလေသည်။ သီတင်းကျွတ်လ၊ တန်ခူးလနှစ်စဉ် ပွဲတော်ကျင်းပကြသည်ဟု ပြောကြသည်။

## ၄ ချိုး

မုဒုံကန် တော်ဌာနကိုဖြင့်၊ မျှော်ကာပ ကြည့်လိုက်လျှင် ။ ။ တောင်ကုန်းငူ ကမ်းပါးယံနှင့်၊ သာလာယံ ရေသိမ်ဆက်တယ်၊ အေးလျက်ကြည်ရှင်။ ။ စေတီငယ် သုံးဆင့်ဝိုင်းပါလို့၊ ရှုလေတိုင်း ကြည့်စချင်၊ ထူပါရှင် ရှင့်မြတ်ဘုရား။ ။ လေးမျက်နှာ အာရုံခံနှင့် တန်ခိုးလျှံ စိန္တေထူးကို–ဖူးခဲ့ရငြား။ ။

ထိုကန်တော်က ရေကို လူမိန်းမ၊ တိရစ္ဆာန်မတို့ ဆင်း၍ မချိုးရ။ ခြေနှင့် ရေကို မထိရ။ ထဘီနှင့် ရေကို မထိရ။ ရှိသေလေးမြတ်စွာ သတိပြု၍ ခပ်ယူသုံးစွဲကြရသည်။ ဆင်း၍ ချိုးသော်၊ ခြေနှင့်ရေ ထိသော် လေကြီး မုန်တိုင်း တိုက်ခတ်ခြင်း ဖြစ်တတ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသောအခါ ကန်စောင့်နတ်ကို ပ,သ တင်မြှောက် တောင်းပန်မှ လေဘေးမုန်တိုင်းလွတ်ကင်းကြောင်း ပြောကြသည်။

## ၄ ချိုး

တိရစ္ဆာန်–လူမ များတို့၊ ရေသောက်ငြား ခပ်မူ။ ။ ခြေထဘီ ရေမထိအောင်၊ ဖုံးဖိကာ ယူ။ ။ ဒူးထောက်ခါ ခပ်ယူသောက်မှ၊ ဘေးပျောက်၍ ရန်မပြု၊ မှန်ယူတော့ ရှင်လူပြော။ ။ စည်းကမ်း ရိုင်းလျှင်လ၊ မုန်တိုင်းလေ ဆင်တိုက်တယ်၊ ကိန်းဆိုက် အဟော။ ။

ထိုကန်တော်ရေ နီသော် ရှာ၌ ဥပဒ်ဖြစ်တတ်သည်။ ဤသို့ ရေနီလာလျှင် ရဟန်း သံဃာတော်တို့ ပရိတ်ရွတ်တော်မူကြရသည်။ ၎င်းကန်တော်က ငါးကြီးများ သေလျှင် လူကြီးများ သေတတ်သည်။ ငါးကလေး သေလျှင် ကလေး ကလေးများ သေတတ်သည်။ သို့လို ဖြစ်ပေါ်လာသော် ဘုရားကို ပူဇော်ကန်တော့ကြရသည်။ ကန်စောင့်နတ်ကို တင်မြှောက်၍ သံဃာတော်များတို့ ကန်တော်သိမ်တွင် ဝင်ပြီးလျှင် ပရိတ်ရွတ်ကြရသည်။ ၎င်းကဲ့သို့ ပြုလုပ်ကြမှ ဘေးအန္တရာယ် ကွယ်ကြောင်း အများ ပြောကြလေသည်။

## ၄ ချိုး

ကန်ရေနီ ဥပဒ်များတယ်လို့၊ ပရိတ်အား ရွတ်ရပါ။ ။ ငါး ကြီးငယ် သေအပျောက်၊ ဘေးရောက် လူမှာ။ ။ ငါးနှင့်တူ လူရွယ် မှတ်ပါတော့၊ အတပ်ပ–သိုက်အလာ၊ ဆိုက်ပါတဲ့ အခင်း။ ။ သတိ ထားပါလို့၊ ဘုရား ရတနာနှင့်၊ ပွယ်စရာ နတ်အမျိုးကို၊ ကိုးပ မယွင်း။ ။

၎င်းကန်က ရေကို အချိန်အခါမရွေး မည်မျှလောက်ပင် ယောကျာ်း လူရွယ် လူလတ် လူငယ်တို့ ဆင်း၍ ချိုးသော်လည်း ဘေးဥပဒ် တစ်စုံ တစ်ရာ မရှိဟု ပြောကြသည်။ ကန်ရေကို သုံးသောက်လျှင် ဘေးဘယာ ကင်းရှင်းသည်ဟု ပြောကြသည်။

## ၂ ချိုး

တန်ခိုးရယ် လျှံ၊ ကန်တော်က ရေမင်း။ ။ သုံးဆောင်သူ လူထိုမျှမှာ–ဘေးဘယ ရှင်း။ ။

ထိုကန်တော်က ရေသည် မြ အဆင်းကဲ့သို့ ကြည်လင်သန့်ရှင်းသော ရေဖြစ်သည်။ အမှိုက်၊ ဒိုက်၊ ချုံ၊ သန့်ရှင်းသည်။ နံစော်ခြင်း မရှိ။ ဘုရားပွဲတော်အခါ ကြံသည်တို့ များစွာလာရောက်ရောင်းချကြရာ ဘုရားပွဲ လာသူတို့ ဝယ်ယူ စုပ်ကြသည်ကို ကြံဖတ်များစွာ မြေပြင်ပေါ်၌ ရှိနေ သည်မှာ ဘုရားပွဲတော် ပြီးသည့်အခါ ထိုကြံဖတ်များကို မည်သူတစ်စုံ တစ်ယောက်မျှ သိမ်းလှည်းခြင်း မပြုရဘဲ ပျောက်ပျက်သွားကြောင်း ကို

ပြောကြသည်။ ဘုရားပွဲတော် ပြုလုပ်ရာ အရက်သေစာ သောက်သူ မရှိ။ ရန်ခိုက်ဒေါသ မရှိ။ အေးချမ်းသာယာစွာ ရှိသည်ကို ပြောကြသည်။

## ၄ ချိုး

ဘုရားပွဲ နွှဲကြတဲ့ လူများထွေ။ ။ သရေစာ–ကြံဝယ် စုပ်ကြတယ်၊ ထွေးရှုပ်ဖတ်ပွေ။ ။ ပွဲတော်ခါ အပြီးရောက်တော့၊ ပျောက်ပျက်ကြ ခွံဖတ်တော၊ တလေမှ မရှိ။ ။ ထူးတဲ့ ဖြစ်ကိုလ၊ မူးယစ်သူ ရန်မာန်ဝေးတယ်၊ အေးလိုက်ပါဘိ။ ။

ကန်တော်ကြီးနှင့် မနီးမဝေး ကန်တော်ကလေးလည်း တစ်ခုရှိသည်။ ကန်တော်ဦး ဘုရားစေတီနှင့် ရုပ်ပွားတော်များ ရှိသည်။ ဇရပ် ရေသိမ် ရှိသည်။ ၎င်းပြင် ကန်တော်ကြီးမှ အရှေ့ဘက် ၄ မိုင်ကွာ ဒိုကကလာတောင် ရှိသည်။ ထိုတောင်ထိပ်၌ ဘုရားစေတီတစ်ဆူ ရှိသည်။ ရှေးက ထိုတောင်ထိပ် အနီးတွင် ပင်လယ်နုန်းနှစ်၊ ခရာပင်၊ ငါးပျံတစ်ကောင် ရောက်နေသည်ကို အလွန်အံ့သြဖွယ် ကောင်းသည်ဟု ပြောကြသည်။

၁၂၅၀ ပြည့်လောက်က ငါးပျံ၊ ပင်လယ်နုန်း၊ ခရာပင်တို့ ပျောက်ကွယ်သွားကြောင်း ပြောကြသည်။ ကိုယ် မရောက်သောကြောင့် စာမဖွဲ့လိုက်ပေ။ ထိုကန်တော်ကြီးက မှဒုံမြို့သို့ ပြန်လာရာ မြို့အဝင်တွင် မင်းလမ်းကြီးအနီး စေတီငယ် ၄ ဆူ ရှိသည်။ ၂ ဆူစီ ယှဉ်ပြိုင်လျက် တည်ထားသည်။ ဉာဏ်တော် ၁၀ တောင်ခန့် မြင့်မည် ထင်သည်။ လူပျိုဘုရား၊ အပျိုဘုရား ခေါ်သည်။

အကြောင်းမူကား ရှေးတုန်းက လူပျိုးများချည်း စုပေါင်း၍ ဘုရားစေတီ နှစ်ဆူ၊ အပျိုများချည်း စုပေါင်း၍ ဘုရားစေတီနှစ်ဆူ တည်ထားကြောင်း၊ တည်စိုက်သော ဒါယကာ၊ ဒါယိကာမတို့ကို စွဲ၍ လူပျိုဘုရား၊ အပျိုဘုရား ခေါ်တွင်လျက် ရှိသည်။ ယခုလည်း လူပျို၊ အပျိုများတို့ ဆက်လက် ပူဇော်ကန်တော့ ဖူးမြော်ကြကြောင်း ပြောကြသည်။

## ၄ ချိုး

ကညာပျို အများနှင့် ကာလသားထိုထို။ ။ ဂုဏ်တု ဂုဏ်ပြိုင်နှင့်၊ နှစ်ဆူဆိုင် စေတီ ပြုရှာကြ၊ ခြားဘု ကုသိုလ်။ ။ မြင့်ဉာဏ်တော် ဆဲ့

တစ် ထားပါလို့၊ တည်ငြားတဲ့ သံတောင်ကို၊ မင်ဖိုလ်သို့ ရည်အား။ ။ ကာလ သားရယ်နှင့်၊ ပျိုများစွာ စေတနာတူလို့၊ ခေမာင္ဂ အကယ်သွားရန်ဖို့၊ လေးဆူ့ ဘုရား။ ။

၎င်းဘုရားမှ တည်းခိုသော သူကြီးအိမ်ကို ရောက်၍ လာရောက်သော ပရိသတ်တို့နှင့် မွန်ရာဇဝင်၊ မွန်စကားတို့ကို စုံစမ်းပြီးလျှင် နောက်တစ်နေ့ ကွမ်းတုံရွာ မွန်ဘုန်းကြီးကျောင်းသို့ သွား၍ ဘုန်းဘုရားကို မွန် ရာဇဝင်ဟောင်းကို မေးလျှောက်ရာ မွန်ဘာသာနှင့် စာမူရင်းကို မတွေ့ဖူး။ သက်ကြီးစကား သက်ငယ်ကြား ဆိုသလို အနည်းငယ်ကြားဖူးကြောင်း အမိန့်ရှိသည်။ ကြားဖူးသော ရာဇဝင်မှာ သက္ကရာဇ် ခုလ ကို သေချာစွာ မပြောနိုင်။ အသက် ၆၅ နှစ်ရွယ်ခန့် ဒကာကြီး “ဦးကပ်” ပြော၍ သိလိုက် ရသည်ဟု မိန့်တော်မူသည်။ ဦးကပ်လည်း ယခုနှစ်တွင်ပင် သေဆုံးကြောင်း မိန့်ကြားသည်။ ၎င်းဘုန်းဘုရား ၁၂၂၈ ခု ကဆုန်လဆုတ် ၄ ရက်ဖွား၊ ကြာသပတေး သား၊ ငယ်ဖြူ ရဟန်းဘွဲ့ ဦးပညာရမ္မ၊ ယခု၌ “ဦးပညာ” ဟု ခေါ်တွင်လျက် ရှိသည်။

## ၄ ချိုး

ကွမ်းတုံကျောင်း ကိန်းအောင်းတဲ့ မြတ်အရှင်။ ။ မွန်ရာဇဝင် အမှတ်ထားတယ်လို့ ကြားရသည် အင်။ ။ ကျောင်းကို ရောက်တော့၊ လျှောက်ထည့်လို့ မေးလိုက်လျှင်၊ သုတ,ပင် အကြား။ ။ ရင်း အမြစ်ကို လ၊ အစစ်ကို မတွေ့ဖူးသူမို့၊ ထူးလို့ မခြား။ ။

၎င်းကျောင်းက ပြန်လာ၍ တည်းခိုသော သူကြီးအိမ် လာပြီးလျှင် နံနက် ၅ နာရီအချိန် ဘုံပျံခေါ် မြင်းရထားကို စီး၍ ဖားအောက်ရွာသို့ သွားရာ ရှေးက ရဟန်းအဖြစ်၌ ထင်ပေါ်ကျော်စောသော မြေတိုင်းပညာ၊ လောကဓာတ်ပညာ၊ ၉ တန်း တိုင်အောင် သင်ကြား ပြသနိုင်သော “ဘုန်းကြီး ထိုက်” ခေါ် ယခု လူ့ဘဝကိုပြန်လည်၍ ရဟန်းလူထွက် ဆရာဦးထိုက်အိမ်သို့ တိုက်ရိုက်ဝင်ရာ၊ သူ ရဟန်းဖြစ်စဉ်က တစ်ကြိမ်တွေ့ဖူးသော အဆက်ကြောင့် စုံစမ်းမေးမြန်းခြင်းကို မခံရဘဲ နှုတ်ခွန်းချိုသာ ပျူငှာလောကွတ်များစွာနှင့် ဗလိအမှုကို ဝတ်ကျေအောင် ရှက်ဆောင်ပါပေသည်။ မွန်ဘာသာ

နှင့် ပဲခူးရာဇဝင်ကို မေးမြန်းရာ သူ့မှာလည်း မရှိ။ သူ၏ ဆရာထံမှာလည်း မတွေ့ဖူးကြောင်း၊ ဘီလူးကျွန်း သဂ္ဂေဘုန်းတော်ကြီးထံ၌ ရှိသည်ကို သိရသည်ဟု ပြောလေ၏။

## ၂ ချီး

လောကွတ်ကယ်ချို အဟိုက သိရင်း။ ။ ဗလိ လွန်ကျေလို့၊ ကျက်သရေ အမှန်ထိန်းတယ်၊ တိမ်းဘူး မယွင်း။ ။

## ၂ ချီး

ရာဇဝင် ယခင်က မရှိ။ ။ သဂ္ဂေဘုရှင် ထံတော်မှောက်ကို၊ ရောက် ပို့ ညွှန်ဘိ။ ။

၎င်း ဆရာဦးရွှေထိုက် အိမ်တွင် တစ်ညအိပ်၍ နံနက်စောစော ကျိုက်မရောမြို့ကို သွားရာ ရှေးက သိဖူးသော ကုန်သည် ကိုဒွန်းအိမ်၌ တည်းခို၍ မွန်ဘုန်းတော်ကြီး ကျောင်းသို့ သွားပြီးလျှင် ပဲခူး မွန်ရာဇဝင်ကို မေးမြန်းရာ ဝါသနာ မပါ၍ ရာဇဝင်ကို ကြည့်ရကောင်းမှန်း မသိ။ ငါ့ ကျောင်းမှာလည်း မရှိ ဖြစ်သည်။ ဘုရားဝတ်ကျောင်းနှင့် ဆိုင်သော သမိုင်း တစ်စောင် ရှိ၏။ ၂ နှစ်ခန့် ကြာပြီ၊ ပြင်သစ် ဗိုလ်တစ်ယောက် လာ၍ ငှားယူသွားသည်။ ယခု ပြန်မရသေး ဖြစ်သည်။ မွန်စာနဲ့ ရေးသားလျက် ဖြစ်ကြောင်း မိန့်ဆိုသည်။ ဝတ်ကျောင်းဘုရားကို သွားကြည့် ဖူးမြော်ရာ ကျောက်စာနှစ်တိုင် ရှိသည်။ ကျောက်ညိုသား ဖြစ်သည်။ အက္ခရာမထင် ဖြစ်သည်။

## ၄ ချီး

ရှေးရန်နောင် ကုသိုလ်ဟောင်းပေထင့်၊ ဝတ်ကျောင်းနှင့် ရုပ်ပွား တော်။ ။ အထွေထွေ ဆူရေများတယ်၊ တွားဝပ် ပူဇော်။ ။ ရပ်လျောင်း ထိုင် ခြေကျနှင့် ရေသတဲ့ မြတ်ဗိနော်၊ ဖူးမြော်ရ ကံထူး။ ။ သမိုင်းချီးပါတဲ့ ကမ္ပည်းသေလာညိုနှင့်၊ မွန်စာကို ဖတ်မလင်းနိုင်လို့ ခင်းမသိဘူး။ ။

ကျိုက်မရောမြို့၌ မိုးအလွန် ရွာသွန်းရာ အအေးမိ၍ ဇက်လေး၊ ခေါင်းခဲသဖြင့် များစွာ အထက်သို့ ဆောင်တက်သောကြောင့် အနိုပ်သည်

ခေါ်၍ အနှိပ်အနင်း ခံရသည်။ ရာသီဥတု မနိုင်မာသဖြင့် ထိုရာသီဥတု၏ အုပ်စိုးခြင်းကို ခံရသော သူတို့သည် အုပ်စိုးသည့် ဥတု၏ သဘောကို လိုက်ရသဖြင့် ဓာတ် ၄ ပါး မမျှသည့်အတွက် ဥတုဖောက်ပြန်၍ ဥတုနာ နှိပ်စက် ညှဥ်းပန်းခြင်းကို ခံရလေသည်။

## ၂ ချိုး

ဓာတ်မမှန် ဖောက်ပြန်တဲ့ သည်ရတု။ ။ ယာယီ ကြွသူတို့၊ ဥဇ္ဇာမညီ ပျက်တယ်၊ တက်တဲ့ အမှု။ ။

## ၄ ချိုး

မိမိပိုင် အိမ်မဟုတ်လေတော့၊ ကုပ်ကုပ် မနေနိုင်။ ။ ဟန်လုပ်ခါ သာထိုင်လို့၊ မယိမ်းယိုင် ကိုယ်ကို ထိန်းရ၊ ဖိမ်းလို့ ဇက်ခိုင်။ ။ သမ်း ဝေကာ အတော် တက်တာမို့၊ နံနက်နှင့် ညစာကြိုင်၊ နှစ်ရက်တိုင် ကွာ ဝေး။ ။ အားမရှိလေဘု၊ ခါးချည့်ကာ ထိုင်လျက် တင်းရတယ်၊ မင်း ဗျာဓိဘေး။ ။

ယင်းသည့် ဝေဒနာမှ အတော် သက်သာလာရသဖြင့် ဗိန်းမြောရွာ ကျောင်း ဘုန်းတော်ကြီးထံသို့ သွားရောက်၍ မိမိလိုသော အကြောင်းများ ကို လျှောက်ထားရာ မွန်စာများကို အလေးဂရု မပြုကြသောကြောင့် စု ဆောင်း သိမ်းထားခြင်း မရှိ၊ ပ ပျောက်လျက် အမှတ်အသား နည်းပါး သည်။ သေချာစွာ မပြောနိုင်ကြောင်း မိန့်လေသည်။ မွန်များ ပျက်ပြား တာ ကာလကြာ၍ လိုက်ရှာရန် ရဖို့ရာ ဝန်လေးမည် ထင်ကြောင်း မိန့် ကြားလေသည်။ ၎င်းဘုန်းတော်ကြီးမှာ မွန်လူမျိုး ဖြစ်သည်။

၁၂၀၉ ခု သီတင်းကျွတ်လဆန်း ၉ ရက် တနင်္လာသား၊ ရဟန်းဘွဲ့ ဦးကေတုမာလာ ခေါ်သည်။ ၁၂၃၁ ခု သီတင်းကျွတ်လဆုတ် ၈ ရက်မှာ ရဟန်းဘဝကို ရတော်မူသည်ဟု မိန့်ကြားသည်။

## ၄ ချိုး

ဗိန်းမြောခေါ် ကျောင်းမြတ်မှာ၊ ကိန်းဝပ်တဲ့ မြတ်အရှင်။ ။ ဦး- အပြု ကေတုမာလာ ခေါ်တဲ့၊ မြတ်ရှင်တော် ထံမှောက်ပါး၊ ပြားဝပ် လျှောက်

တင်။ ။ မွန်ရာဇဝင်–စဥ်အဆက် ပျောက်ပျက်ပေါ့ ကုန်အစင်။ ဟို
ရင်နဲ့ ကွာဝေး။ ။ သုံးမကျပြီလို့၊ မုန်းကြသူ တန်တန် များတာမို့၊
ရှားပေါ့ မွန်ရေး။ ။

ငင်းကျောင်းက ကျိုက်မရောမြို့ သင်္ဘောဆိပ်သို့ ဆင်းပြီးလျှင် သင်္ဘော စီးလျက် မော်လမြိုင်မြို့ လိုက်လာရာ ဒိုင်းဝန်ကွင်း ကျိုက်ဖနဲ ဆိပ်ကမ်းက တက်၍ မြန်မာ ဘုန်းကြီးကျောင်းတိုက်များကို လှည့်လည် စုံစမ်းရာ သတင်း မရ။ တောင်ပေါ်ရှိ ကျိုက်သလွံဘုရား၊ မဟာမုနိ ရုပ်ပွားတော်၊ ၂ ကျိပ် ရှစ်ဆူ အုတ်ကျောင်းတော်များကို ဖူးမြော်ကန်တော့၍ မောင်ငံရပ် တည်းခို သော အိမ်ကို သွားပါသည်။

ငင်းအရပ်သည်ကား ကမ်းနားနှင့် တစ်ခေါ်ခန့် ကွာသည်။ ဘုံ ဘာသက သွားလာရန် မစင်အိမ် ကမ်းနား၌ အကြီးအကျယ် ဆောက်လုပ် ထားလျက် ရှိသည်။ ငင်းအခန်းများမှာ တံခါးအပိတ် မရှိ၊ ပုဏ္ဏားကွယ် ထားသည်။ မစင်အိမ်သာနှင့် ဆက်ကာ မြစ်တွင်း၌ သွားလာသော သင်္ဘော စသည်တို့ကို ကြည့်ရှုရန် ရေကြည့်ဇရပ် ဆောက်လုပ်ထားလျက် ရှိသည်။

အစာဟောင်းကိစ္စ ထုတ်ကုန်အတွက်နှင့် လာကြသူ ကျား, မ တို့သည် ဝိုင်းဖွဲ့၍ စကားပြောဆို ကြည့်ရှုလျက် အတော်ကြာ နေလေ့ရှိ သည်။ အိမ်သာလမ်းသည် ကမ်းနားဘက်အိမ်ရှေ့ တံတားခင်းထားသည် ကို လျှောက်သွားရသည်။ သူတို့အရပ်၏ စရိုက်အလေ့ အားလျော်စွာ မခဲ မခက် ရှိပေကြ၏။ အရပ်၏ ဓလေ့စရိုက် အကြောင်းကို မသိပ ချောက အိမ်သာ ရှာရေးသည် အလွန်ဝန်လေးခြင်း ဖြစ်၍ အခါမဲ့ မိုးရွာသည်နှင့် တူချေမည်။

## ၂ ချိုး

မိုဂေဟာ အိမ်သာနဲ့ ကွာဝေး။ ။ မသိသူ ဧည့်သည်တို့မှာ၊ မေးဖို့
ခက်သေး။ ။

## ၄ ချိုး

ရပ်သဘော ဓာတ်ကြောကိုတဲ့ မသိလျှင်။ ။ ရှေးဦးစွာ မေးစုံစမ်း
ပါမှ၊ လမ်းဖြောင့်မည်ပင်။ ။ ဓာတ်ချုပ်သူ တကယ်ကောင်းလိမ့်မထင့်၊

အကြောင်းကိုတဲ့ မသိမြင်၊ အောင့်ချင်လို့ ရ,မလား။ ။ ထိုအမှုဟာက၊ ပူမှု တစ်ဖုံပျိုးတာမို့၊ ဆိုးလိုက်တာများ။ ။

မောင်ငံရပ်မှ နံနက် အုန်းတောရပ် ကျားတံတားမှ ဘီလူးကျွန်းသွား သဘော်စီး၍ သင္ကေ်ာရွာ ဆရာတော်ကြီးကျောင်းကို သွားသည်။ ဆရာတော်ကြီးသည် ကျောင်းပေါ်တွင် မီးလင်းဖိုနှင့် မီးလှုံလျက် ရှိသည်။ ဦးချသောအခါ ဆရာတော်ကြီးက နင် ဘယ်ကလဲ ဟု မေးသည်။ ရန်ကုန်ကပါ ဟု လျှောက်သော် နင် ဘာလုပ် လာသလဲ ဟု မေး၏။ ဆရာတော်ဘုရားကို ဖူးမြော်ရန် လာရောက်ကြောင်း၊ အရှင်ဘုရားတပည့် မောင်ရွှေကြိုးက မော်လမြိုင်ရောက်လျှင် သူ၏ဆရာ သင္ကေ်ာရွာ၌ ရှိပါသည်။ ခြေတော်ရင်းကို ရောက်အောင်သွားပါဟု အတန်တန် မှာလိုက်ခြင်းကြောင့် ခြေတော်ရင်း ရောက်ပါကြောင်း ထပ်၍ လျှောက်သောအခါ ဆရာတော်ဘုရားက ဟဲ့... ဒကာ၊ ယခု ရဟန်းရှင်လူတို့ ဘာများ ပြောသံကြားသလဲ။ အချို့ ရဟန်းရှင်လူတို့က သာသနာ ထွန်းလင်းရန် ရှိသည်။ အချို့က မရှိဟု ငြင်းခုံ ပြောဆိုနေကြကြောင်း လျှောက်သော်-

ဟဲ့... ဒကာ၊ ငါ ပြောမည်။ ဝိပ္ပတ္တိစက် ဖြစ်၍ ဆုတ်ယုတ်ရန်သာ ရှိသည်။ တိုးတက်စည်ကားမည် မထင်နဲ့။ သာသနာပြုမင်း ရှိမှသာ သာသနာ စည်ကားမည် မှတ်။ ရဟန်း သံဃာ ရှိသော်လည်း ခုရနှစ်ပါးကို အားထုတ်သူ မရှိ။ ကျမ်းဂန် မရှိ။ ယပ်လှဲတရား၊ မတ်ရပ်တရား၊ ကမ္မဋ္ဌာန်းထိုင် စသည်များကို ပြုလုပ်နေကြသည်မှာ သာသနာစည်ကားကြောင်း မဟုတ်။ လောကဓာတ်ပညာ ဘုန်းကြီးကျောင်း၌ သင်ခြင်းသည် ဘုရားအမှုတော်ကို ထမ်းတော်မူကြသော ရဟန်းများ မဟုတ်၍ သာသနာ စည်ကားမည် မဟုတ်။ မတော်တာကို ပြုလုပ်ကြမှ အများ ကြိုက်ကြသည်။ ဒါကြောင့် အထူးထူး အထွေထွေ မကောင်းသတင်းများ ကြားရတဲ့ပြင် အချိန်မဟုတ်ဘဲလျက် မိုးရွာတာကို ချင့်။ ကောင်းကင်နိမိတ် ပြတာကို ချင့်။ ကောင်းဖို့ မကောင်းဖို့ကိုတော့ ပညာရှိသောသူတို့ သိနိုင်ကြရန် ဖြစ်တယ်ဟု မိန့်ကြားတော်မူသည်။

ဟဲ့... ဒကာ၊ နင် ငါ့ထံ လာခြင်းသည် အကြောင်းရှိလိမ့်ဦးမည်။ ငါ အခွင့်ပြုသည်။ လျှောက်ရန်ရှိရင် လျှောက်ဟု အခွင့်ရသောအခါ၊

ရှေးက မွန်ဘာသာနဲ့ မှတ်သားထားတဲ့ ပဲခူး ဟံသာဝတီ၊ သထုံ၊ မုတ္တမ၊ ဝါကရူ ရာဇဝင်များ ရှိပါသလားလို့ လျှောက်ရာ၊ ငါ ရဟန်းဖြစ်စက ခုနစ် ကြောင်းပေနဲ့ အင်္ဂါ ၃၀ ကျော်ခန့် ရှိလိမ့်မည် ထင်သည်။ လောကီ ရာဇဝင် ထုံးဟောင်း သိုက်သမိုင်း ဓမ္မသတ် ပိဋကတ်များလည်း အချို့စာထုပ်ပေါင်း ၃၀ ကျော်လောက် (မောသော) ပြုလုပ်သောကြောင့် အမွေအစမှ ယခု မရှိ၊ ပျောက်ဆုံးသည်မှာ ဆယ်နှစ် ရှိပြီ။ ရှိခဲ့သော် ငါ မကန့်ကွက်၊ ချီးမြှောက် နိုင်ပါ၏။

ဟဲ့.... ဒကာ၊ ဒါကြောင့် အင်မတန် ဗဟုသုတကို လိုလားသော မွန်ကြီး၊ မွန်ဘုန်းကြီးတို့ကျောင်း၌ ရှိတတ်ငြားလည်း အသုံးအစွဲနည်းကြ၍ ပျက်စီးလျက် ရှိကြလိမ့်မယ်။ ဒကာတို့ မြန်မာစာပေ ကျမ်းဂန်တို့လည်း ငါတို့ မွန်ကဲ့သို့ ဖြစ်စရာ ရှိသည်။ မန္တလေးမြို့တော်မှာ မင်းတုန်းဘုရင်က ပိဋကတ် ကျောက်စာများကို သာသနာငါးထောင် ကြာအောင် ရည်ဆောင် စိုက်ထားသော်လည်း ထိုစာကို ဖတ်တတ်သူ၊ နားလည်သူ၊ ထိုစာအတိုင်း ကျကျနန သင်တတ်သူ ရှိမှ ကျင့်ဆောင်တတ်မည်။ ဒါမှသာ သာသနာ ကျိုး ဖြစ်မယ်။ ကျောက်စာ၊ ပေစာ၊ ဘုတ်အုပ်စာတွေနဲ့ ပိဋကတ်များ ရှိပေတဲ့ ကြည့်သူမှတ်သူ၊ တတ်သူကျင့်သူ မရှိပါက ထိုစာတွေ ပေါ်များ သော်လည်း သာသနာတော် စည်ပင် ပွင့်လင်းမယ် မထင်နဲ့။

ရဟန်းများလည်း ရဟန်း၏ အမူအယူ ကွဲပြားတယ်။ လူများလည်း အမျိုးစရိုက် မဟုတ်၊ အမူအယူ ကွဲပြားတယ်။ ငါဟာ အသက်ရှည်ခြင်း သည်ကား ကုသိုလ်ကောင်းလို့ မဟုတ်။ ကုသိုလ်ညံ့လို့ မကောင်းသော ခေတ်သမယနဲ့ တွေ့ကြုံရတာ။ ကုသိုလ်မကောင်းလို့ဟု ငါ ထင်တယ်။ ဒကာ လိုချင်တာ တခြား မွန်ကျောင်းများကို စုံစမ်းမေးမြန်းရင် ရလိမ့်မလား မပြောတတ်ဘူး။ ငါ ငယ်စဉ်က တွေ့ဖူးတဲ့ အကြောင်းကို သေချာအောင် မပြောနိုင်။ ရဟန်းလည်း ဖြစ်တော့ မဟုတ်တာကို ငါပြောမိမှာ စိုးတယ် ဟု မိန့်တော်မူလေ၏။

ထိုအခါ တပည့်တော်သည် အရှင်ဘုရားကဲ့သို့ သက်တော်ရှည် သော ပုဂ္ဂိုလ်ကြီးများကို ဖူးမြင်ရသည်မှာ အလွန် ကုသိုလ်ထူးလို့ ဖူးမြင် ရပေသည်ဟုလျှောက်ရာ၊ အေး... ဒကာ ဥဇုပ္ပဋိပန္နောပုဒ်နဲ့ ပြည့်စုံအောင်

ကျင့်နိုင်လျှင် အသက်လည်း ရှည်တတ်၏။ အန္တရာယ်လည်း ကင်းတတ်၏။ သို့လို သာသနာတော်၌ ကျင့်နိုင်သော အသက်ရှည်သူ၊ အန္တရာယ်ကင်းသူ ရှိပါမှ သာသနာတော်လည်း အသက်ရှည်မယ်။ အန္တရာယ်လည်း ကင်းမယ်။ ဒကာ မှတ်ထား ဟု မိန့်တော်မူပေသည်။

ထိုဆရာတော်ဘုရား သက္ကရာဇ် ၁၁၉၀ ပြည့် တော်သလင်းလဆုတ် ၁ ရက်၊ တနင်္လာသား၊ ဘွဲ့တော် ဦးဂုဏသာရ တွင်သည်။ မွန်လူမျိုး၊ ဘီလူးကျွန်းသား ဇာတိ၊ ငယ်ဖြူ ဖြစ်သည်။ ကျမ်းဂန်နှံ့စပ်ကြောင်း ကျော်ကြားခြင်း ကိတ္တိကို ရတော်မူလေသည်။

## ၂ ချိုး

သာသနာ ရာဇာ သူမြှောက်မှ နေတောက်ပုံ လင်း။ ။ ကျမ်းဂန်နှင့် ဝေးတာမို့၊ ကျင့်ရေး တကယ် သွမ်းတယ်၊ ဟန်းနဲ့ လူဖျင်း။ ။

၎င်းဆရာတော်ဘုရားကို ကန်တော့ပြီးလျှင် ဘုရားကြီးကုန်း သွားသည်။ ထိုအရပ်ကို ဝင်းကလိန်ဟု မွန်တို့ ခေါ်သည်။ မြန်မာလို လှေဝင်း ခေါ်သည်။ ရှေးက မြတ်စွာဘုရား အလောင်းတော် မိကျောင်းဖြစ်စဉ်က ထိုနေရာ၌ ကျက်စားဖူးသည်။ ထိုကျွန်း၌နေသော ဘီလူးတို့က မိကျောင်းကို မြင်သော် ဘီလူးတို့က "အုံအန်" ခေါ်သည်။ ဘီလူးစကားကို မွန်တို့က "ဝင်းကလိန်" ခေါ်ကြသည်။ ၎င်း ဝင်းကလိန်အရပ်ကို မြန်မာတို့က ဘုရားကြီးကို စွဲ၍ "ဘုရားကြီးကုန်း" ဟု ခေါ်ကြသည်။

၎င်း ဘုရားစေတီ မြောက်ဘက်တွင် ရှေးအခါက ရဟန္တာများ သမုတ်တော်မူသော ဝင်းကလိန် သိမ်ဟောင်း ရှိသည်။ ရှေးကျောက်တိုင်နိမိတ် ရှိသည်။ သိမ်၏ ဥပုသ်အိမ်ကို ထပ်၍ အသစ်ပြင်ဆင် ဆောက်လုပ်ထား၍ တင့်တယ်စွာ မြင်ခဲ့ရသည်။ စေတီတော်မြတ်သည် တံတိုင်းမီးတား နှင့် ပန်းတင်ခုံ ရှစ်မြှောင့်ချိုး၊ အောက်ခြေက ဂဝံကျောက်သားကို ခံသည်။ ဉာဏ်တော် ဆူးလေစေတီခန့် မြင့်မည် ထင်၏။

## ၄ ချိုး

ရဟန္တာထေရ်ရှင် သမုတ်ပါတဲ့၊ မတိမ်မြုပ် သိမ်တော်။ ။ ထို စေတီ မြောက်အရပ် ထူးမြတ် တောဇော်။ ။ ဥပုသ်အိမ် ရှေးအဟောင်း

နွမ်းပျောင်း၍ မြေပျော်၊ ယိုင်ချော်လို့ ပြန့်ကြဲ။ ။ နဝံပီယံဟု၊ နောက်ထပ်မံ-ပြင်ဆင်ပြုရှာတဲ့၊ ကုသိုလ်ရှင် စေနာစုမှာ၊ နိဗ္ဗာန်ဆု ခဲ။ ။

## ၂ ချီး

မြတ်စေတီ ကြည်လင်လို့ ဝပ်တွား။ ။ ခရီးသည် စေနာထူးသူမို့၊ ဦးချခဲ့ ပြေား။ ။

၎င်း ဘုရားစေတီ သိမ်မှ နတ်မော်ရွာသို့ သွားရာ ပြန်လာသောသဘော် ဆိုက်သဖြင့် သဘော်ကိုစီး၍ မော်လမြိုင်သို့ ပြန်လာသည်။ ညနေ ၃ နာရီ အချိန် မုတ္တမဘက်ကို ကူးသည်။ မွန်ဘာသာ "မော့တမော့" ခေါ်သည်။ မြန်မာလို မော့မှာ အစွန်း၊ တမော့မှာ ကျောက်၊ "ကျောက်စွန်း" ခေါ်သည်။ ယခု "မုတ္တမ" (မဓမ) ခေါ်ကြသည်။

ထိုကျောက်စွန်း အငူပေါ်၌ "ဝေဒါဒရ" ဖြင့် သိကြားမင်း နှိပ်ထားသော၊ တံဆိပ်အက္ခရာ ရှိသော မြသိန်းတန် စေတီတော်မြတ် ရှိသည်။ ဖိနပ်တော် ရှစ်မြှောင့်ချိုး၊ ပန်းတင်ခုံ ရှစ်မြှောင့်ချိုး ဖြစ်သည်။ တံတိုင်းမီးတား ဆီးကာလျက်ရှိသည်။ လေးမျက်နှာလှေကား ရှိသည်။ အာရုံခံ တန်ဆောင်း လေးမျက်နှာ ရှိသည်။ ဖိနပ်တော်ပေါ်၌ အရံစေတီငယ် ၁၆ ဆူ ရှိသည်။ စေတီတော်မြတ် အရှေ့ဘက် ကျောက်စွန်းမှာ ရေကြည့် တန်းဆောင်းငယ် တစ်ခု ရှိသည်။ ၎င်းတန်ဆောင်းမှ မြစ်ကိုဆင်း၍ ရေသုံးဆောင်ခပ်ယူရန် အုတ်လှေကားလိမ် ၂ ခု ရှိသည်။ သင့်မြတ်သောနေရာ ဖြစ်သည်။

ဘုရားရင်ပြင်တော်တွင် ခေါင်းလောင်း ၂ လုံး ရှိသည်။ ခေါင်းလောင်း ကြီး တစ်လုံးမှာ တနင်္ဂနွေထောင့်၌ ရှိသည်။ အနည်းငယ် သိရသလောက် မှာ"သက္ကရာ ၈၉၉ ဂိတုဖြိုက်ကညြိုဝ်မွဲဆ ၆ ဝက်၊ မဟာဗိဇ္ဇာသိရိသဃံ။" ဤမျှ မှတ်ခဲ့သည်။ သောကြာဘက် ခေါင်းလောင်းမှာ "သက္ကရာ ၁၂၃၃ ဂိတုဖစ်ရဂိုန်နှစ်-မွတ်ပလင်းနေ-စက်မောင်လှေးမရ်မရ်လှ။" ဤမျှ မှတ်သား ၍ ရသည်။

စေတီတော်အမြင့် ဆူးလေစေတီခန့်မျှ ရှိသည်။ ၎င်းစေတီတော်မှာ သပိတ်မှောက် တခြားသန့်သန့်၊ ခေါင်းလောင်းဘုံ တခြားသန့်သန့် တည်ထားသည်ကို တွေ့ရသည်။ ဘုရားကုန်းတော်အထက် မဟာရံတံတိုင်းမှန်

ကပ် တံခါးအဝင်အထွက်၌ ဆွဲကပ်ထားသော ကမ္ပည်းစာမှာ "ဘုရားပရိ ဝုဏ် အတွင်း၌ ဖိနပ်စီးခြင်း၊ တည်းခိုခြင်း၊ လုံတံကိုင်ခြင်း၊ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သော အလုပ်များ မလုပ်ရ" ဟု ဆွဲကပ်ထားသည်။ ထိုစေတီတော် မြတ်သည် နှစ်စဉ် တပို့တွဲလဆန်း ၁၁ ရက်က လပြည့်နေ့ထိ ပွဲတော် ပြုလုပ် ကျင်းပပူဇော်ကြသည်။ ယခုလည်း တပို့တွဲလ ကျရောက်လျှင် ပွဲလမ်းသဘင် ကျင်းပရန် အလှူမဏ္ဍပ်၊ ရုပ်စုံစင်များမှ စ၍ ဘုရားရင်ပြင် တော်၌ ဆောက်လုပ်လျက် ရှိကြသည်ကို တွေ့ခဲ့ရပေသည်။

## ၄ ချိုး

ဝေဒါဒရ–မုတ္တမ မြသိန်းတန်။ ။ သိကြားနံ့ မှတ်တံဆိပ်၊ လိဒ်ိပ် အမှန်။ ။ ကျောက်စွန်းပေါ် တည်ထားတဲ့၊ ရှေးမင်းများ ရည်သန်၊ ကြည်ရန်မှူ စိတ်ဇော။ ။ မနောမှာ–ပီတိ ဖရဏာနှင့်၊ စေတနာ လွှန်ပြန့်မြူး တယ်၊ ဦးချကာ ဩ။ ။

မြသိန်းတန် စေတီတော်မြတ်ကို ကြည်ညိုပြီးနောက် မီးရထားရုံသို့ ပြန်လာ၍ ည ၆ နာရီခွဲ ထွက်သော မီးရထားကို စီး၍ ပဲခူးမြို့ လိုက်လာရာ စီးသောမီးရထား တွဲနံပါတ် ၄၂၇၁ ဖြစ်သည်။ မီးရထား ထွက်လာ၍ ကျွဲခြံ မီးရထားရုံ ရပ်သည့်အခါ အသက် ၁၁ နှစ်ရွယ်သူ မိန်းကလေး တစ်ယောက် ပြောင်းဖူးပြုတ် ရောင်းလာရာ၊ အသက် ၃၀ ကျော်ရွယ် လူ တစ်ယောက်က ပြောင်းဖူးရောင်းတဲ့ သူငယ်မကလေးကို ခေါ်၍ ပါလာ သော ပြောင်းဖူးကို အကုန်အစင် အပေါ်ဖပ်ကို ဖြဲ၍ လှန်၍ ကြည့်ပြီးမှ ဘယ့်နှယ်ရောင်းတုံး မေးသည်။ တစ်ပြား တစ်ဖူး ပြောသည်။ တစ်ပဲ ခြောက်ဖူး ပေးရမယ် ပြောသည်။ မပေးနိုင်ဘူး ပြောသည်။ ပေးရမယ်ဟု အတန်တန်ပြောရာ မရ၍ ပြောင်းဖူးတစ်ဖူး ဝယ်ယူသည်။

သူငယ်မကလေး လျှောက်လျက် ရောင်းလေသည်။ ထိုသူသည် ပြောင်းဖူးကို စားသည်။ ထိုအခါ ချဉ်သည်။ သူ့ကို လိမ်ရောင်းသည်။ သူငယ်မကလေးကို မိုင်းတာမ ဟု ဆဲသည်။ ငါ့ကို လိမ်ရောင်းသည်။ ပလိပ်ရောဂါနဲ့ သေပါစေဟယ် လို့ ကျိန်ဆဲလေသည်။ ဘယ် ပဝေဏီက ပြောင်းဖူးကို ရောင်းတယ်မသိ ဟု များစွာ ဗရန်တောက်တီး ပြောတာကို

ရထားပေါ်ရှိ လူတို့ ရယ်ကြ၊ ပြုံးကြကုန်သည်။ ပြောင်းဖူး ဝယ်သူသည် သူ့ကိုယ်ကို "လူနပ်" ဟု ထင်အောင် ပြောတာလား၊ မူးလို့ ပြောတာလား မသိ ဖြစ်၏။ မီးရထားထွက်၍ အပေါင် မီးရထားရုံ ရောက်သောအခါ ထိုသူ ဆင်းသွားလေ၏။ အချို့က ၎င်းသူသည် "တိုက်စာရေး" ဟု ပြော သည်။

## ၄ ချိုး

သမီးရှုယ် ပြောင်းသည်မကို၊ ဒေါသနှင့် အမျက်ထန်။ ။ ကိုယ်များ ကိုယ်မမြင်လို့၊ မဆင်ခြင် လေသံကြွား–ထားတဲ့စိတ်မာန်။ ။ တစ်ပြားကုန် တွက်နှင့် နံ့ချက်က မတင့်ဟန်၊ ဝင့်ညာဏ်နှင့် အတော်ကြွား။ ။ လိမ်လို့ ရောင်းတယ်ပ၊ ကိုယ်ကောင်း အကယ် လောင်းပါဘိ၊ ကြောင်းသိအောင် ကြား။ ။

နောက် ၎င်းတွဲမှာပင် မယ်သီလတစ်ယောက်၊ အသက် ၄၀ ရှုယ်သူ၊ မော်လမြိုင် ဇာတိ၊ ရန်ကုန်မြို့ တိဂုံစေတီတော်မြတ်ကို ဖူးမြော်ပူဇော်ရန် လာကြောင်း ပြောလေ၏။ ဤအခါ ဒါးပိန်ကို ဆင်းရန် စီးလာသော မယ်သီလနှင့် မျက်နှာချင်းဆိုင် အသက် ၆၀ ရှုယ် ဘုရားဒကာကြီးက သီလရင် လုပ်တာ ဘယ်နနှစ် ရှိပြီလဲ မေးရာ သီလရင်က နှစ်ဝါရပြီ ပြော သည်။ ဘုရားဒကာကြီးက မယ်သီလများမှာ ရှင်သာမဏေ၊ ဘုန်းကြီးများ ကဲ့သို့ ဝါဆို ဝါကပ်ခြင်း အမှုကို ပြုရသေးသည်လား မေးရာ မသိပါဘူး၊ သူများ ပြောလို့ ပြောရပါတယ်လို့ ဝန်ခံလေ၏။

ဘုရားဒကာကြီးက နောက်ကို ဘယ်အခါမဆို ဝါရကြောင်းကို မပြောပါနဲ့။ မယ်သီလနှင့် လူဝတ်နဲ့ ဘာမျှ မခြားဘူး၊ မထူးပါဘူး။ ကျင့် ရသော သိက္ခာမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလသာ ရှိတယ်။ ခေါင်းတုံး၍၊ အဝတ်တစ်ဆင်တည်း ဝတ်ရ၍ မြတ်သည် မထင်နဲ့။ ယခု ပြောတဲ့ သီလများထက် တိုးလို့ မယ်သီလတို့ ကျင့်နိုင်မယ် မဟုတ်၍ ရှင်သာမဏေ၊ ဘုန်းတော်ကြီးများကို တုပြီးလျှင် ဝါရတယ်ဟု ပြောခြင်းဟာ မတော်ဘူး။ ရှင်သာမဏေမှာ ဆယ်ပါးသီလ အမြဲဆောက်တည်ရသည်။ ၇၅ ပါးသော သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရသည်။ ရဟန်းတော် များမှာ ဘယ်လောက်မြင့်မြတ်သည် ပြောဖွယ်မရှိ၊ အရိယာအနွယ်တော်

ဖြစ်ကြပေတယ်။ ရဟန်းတော်၊ ရှင်သာမဏေများမှာ သာသနာ့ဝန်ထမ်း ဖြစ်တော်မူကြသည်။ သာသနာတော် အကျိုးဖြစ်သည်။ မယ်သီလ၊ ဖိုးသူ တော် အဖြစ်ကို ချီးမြှောက်သော်လည်း ဓမ္မာနုဂ္ဂဟာ မဖြစ်နိုင်။ အချို့ မယ်သီလ များမှာ စန္ဒာ၊ ဓမ္မာ၊ နန္ဒာ၊ စန္ဒီ၊ ပညာ၊ ဝဏ္ဏာ၊ သုတ၊ သုမန၊ ပပ၊ ဓမ္မစာရီ၊ မေတ စသည်ဖြင့် ဘုန်းကြီး၊ သာမဏေများကို တုလို့ ဘွဲ့အမည် ပညတ် ခေါ်ကြသည်ကား ရှေးထုံးရှေးစံ မရှိ။ ဘုရားဟော ကျမ်းဂန်ထွက် မရှိပါ ဘဲနှင့် ဘွဲ့အမည် ပေးကြသည်မှာ သာသနာကို နှောင့်ယှက်ခြင်းမျှသာ ဖြစ်တယ်။ အကောင်း မဟုတ်။

ဘုရား ရှေ့လက်ထက်တော်က ရဟန္တာမိန်းမ များစွာ ရှိကြသည် ကို ဘွဲ့အမည်ပေးကြောင်း ကျမ်းဂန်၌ မလာ။ ကုန်းဘောင်မင်းဆက်တွင် ဖိုးသူတော် ဦးမင်း၊ ကန်ရေဖိုးသူတော်၊ ရေဝန်းဖိုးသူတော်၊ စစ်ကိုင်းဖိုးသူ တော် ဟု ကြားဖူး၏။ ဖိုးသူတော် ဘွဲ့ပညတ် ခေါ်ဝေါ်သည် မရှိ။ သီလရှင် ဆရာကင်း၊ ဆရာမယ်၊ ဆရာနတ်ပေး၊ ဆရာတာ၊ ဆရာတုတ် ဟူ၍ လူ အမည်နဲ့ ခေါ်ကြသည်ကို ကြားဖူး၏။ သီလရှင်များက ဘွဲ့အမည် ပညတ် ခေါ်ကြသည်မှာ သာသနာတော်၌ ထမ်းဆောင်လျက် ရှိကြသော အရှင် သံဃာတော်မြတ်တို့၏ ဂုဏ်ထူးကို တုယောင်ယိုးမှား လိုက်၍၊ တု၍ ဖျက်ဆီး တာနဲ့ တူသည်။ ဖိုးသူတော်၊ မယ်သီလ လုပ်ကြသည်ကား သာသနာတော် ကျိုး မဟုတ်။ ဘယ် ဖိုးသူတော်၊ ဘယ် မယ်သီလတစ်ယောက် သာသနာ့ ဝန်ကို ရွက်ဆောင်၍ သာသနာပြုနိုင်မယ် မဟုတ်။ စင်စစ်မှာ အလှူခံ တစ်မျိုးသာ ဖြစ်သည်ဟု ပြောသောအခါ ပြုစ၊ လုပ်စ၊ ဖြစ်စ ဖြစ်သော သီလရှင်သည် ဘာမျှ ပြန်မပြောဘဲ အသာ နားထောင်လျက် နေလေ၏။

## ၂ ချီး

လမ်းမမှန်–ကျမ်းဂန်လာ ဘယ် မရောက်လေဘု၊ အထောက် ကွာ ခြား။ ။ ဥပလဝဏ် ထေရီသို့၊ မေအညီ ကောသီ သိမ်းရုံနှင့်၊ ငြိမ်းပါ့ မလား။ ။

နာရီပြန် ၃ ချက် အချိန် ပဲခူးမြို့ကို ရောက်၍ ဆင်းပြီးလျှင် တည်းအိမ်သို့ သွားသည်။ အရပ်ရပ် သွားရသည်လမ်းမှာ ပဲခူးမြို့နယ်၊

ကျိုက်ထိုနယ်၊ သထုံနယ်၊ မုတ္တမနယ်၊ ကတိုးကော့နယ်၊ ဘီလူးကျွန်းနယ်၊ မော်လမြိုင်နယ်၊ မုဒုံနယ်၊ ဇယားနယ်၊ ဝါကရူနယ်၊ ကျိုက်မရော မြို့နယ်များတွင် ၁၂၇၃ ခု ပြာသိုလဆုတ် ၁ ရက်က စ၍ မိုးရွာသွန်းရာ မိုးဦးကျကဲ့သို့ ဖြစ်လေ၏။ လယ်သမားများမှာ အချို့ စပါးရိတ်ဆဲ၊ နယ်ဆဲ၊ ကောက်လှိုင်းစည်းပုံဆဲ၊ တိုက်ဆဲ၊ စုပုံဆဲ အခါဖြစ်သောကြောင့် များစွာ မိုးအတွက် ပူပင်သောက ဖြစ်ကြလေသည်။ အချို့တို့က နှစ်ကျပ်တစ်မတ် မိုးဟု ရယ်ဖွယ် ပြောကြလေသည်။

သတ္တဝါတို့၏ စိတ်အလိုက် ဥတုကြိုက်သဖြင့် စရိုက်အားလျော်စွာ လောက၏ ဖြစ်ကြောင်း၊ ဖောက်ပြန်ကြောင်းဟု ထင်မှတ်ဖွယ်ရာဖြစ် ပေ၏။

**လောကဝိဒူ မော်ကွန်းတွင်-**

တရားနှင့်လူ၊ တအူဖြောင့်ဖြောင့်၊ ကိုယ်စောင့်မှန်သုံး၊ နှလုံးနူတ်ပီ၊ တသုတ်ညီက၊ ပထဝီနှစ်၊ မြေဆီလှစ်လျက်၊ တူးချစ်မခါး၊ လူတို့စားသည်၊ ဆေးဝါးပါစဉ်၊ အချဉ်အချို၊ နာငုပ်ပြို၍၊ ထိုထိုဗျာဓိ၊ တြိဒေါသ၊ ဒွေးဝန်းစသား၊ မြူမှမရိပ်၊ ရေနှယ်နှိပ်၏၊ တက်ဆိပ်မလူး၊ ဝဲမကူးသား၊ မိုးဦးလယ်နှောင်း၊ ခန့်တိုင်းကောင်း၏၊ ပဲပြောင်းစပါး၊ ဇလားတောင်းတင်း၊ စာရင်းမရှိ၊ ကြွယ်ခေါင်ထိစွ၊ အဓမ္မင်း၊ တရားကင်းမူ၊ ခပင်းလူမျိုး၊ မှောက်သည့်အိုးသို့၊ ဖောက်ထိုးဖောက်ဖီး၊ ဂြိုဟ်အစီးတုံ၊ ခရီးငါးပါး၊ အကောက်သွားရှင့်၊ ပတ္တမြားဆန်မှည့်၊ ပေးတည့်လက်လှမ်း၊ ကွမ်းစားကွမ်းလိမ်၊ သွားတိမ်နက္ခတ်၊ နတ်လည်းမမှန်၊ ဘယ်ပြန်ညာကြော့၊ ဖီလာဆော့၍၊ သော့သော့ပျက်သိုး၊ သီးပွင့်မျိုးလည်း၊ ဆစ်ပိုးဆွဲ့အ၊ တမ်းခွန်လွနှင့်၊ သိမ်ပြရိသဲ့၊ ထဲ နှစ်,မဲ့၏၊ သုံးဆဲ့တကိုက်၊ ဘဝင်ရိုက်ကို၊ စိုးပိုက်ပိုင်သိ၊ ထွတ်တိုင်ထိဖြင့်၊ အမိကဂိုဏ်း၊ ဂုဏ်ဖြင့်လှိုင်းသည်။ ။ ဟောတိုင်းသစ္စာ မှံတွားတည်း ။ ။ (ကျက်ရန်)

**တိက္ခာကုလပ္ပိတွင်-**

ပြည်ကြီးဥက္ကဌ်၊ တရားလွတ်၍၊ ယွင်းချွတ်မှောက်မှား၊ အနှစ်ပါးမူ၊ သားဥပရာ၊ တေဇာလွှဲ့ပတ်၊ အိမ်ရှေ့နတ်နှင့်၊ မှူးမတ်သေဌေး၊ မြို့ကျေး

တိုင်းသူ၊ ရှင်လူအများ၊ တရားမဖြောင့်၊ ကိုယ်စောင့်မြေစောင့်၊ အာကာစောင့်သား၊ နတ်ကောင်းဘာဝ၊ ဥဏ္ဏအဖွဲ့၊ သီတာဝဿာ၊ ဝလာဟာစစ်၊ နတ်လေးဖြစ်နှင့်၊ မဟာရာဇ်အစ၊ ကာမခြောက်ရွာ၊ ကမလာသန်၊ ဘုမ္မန္တရ၊ ရှိသမျှတွင်၊ အရိယာဇာတ်၊ ဗြဟ္မာနတ်မှ၊ အလွတ်များထွေ၊ တရားသွေ့၍၊ လ-နေလမ်းထောင့်၊ မဖြောင့်ခရီး၊ လေကြီးသည်းထန်၊ အလာဆန်လျက်၊ ဗိမာန်လုံးစုံ၊ ကောင်းကင်ဘုံလည်း၊ ရွေ့တုံချောက်ချား၊ ရှိသောအားဖြင့်၊ နတ်များနောက်ကျူ၊ ဥတုသုံးမျိုး၊ မညီနိုးတည့်၊ မိုးလည်းမမှန်၊ ရွာသွန်ရကား၊ ငါးပါးအခါ၊ ကောက်မှာဖြိုးလွေ့၊ မတွေ့ရေမိုး၊ မဖြိုးခွန်နက်၊ အထွက်မသန်၊ ချက်သည်ဆန်မူ၊ ဥတ္တဏ္ဍုလ၊ သုံးဆောင်ကလျှင်၊ ရသယွင်းယို၊ အသက်တိုဟု၊ မြွက်ဆိုသောလျှောက်၊ အကြောင်းထောက်သော်၊ တယောက်လူမင်း၊ တရားယွင်းက၊ ပြည်တွင်းပြည်ပ၊ မြို့ပြလူ့ရွာ၊ လူ၌သာလျှင်၊ ပျက်ရာ၏ဟူ၊ မယူသာချေ၊ ဘုံသုံးထွေမှာ၊ သာဝသေသ၊ သဗ္ဗပညတ်၊ လုံးစုံမှတ်လော့၊ လူနတ်ဗြဟ္မာ၊ တရားကွာသည်။ ။ ရာဇာပဋ္ဌာန အရေးတည်း။ ။ (ကျက်ရန်)။

လူမင်းတပါး၊ ချွတ်ယွင်းမှား၍၊ တရားလက်လွတ်၊ မေ့ကျန်လတ်မူ၊ လောကဓာတ်တိမ်းစောင်း၊ အကြောင်းအဆင့်ဆင့်၊ ချောက်ချားခြင့်းကြောင့်၊ ယခင့်စကား၊ အသင့်အားဖြင့်၊ မှူးဖျားမတ်ခေါင်၊ တရားရှောင်လျက်၊ များမြောင်စစ်စီး၊ ကြီးသားရမ္မက်၊ နှိုင်းဖွယ်ခက်မျှ၊ ရက်ရက်ရောရော၊ မောသောထူဘိ၊ လောဘငြိ၍၊ အဂတိရပ်၊ ကိုယ်ကျပ်ရောက်လစ်၊ မွန်းကြနစ်သော်၊ မပြစ်မမှား၊ ချစ်သနားနှင့်၊ ဝမ်းပါးမြောက်မူ၊ လျစ်လျူရှုဟု၊ လေးခုဗြဟ္မစိုရ်၊ ပျက်ယွင်းယိုပြီ၊ ကိုယ်သာကိုယ်ချင့်၊ လိုလွန်ကျင့်လျက်၊ အရှင့်စီးပွား၊ ပြည်စီးပွားကို၊ ထောက်ထားမင့်၊ နှိုင်းမရှဲ့တည့်၊ ပြည့်ထဲ့အရေး၊ ရှုပ်ထွေးမသင်၊ ပုပ်ဆွေးဖြင်လည်း၊ ဆင်ခြင်မဲ့ငြား၊ လျှပ်စားဖြတ်စား၊ ဖျံ့အကြားဝယ်၊ တရားကွယ်ဖြုတ်၊ မြေခွေးယုတ်သို့၊ ခွန်တုတ်ယူသိမ်း၊ မငြိမ်းပြည်ရွာ၊ မသာမြို့ပြ၊ မဝကုံတံ၊ နိုင်ငံလုံးစုံ၊ နိဂုံဇနပိုဒ်၊ လျှုလျှုရှိုက်လည်း၊ ပိုက်တံငါဖွဲ့၊ ပမာကဲ့သို့၊ ယုတ်သဲ့ကုန်စင်၊ ခေါင်ငင်တောင်းယူ၊ လူ အကံငေ၊ ဟူရာဘွယ်လိ၊ ယုတ်မာဘိ၍၊ ပြည်ကြီ့လောင်စာ၊ ဖြစ်တို့ရာသည်။ ။ ဗိုလ်ပါ တလုံ့ ဆွေးဆွေးတည်း။ ။

ဤဆောင်ပုဒ်များကို အလိုရှိသူတို့ ကျက်မှတ်၊ ဝမ်းထဲသို့ သိုသိပ်ရန် ထည့်လိုက်သည်။

## တေးထပ်

လရာသီ မကာရ၊ ဟေမန္တ ဆောင်းခါ၊ လေပြန်ကြွ မကောင်းတာမှာ၊ ပေါင်းသတ္တဝါတွေတို့၊ ရောက်ဥတု ဖောက်ပြန်တယ်၊ မှောက်လှန်ကာ–ထားဘိလေသို့၊ မိုးမေဃ–သွန်းချုပ်မှာ၊ ကျွန်းရရုံ မချို့၊ စပါးဝယ်သည်တို့နှင့် ပူစေဖို့ လယ့်ရှင်၊ မပြီးခင် ဝသန်တွင်းကဲ့သို့၊ ကံယွင်းမဲ့ ခင်းရောက်သည့်အင်၊ ကပ်မိုးသို့ မာန်ဝင်တယ်၊ တရားရှင် ဖောက်ပြားလို့၊ အများတို့သုခကွာ၊ ဘေးရောက်မည်သာ၊ တွေးကြောက်ဖို့ မကြုံရာသည်၊ ကံဖန်ရာဖြစ်ကြောင်းပလေး။ ။

## ၂ ချိုး

ခါမမှန် ရွာထန်ချက် ပွေဆိုး။ ။ ဝသန်နှောင်းပါပေါ့၊ ရွာကောင်းတယ်–အုံ့မမှိုင်းပါနဲ့ ဆိုင်းပ ရွှေမိုး။ ။

## မိုးရွာတဲ့အကြောင်း ခု ,လ စွဲမှတ်ရန် ၂ ချိုး

တစ်, နှစ်, ခွန်, သုံးစွန် မကာရမှာလ၊ ရွာချလေ အို့။ ။ ကိုးရပ်ဘောင်၊ မိုးနတ်မောင် လွှန်မကဲပါနှင့်–စဲလိုက်ပါ ကို့။ ။

*

**စော** ။ ။ ဆရာကြီး စာက လင်္ကာသွား မဟုတ်၊ ရိုးရိုးပဲ တွေ့မြင်ရသည်ကို ဖော်ပြခြင်း ဖြစ်ပေတယ်။ ဖော်ပြထားသည်ကို ကဗျာနှင့် အုပ်ထားသည်က အပိုမပါဘဲ အဖိုးတန်ပါပေတယ်။ အကြောင်းရှိသည်ကို ဝမ်းစာမသွတ်ဘဲ ချုပ်၍ ကဗျာသီကုံးခြင်းသည် ပညာရှိ ပီပေတယ်လို့ ကျွန်တော်တို့ ဆရာကြီးများ ပြောပြပါသည်။ ဒွေးချိုး၊ တြိချိုး၊ လေးချိုးတို့ စပ်ဆိုခြင်းမှာ အပုဒ်ညီထား၍ စီကုံးခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု ပြောပြသည်ကို နာခံရပါသည် ဆရာကြီး။

**အင်း....** ကျုပ်တို့လည်း အစီအကုံးကို လေ့ကျင့်သည့်အခါက

ဒွေးချိုးရေးလျှင် ပထမပိုဒ် တို၍ ဒုတိယပိုဒ် ရှည်သဗျ။ ဒုတိယပိုဒ် တို၍ ပထမပိုဒ် ရှည်သဗျ။ တြိချိုးမှာ ရှည်တာ ရှည်၊ တိုတာ တိုပဲ ဖြစ်ပါတယ်။ လေးချိုးမှာ ပထမ တိုခြင်း ရှည်ခြင်း၊ ဒုတိယလည်း လည်းကောင်း၊ တတိယ လည်း လည်းကောင်း၊ စတုတ္ထလည်း လည်းကောင်း ဖြစ်ပါသည်။ အပိုဒ် မညီပါ။ နောက် သတိပြုခါ ရှေးဆရာကြီး၊ ဖိုးသူတော်ဦးမင်း၊ မင်းထင် သက်ရှည် ဘွဲ့ရ လှဦးမင်း၊ စာဆိုတော်ဦးအိ၊ ဦးဖုန်း၊ ဦးတွန်၊ တရားမ တရားသူကြီး ဦးအေးတို့ စီကုံးထားခဲ့ကြသော ကဗျာများကို နောက်လိုက် တပည့်ခံ၍ မှီဝဲရသဖြင့် ကဗျာအချိုးကလေးများကို အပိုမပါ စီကုံးတတ် ရပါသည်။ မိမိ ရေးသော အချိုးကလေးများကိုလည်း သဘာဝ တူသော ရဟန်းရှင်လူ ပညာရှင်တို့ နှစ်သက်ကြပေသဗျ။

နို့.... ဒါပဲလား ဆရာကြီး၊ ရှိပါသေးလျှင် ဖတ်ပါရစေ။ ထုတ်၍ မ စ ပါဦး။

ရှိပါသေးရဲ့။ ဒါကတော့ လင်္ကာသွား ခရီးလား ဖြစ်ပေတယ်။ မိကျောင်းရဲမြို့ စာဆိုဆရာကြီး ဦးကြင်ဥ စီကုံးသော တောလား၊ တိမ်လား၊ ရေလား အသွားမျိုးကို ဦးထိပ်ထား၍ စီကုံးသော "ခရီးလား" ဖြစ်ပေသဗျ။ ဖတ်စမ်း...။

## ၁၂၇၃ ခုနှစ် ကြေးတိုင်ဝန်မင်း
## ဂျေ-အေ-စတူးဝပ် သခင်နှင့် လိုက်ပါရသော
## ဒေသန္တရ ခရီးစဉ်လား

တစ် နှစ် ခွန် သုံး၊ ခေါ်ထုံးသက္က၊ ဝေါဟာရပြု၊ ဥတုဟောမန်၊ နှင်းအန် သမယ၊ မကာရရာသီ၊ ခါညီမြင်းခင်း၊ စက်ကွင်းလှံထိုး၊ စစ်ထိုးကျင်းပ၊ ဓားကတဖုံ၊ မင်းကုံမတ်ပေါင်း၊ မှူထမ်းကောင်းတို့၊ တတ်ကြောင်းဖြာဖြာ၊ ကျွမ်းကျင်ရာကို၊ စွမ်းပါသမျှ၊ ပြကုန်ကြသော်၊ နရသစ်နှင်း၊ ပြည့်ရှင် မင်းက၊ အချင်းအရည်၊ ဂုဏ်မည်အလိုက်၊ အထိုက်အလျောက်၊ ချီးမြှောက် တဖြာ၊ မြို့ရွာကျေး၊ ပေးသနားခဲ့၊ ဘွဲ့အား ထို့တူ၊ ကြည်ဖြူနှစ်သက်၊ မပျက် ပူရိသ၊ မေဒ မချွတ်၊ မင်းဝတ် ပြည့်စုံ၊ ရောက်တုံလစဉ်၊ သဘင် ကျင်းပ၊ ဖုသျှကြယ်ပျံ၊ အာကာယံမှာ၊ ရောင်လျှံမွဲမွဲ၊ ထွန်းစဲအကြိုက်၊ ပန်းခွာညိုလဲ-ပေါ်အခိုက်မို့၊ သမိုက်ဝေါဟာ၊ ညဥ့်ခါတာရှည်၊ ရာသီ ပြာသို၊ အချမ်းရယ် ပို၊ ခေတ်ကို ယခု ရောက်တော့တယ်။

### ခွန်းထောက် ၂ ဆစ်

ချမ်းခိုက်ခိုက် တုန်တဲ့တုန်၊ စောင်ခြုံလို့ မနွေး။ ။ လပြာသို
ညဥ့် ရှည်ချက် ဟာမို့၊ ဒူးဖက်လျက် ကွေး။ ။

ဩော်... ထိုရာသီ အချိန်၊ ဆောင်းဥတု-လာလျက် ကြိမ်၍၊ မွေ့သိမ်နဂရ၊ ဟသ်ာ ခ တဲ့ သမလကုမ္မာ၊ နောင်ညီ ၂ ဦး၊ မြို့တည်ဖူးတဲ့ ဂုဏ်ထူးဖြာ၊ ဘူမာ သန့်ခြား၊ ဘုရား ဗျာဒိတ်၊ ရွှေအတိတ်နှင့်၊ နှိပ်လျက်ထား၊ သိကြားဖန်တည်၊ ဝေယန်ပြည်သို့၊ ပြန့်ကြည်လျှံဖြာ၊ ဟံသာဝတီ၊ အတိတ်

ချီသည်၊ သညီတင့်ဖြိုး၊ မြို့ပဲခိုးတွင်၊ တန်ခိုးကျော်စော၊ ရွှေမောဓောကို၊ မနောရွှင်ရွှင်၊ ရှိဦးရယ် တင်၊ ကြည်လင်စေတနာ ထူးတော့တယ်။

## ခွန်းထောက် ၄ ဆစ်

ကျိုက်မူဘာ မွန်စကားနှင့်၊ ရှေးမင်းများ တည်ရှာ။ ။ မြတ်ဘုရား–ရပါငြား အငူခေါ်တဲ့ မြန်မာသော်–ရွှေမော်ဓောရယ်လို့၊ သော ကြွက်ကြွက်ညာ။ ။ နိုင်းတူခေါ် နဂရဲ့၊ သမွဲတဲ့–ရာယ်ဖယ်သာ၊ မြတ်ဇီနာ ဂုဏ်ထူး။ ။ ဒွေးကေသာ၊ နှစ်ဆူပ၊ ရတဲ့သူ–စေတနာပြတ်ထာမို့၊ ကောင်းမြတ်တည်ဦး။ ။

ဩော်... မော်ဓောထူပ၊ စိန္တေယျကို၊ ပူဇနေတင်ချီး၊ ဖူးမြော်ပြီး၍၊ ခရီးတွင်တွင်၊ သွားရမည့် လမ်းစဉ်မှာ၊ ဟိုရင် ရှေးဟောင်း၊ မွန်ပိုင်းကျောင်းတွင်၊ မူကောင်းမူမှန်၊ ကျမ်းဂန်အညီ၊ ဟံသာဝတီပဲခိုး၊ မွန်လူမျိုးတို့၊ ဘုန်းတန်ခိုးအင်၊ အုပ်စိုးစဉ်က၊ ရာဇဝင်ကမ္ပည်း၊ နိဿရည်းကို၊ မူနည်းရဖို့၊ မချို့အရေး၊ စုံစမ်းမေးသော်၊ မနေ့းသတင်း၊ ရလာခြင်းကြောင့်၊ ချက်ချင်း ဆောစွာ၊ စိုင်တီရွာသို့၊ သွားရာလျင်ကြောင်း၊ ဝိဟာကျောင်း၌၊ ကိန်းအောင်း စံပျော်၊ ဆရာတော်ကို၊ ပူဇော်သကာ၊ ပြုဖို့ရာလဲ၊ မဟာထေရ်ဖြား၊ ယာယီ အားဖြင့်၊ ကြွသွားကျိုက်ထို၊ ရှိခိုက်မိုလို့၊ အလိုဆန္ဒမပျောက်ရ–ဒေသ ရောက်ရှုံ ရှိခဲ့တယ်။

## ခွန်းထောက် ၂ ဆစ်

စိုင်တီခေါ် ဝိဟာကျောင်း၊ ရှေးဟောင်း မွန်ရာဝင်၊ ဟိုရင်က–အတ္ထိ။ ။ သတင်း ကြားရယ်နှင့်၊ သွားရာသူ–လိုမတုံးပေဘု၊ ဖုန်းက နတ္ထိ။ ။

ဩော်... စိုင်တီကျောင်းတွင်၊ နေအောင်းညောင်းညာ၊ ဖြေရာခွေတွေ၊ ဖြည့်ပြီးမှလျှင်၊ တခဲ့တဖန်၊ လှည့်၍ပြန်သော်၊ ယမန်အဆို၊ ကျွန်းသီဟိုဠ်က၊ ပုဂ္ဂိုလ်ထေရ်များ၊ ပင့်ယူကြ၍၊ ဆက်သငြားသည်၊ မင်းဖြားဓမ္မစေတီ၊ ဦးချီဝပ်ပျောင်း၊ ကြည်ညိုပေါင်းဖြင့်၊ ကောင်းကောင်းရွှင်ရွှင်၊ မနောမင်လျက်၊ ဘုန်းရှင်ရပ်တု၊ ကျောက်သားညှံနှ၊ သဗ္ဗညုဇိနာ၊ ရွှေနုံ့သာဟု၊ သညာအတူ၊ ငါးဆူဘုရား၊ ထင်ရှားရပ်တော်မူ၊ မြတ်သမ္ဗုတို့ကို၊ ဂုနှင့်တည်ထား၊ ပူဇော်

ပြားသော်၊ လေးပါးဌာန၊ ရှိကြအညီ၊ ဟံသာဝတီခေါ်လေ့၊ အရှေ့ရွှေနံ့သာ၊ ကျောင်းဝိဟာသို့၊ သွားခါကပ်ချဉ်း၊ ဘုန်းဘုရားကို၊ တွေ့လေခြင်းကြောင့်၊ လိုရင်းရာဇဝင်၊ မေးလျှောက်တင်သော်၊ ဘုန်းခင်ဘုရား၊ မိန့်တော်ကြားသည်မှာ၊ ထင်ရှားစုံစွာ၊ တွေ့ဖူးတာမှာ၊ မကြာလှသေး၊ မဝေးအထူး၊ ပဲခူး ခေါ်မှတ်၊ ညောင်ဝိုင်းရပ်က၊ လျှောက်ပတ်ဂုဏ်အင်၊ မည်လျှင်ပုံ့မြူး၊ ဆရာ ကူးသည်၊ အထူးဖွေရှာ၊ သေချာစီရင်၊ ဘုတ်စာတင်သည်၊ ကျမ်းမည်ပြန့်လှိုင်း၊ ရွှေမော်ဓော ရာဇဝင်သမိုင်းကို၊ ဆစ်ပိုင်းကျနု၊ တွေ့သိရသည်ဟု၊ ညှိမျှလောက်သာ၊ မိန့်လိုက်ပါ၊ ထိပ်မှာနှာခံ ရွက်ရသည်။

## ခွန်းထောက် ၂ ဆစ်

ပူရတ္တိ ရပ်မဟာ၊ ရွှေနံ့သာခေါ် ကျောင်း။ ။ ထုံးဟောင်း ရာဇဝင်တို့၊ ဘုတ်စာတင် ဆရာကူးကို၊ ထူး၏ ညွှန်ကြောင်း။ ။

သြော်… ရွှေနံ့သာခေါ်၊ စိတ္တေယျော်ကို၊ ပူဇော်ခဲ့ပြီး၊ ခိုးမြို့ကြီးသို့၊ ခရီးမကွာ၊ ပြန်ခဲ့ရာမှ၊ တခါတဆင့်၊ မီးရထားလဲ၊ အသွားသင့်၍၊ မဖင့်နွှဲရာ၊ ပဲနွယ်ခုံသို့ စီးသွားပါ၊ မကြာ ထုတ်ချောက်၊ ဖြုန်းခနဲ ရောက်လေသော်၊ တောက်လျှောက် မနှေး၊ ဗိုလ်တဲသို့ ပြေးပြီးလျှင်၊ ကြောင်းရေးကုန်စင်၊ ကိုယ့်အရှင်–မမြင်နတ္တိ၊ ဘယ်စခန်း၊ ဘယ်လမ်းမှာရှိသည်ဟု၊ သိရန်မနှေး၊ ဒါရဝံကို–အမြန်မေးက၊ ပြန်ရေးကုန်စင်၊ ဇီးဖြူခင်တွင်၊ အထင်အရှား၊ ရှိပေပြားသည်ဟု၊ ပြောကြားညွှန်ပြ၊ ဇီးဖြူခင်ဂါမသို့၊ သွားရတထောက်၊ ပဲနွယ်ခုံရွာအနောက်၊ ပေတရာလမ်းကို လျှောက်ပြီးလျှင်၊ လမ်းကောက်ကောက် လမ်းကွေ့ကွေ့၊ ဖီ၍မသွား၊ လာခဲ့ပြားသော်၊ လမ်းနား၌ အရပ်ရပ်၊ ကွင်းတထပ် တောတထပ်၊ ရွာစပ်နီးဝေး၊ တောကျေးအလိုက်၊ စိုက်ကြ ပျိုးကြ၊ ဆေးခင်းက ထ သနှင့်၊ ပဲတောင့်လှ ပဲတောင့်ရှည်၊ ငရုတ်နှင့်သခွား၊ စိုက်ထားလျက် အတည်တည်၊ စိုပြည်စင်ဘူး၊ ပြောင်းဖူး၊ ပင်စုံ၊ ဖရုံ၊ကစွန်း၊ မြွှန်းဖရဲ၊ သုံးကွဲချဉ်ပေါင်၊ မြောင်ခရမ်းသီး၊ အကြီးတိုရှည်၊ အချဉ်သီးတမည်၊ ကြံစည်လုပ်ခင်း၊ ဟောမန်တွင်းက၊ ထွန်ခြင်းမြေလှန်၊ မျိုးစေ့နှံ့သဖြင့်၊ ဖြောင့်မှန်သီးရွက်၊ ဖွံ့ဖြိုးတက်လျက်၊ အသက်ဝမ်းကျောင်း၊ ချောင်း၏ ကမ်းပါး၊ ကွက်လပ်များတွင်၊ ကြိုးစားအားထုတ်၊ တောင်သူတို့အလုပ်နှင့်၊ မယုတ်အောင် အသက်မွေးကြပေသကိုး။ ။

## ခွန်းထောက် ၄ ဆစ်

အကုသိုလ် ဒုစရိုက်၊ မလိုက်ကတဲ့ ဘာသာ။ ။ မိလက္ခူ ထိုလေ့ငယ်နှင့်၊ အေးရွှေ့နေရှာ။ ။ ကိုင်းတောင်ယာ စိုက်ပျိုးလို့၊ သက်မညှိုးဝမ်းဖြည့်စာ၊ ဝနာရပ် ပျော်ခန်း။ ။ ကိုယ့်လုပ်ခင်းရယ်နှင့်၊ ထမင်းအလျှဉ်မီဖို့၊ မနသီစိတ်မှာ စောကြတယ်၊ ဖောကျ ရွှင်လန်း။ ။

ဩော်... လုပ်ခင်း, လုပ်ခွင်၊ လယ်ကွင်းပြင်တို့လဲ၊ ခုတ်ထွင်တည်စ၊ မြေမွမွဟာမို့၊ ကြဲချစပါး၊ စိုက်ပျိုးကာ စားကြတယ်၊ ပင်အား, အမြင့်၊ ရိုးပြတ်တိုတို၊ နှစ်တောင်ပိုလောက်ကဲ့၊ ဟိုထောက်ခါချင့်၊ မင့်မင့်မောက်မောက်၊ ကြည့်ရခြင်း ရွှင်ဝမ်းမြောက်လို့၊ ပင့်ထောက်မြေဆီ၊ ကောက်ပင်ဖွံ့ထွား၊ သီးနှံပွားလျက်၊ လုပ်အားညီတက်၊ မိလက္ခူကရင်၊ လောဘမဖက်၊ ဒေါသဖျက်လို့၊ အသက်ကို ခင်ကြတယ်၊ လိုချင်နှင့် လုပ်ခင်း၊ အားအင်တင်းလျက်၊ စပါးဖျင်း မစွက်၊ သဲမပက် ရေမထိုး၊ ရိုးရိုးဝမ်းကျောင်း၊ ပြုလုပ်ပုံ ကောင်းလို့ထင့်၊ မိုးမစောင်း ရေမလွှမ်း၊ မနွမ်းကိုက်ပိုး၊ အမျိုးမျိုးတို့သည်၊ ကွင်းရိုးဇကန်၊ တရား စောင့်လေတော့၊ ဖြောင့်မှန်တာမို့၊ သီးနှံမဆွံ့၊ ပင်ညွှန့်မပျက်၊ တိုးတက်စည်ကား၊ ရှမ်းကရင်တို့၊ လုပ်ခွင်များလျက်၊ အင်အားမယုတ်၊ တရားကို မတတ်သော်လဲ၊ လျောက်ပတ်သော အလုပ်နှင့်၊ မရှုပ်အောင် အသက်မွေးကြသဖြင့်၊ ဖြောင့်ရေးဥတု၊ ညီသည်မှုကြောင့်၊ ဂရုမမွဲ၊ ကျင့်ကြံသူများ၊ တရားမဖောက်၊ မှားမနှောက်ကြလေတော့၊ မကောက်ဂြိုဟ်၊ လူ့ဆန္ဒအမှု၊ လိုက်လျောပြုတာမို့၊ မြေသတ္တုမခန်း၊ သီးမျိုးစုံခိုင်ပြွမ်း၊ ဖူးအင့်ပွင့်လန်း၊ ဥမြစ်ရွက် တင့်ဆန်းသဖြင့်၊ ညှိုးနွမ်းခြင်း အပြစ်စင်၊ ဆေးဖက်ဝင် ရက္ခ၊ တိနနှင့် မာလာ၊ ယင်း သုံးဖြာတို့သည်၊ ဩဇာတင့်ထူး၊ ပြန့်ကြူးမဆုံး၊ လူတို့သုံး–ဘေးပုန်းရှောင်ခွာ ပ ရသကိုး။

ဩော်... ရိုးပြတ်လယ်ပြင်၊ မျက်မြင်အံ့ဩ၊ ပေါက်ချက်ကယ် ပေါပါဘိ၊ ပြောလို့မဆုံး၊ ကွင်းလုံးအရှို၊ ကုလားမျက်စိ၊ သီးပွင့်ငုံနှင့် အစုံပြည့်၊ မြေ၏မျက်နှာ၊ စိမ်းရောင်ဖြာသည်၊ နွယ်ရှာနှာမောင်း၊ အညွန့်ထောင်ထောင်၊ ကူးယှက်မြှောင်လျက်၊ မြောက်တောင်စောင်း၊ ယိမ်းပျောင်းရှည်သွယ်၊ အကျယ်အပြန့်၊ ပယ်ကိုးခန့်–နယ်ကန့်လို့ ပြောနိုင်ဘူး၊ ဩချစရာ၊ သမားအချို့ဘယဆေးတို့ကို၊ ရှောင်းလို့ကူးခါ၊ စားကြရှာသော၊ ဝါဏိဇ္ဇာသမားတို့၊

မြင်ရပြား သက်သခင်ကို၊ ကုန်စင်အောင် နှုတ်သုံးလျက်၊ ရှင်ပြုးဖို့ရာ ရှိပေတယ်။

## ခွန်းထောက် ၄ ဆစ်

ငါးပဉ္စ–သည်အပင်။ ။ ရေနှင့်ကြိုချက်လို့၊ သုံးခွက်တင် ကျန်တခွက်၊ သောက်ဆက်ကြည်လင်။ ။ လူပျိုနှာ–ယီသမားတို့၊ ရှိငြားတဲ့ ကိုယ့်ကိုယ်တွင်၊ စင်အောင်ပ သောက်သုံး။ ။ ရုပ်မပျက်ပေဘု၊ ဆစ်မျက် ပြေပြေပ၊ ကြောမသေ ခြေမကောက်တယ်၊ ဘေးပျောက် ရှောင်ပုန်း။ ။

သြော်... တံခွန်းရှေးခေါ်၊ အမည်ကျော်တဲ့၊ တောမော်ကြိုးဝိုင်း၊ တောင်ပိုင်းနယ်စပ်၊ ကိုင်းပင်ထပ်လျက်၊ ကွင်းလပ်မြေတွင်၊ ဇီးဖြူခင်၌၊ အရှင်ကိုတွေ့၊ ဝင်ရွှေ့နှုတ်ဆက်၊ လာခဲ့သည် အချက်တို့ကို၊ အကွက်ကျ ပြန်ပြောက၊ သဘောတော် နှစ်ခြိုက်လို့၊ နောက်တော်က လိုက်ရန်ရေး၊ အမိန့်တော် ပေးလေသည်၊ စိတ်အေးကြည်ရွှင်၊ ဇီးဖြူခင်တွင်၊ စုံလင်ပေါင်းသင်း၊ နောက်ပါချင်း (လိပိကာယ) တို့နှင့်၊ တူတကွ နေကြရလေသတည်း။

## ခွန်းထောက် ၂ ဆစ်

ဇီးဖြူခင်–ဟိုယခင်က သစ်တော။ ။ ရှမ်းတောင်သူ တီထွင်လို့၊ စီစဉ်ကာ ရွာမြေ ပြုကြတယ်၊ သဲနု မြေချော။ ။

သြော်... ခင်တန်း ဇီးဖြူ ပဝတ္တနိမိတ်–အန္တတ္တနိပ်–အတိတ်ယူလျက်၊ တောင်သူရှမ်းများ၊ နေငြားမယုတ်၊ ရေမြေကောင်း–လယ်ချောင်းလုပ်လျက်၊ မနုပ်ဝမ်းစာ၊ သက်မွေးရှာကြတဲ့၊ ဂါမခေါ်မှတ်၊ ထိုသည့်ရပ်မှ၊ ပြောင်းလတ်တခါ၊ ရှေ့စခန်းသို့–သွားပြန်ပါသော်၊ ချိန်ခါနံနက်၊ နှင်းအား ကြီးလေတော့၊ ခရီးဖြင့် သွက်နိုင်ဘု၊ နေရောင် လက်မထင်၊ မှိုင်းရီမှောင်ကျ သို့ဖြစ်အင်၊ အမြင်လှပေဘု၊ ကန္တာရလမ်းတာ၊ ပေတရာမှာ၊ လူသာဆင်မြင်း၊ သွားရလျှင်း၏၊ လှည်းကွင်းရှောင်ခွာ၊ မြန်းရရှာသည်၊ ဝဲယာလယ်ကွင်း၊ ထုံးအင်းလယာ၊ ကိုင်းတာဂါမ၊ ရှမ်းတို့ပျော်တဲ့–ထိုဒေသနှင့်၊ မြန်မာကတရွာ၊ နှစ်ဖြာကွဲပြား၊ ခြားနားဥယျာဉ်၊ ငှက်ပျောပင်နှင့်၊ ရောက်ပင်သရက်၊ ရောယှက်ရဲယို၊ ပြည်ပန်းညို ဇီးပင်၊ အိမ်တွင်ရုံစိုက်၊ သိုက်မြိုက်စည်းခြံ၊ ဖြောင့်မှန်သက်မွေး၊ အိမ်ကလေး အိမ်ကြီး၊ နေထိုင်မှီးကြ၊ ခရီးလမ်း၌ တွေ့ရတယ်။ ။

ဩော်... ရှေ့သို့ဆန့်ကာ၊ ကိုင်းတာရှာက၊ ထွက်ခွာလမ်းစဉ်၊ ဝဲယာယှဉ်လျက်၊ ကိုင်းပင်တောအုပ်၊ ထွေးရှုပ်ယှက်တင်၊ တောဆင်ပျော်ရာ၊ သွားရာလမ်းကြောင်း၊ ထောင်းထောင်းညက်ကြေ၊ ဆင်ချေးတွေလဲ၊ အနေလတ်ဆတ်၊ မပြတ်ခိုးငွေ့၊ ပူရွေ့နွေးနွေး၊ ကြင်ကြောင်းရေးလဲ၊ စိုသေးမခြောက်၊ ရှေ့ကလျှောက်လို့၊ အထောက်မကွာ၊ ရှိတန်ရာလောက်၊ ရွံ့ကြောက် လန့်ထိတ်၊ အတူသွားတို့မှာ၊ စကားတိတ်တိတ်၊ ဆိတ်ဆိတ်လေးလေး၊ ခြေလှမ်းနှေးလျက်၊ ဖြေးဖြေးလှည့်လှည့်၊ တောင်နဲ့မြောက်၊ ရှေ့နောက်ကြည့်ပြီး၊ ချွေးစီးယိုကျ၊ သတိနဲ့ ဆ,၍မို့ လှမ်းရအင်၊ ရှေ့တွင် ချောင်းခြား ဆင်ရိုင်းဖယ်ခွာ၊ လျှိုနိမ့်ရာသို့ ဆင်းခါသွားတဲ့ အများခြေရာ၊ ထင်စွာ ဧကန်တွေ့ရ ပြန်တော့မှ၊ သက်မှန်ရှုဖြောင့်၊ ဘဝင်မနှောင့်–ကြောင့်ကြ တခါ ကင်းတော့တယ်။

## ခွန်းထောက် ၂ ဆစ်

မောပလေ တောခြေရံပတ်သည့်၊ မြောင်ကျပ်ခရီး။ ။ ရမ်းလို့သာ
ဆိုင်းရတော့၊ ဆင်ရိုင်းတွေ သွားရာလမ်းဟာမို့၊ ဖြန်းတဲ့ ကြက်သီး။ ။

ဩော်.... ခရီးအစဉ်၊ လေးအိမ်တန်းဟု လမ်းပါးတွင်၊ ရွာလျှင်တည်စ၊ နေထိုင်ကြသည်၊ ဂေဟာနွဲ့ယိုင်၊ ကျသောင်းတိုင်နဲ့၊ ယှဉ်ပြိုင်တင်း ကုပ်၊ ကိုင်းတဲပုတ်တမျိုး၊ တချို့မှာ လင့်စင်ထိုးလို့၊ သက်ငယ်မိုးသက်ငယ် ကာ၊ ရွာရှေ့မှာလဲ–တောင်ပူစာ ခင်တန်း၊ နေပုံက ဆန်းသနင့်၊ ခိုနန်းချိုး တသွယ်၊ တောင်ထိပ်လယ်မှာ၊ ဝေဠုဝန် ဝိဟာ၊ မိုးကာသက်ငယ်၊ မကျယ် နှစ်ခန်း၊ ဝါးခြမ်းအခင်း၊ လျှော်နှင့်ကွပ်–ညှပ်ခါတင်းလို့၊ တက်ဆင်းနှစ် ဆင့်၊ လှေကား သုံးတန့်၊ ဝါးကန့်လန့်ကို၊ ကန့်လျက်မြင့်လို့၊ ရှင်ဘင့်သား တူ၊ အရိယာနွယ်၊ သမုတ် ရွယ်ပြီးလျှင်၊ ခင်တွယ်ကာ ရှိခိုးလျက်၊ ရိုကျိုး စွာ ညွတ်ပျောင်းသော၊ ရဟန်းကျောင်း အမှန်၊ ဖန်ဝါသင်္ကန်း၊ တောင်နရမ်း မှာ၊ တန်းနှင့် နေလှမ်း၊ ညစ်နွမ်းနွမ်း အရောင်၊ အေးအောင် ကာယေ၊ သန့်ရှင်းစေဖို့၊ သုံးပေအမြဲ၊ ရှိလေနဲ့မှာ၊ လဲရေသနုတ်၊ မစုတ်မယိုင်–ခန့် အခိုင်၊ သင်းပိုင်ဧကန် ဖြစ်တော့သည်။

ဩော်... အောက်မျှော်လို့ကြည့်၊ အသံမကြား၊ ပြင်တံခါး ပိတ်ထား

စိလျက်၊ မရှိထေရ်ရှင်၊ ပိဋ္ဋကပတ်ထမ်း၊ အိမ်ရှိလှမ်း၊ ဆွမ်းခံ ဝင်ရော့ထင့်၊ ကျောင်းတွင် နတ္ထိ၊ သို့ဖြစ်ဖိ၏၊ သည်က တဖန်၊ သွားရပြန်သော်၊ ဂါမံ စလုပ်ကြီး၊ အနီးဥသျှစ်ကုန်း၊ ခေါ်သုံးကြရာ၊ ထိုသည့်ရွာတွင်၊ ဝိဟာ ကျောင်းနား၊ ခေတ္တအားဖြင့်၊ ချငြားစခန်း၊ မောပန်းဖြေရာ၊ ထိုရွာလူများ၊ တောင်တွင်းသားချည့်၊ ပျော်ပါးအခြေ၊ လယ်မြေတီထွင်၊ ကိုင်းပင်ဥစား၊ ခုတ်ဓားပယ်ရှင်း၊ ပျဉ်းနှင့်ဘင်္ဂ၊ ထိမ်မ ထိမ်ငယ်၊ ပင်ရွယ် စစ်ပေါက်၊ ပင်ဓောက်ထောက်ရှာ၊ တဖြာရင်းတိုက်၊ အုပ်သိုက် လက်ပံ၊ ရွက်ဟန်မအူ၊ တောမူတောကြီး၊ တည်ပြီးလယ်တာ၊ မြေမှာ မြေသစ်၊ တယ်မရှင်း– ကွင်း မဖြစ်လို့၊ ကိုင်းတရစ် မြက်တကန့်၊ ညနေရီချိန်ခန့်၊ ညင်းညှံ့ညှံ့ မြည်ညံ၊ ဒေါင်းကြက်ဖ တွန်သံ၊ ကြားရပြန်သော်၊ သည်းလျှံရွှမ်းရွှမ်း၊ ဘဝင်လန်း– လွမ်းအားတဖုံ ပျိုးတော့တယ်။

## ခွန်းထောက် ၂ ဆစ်

ညနေချမ်း တောင်တန်းက တရီရီ၊ မှောင်ချီလို့ လုငြား။ ။ တန်း အိပ်တက်ပါလို့၊ ဒေါင်း,ကြက် တွန်သံကြွေးကြတယ်၊ အေးတဲ့ ခါများ။ ။

ဩော်... အနောက်ဘက်တသွယ်၊ ကာကွယ်ရိုးမ၊ တောင်တန်းက လှသနင့်၊ စိမ်းရောင်မြမှိုင်းရီရီ၊ ညနေဆီ မရောက်တရောက်၊ သုံးနာရီ အချိန်လောက်တွင်၊ နေရှိန်ပျောက် တောင်ကွယ်အုပ်တော့၊ မိုးချုပ် ပုံသဏ္ဍာန် သို့၊ ကြုံရဟန် ထူးလိုက်ပါဘိ တောကို။

## ခွန်းထောက် ၂ ဆစ်

သူရိယာ တောင်ကွယ်၊ မှောင်ဆွယ်လို့ မိတ်သန်း။ ။ ညဥ့်အချိန် ခါမဟုတ်ပေဘူ၊ မိုးချုပ် ခမန်း။ ။

ဩော်... သည်ကတစ်ဖန်၊ ရွှေ့ပြောင်းပြန်သော်၊ ဝေးလံကာလ၊ ခါသမယက၊ ဓေယျဝတီတိုင်း၊ ပျံ့လွှိုင်းဝေစီ၊ ကေတုမတီ၊ တောင်ငူပြည် ကို၊ သာကြည်စိုးခြင်း၊ သတင်းလွှံ့ကြား၊ မင်းတရားရွှေထီး၊ စိုးစံပြီးသော်၊ ခရီးကန္တာ၊ ဟံသာဝတီ၊ မြို့သီဂီသို့၊ ဖြန့်ချီတင့်ဆန်း၊ မင်းလမ်းတော်ကြီး၊ ကျော်ခဲ့ပြီးမှ၊ တသီးနရန်း၊ တုန်ခန်း မြို့သူကြီး၊ နေထိုင်မှီးသော၊ ခရီးလမ်း ဆုံ၊ သမ္ဘရာခုံရွာ၊ ကျော်ခါ ဖောက်ထွင်း၊ ချောင်းကိုဆင်း၍၊ အပြင်းလှမ်း

ရာ၊ ကိုင်း တောင်ယာတို့ကို၊ ရှောင်ခွာ လမ်းကွေ့၊ တရွေ့ရွေ့နှင့်၊ ရွေ့ခဲ့ တကြော၊ ငှက်ပျောတော ဥယျာဉ်ငယ်၊ ချောင်းသွယ်သွယ် မြောင်ချပ်ချပ်၊ လယ်ခွက်သစ် အထပ်ထပ်၊ ဖလံတော ဂုံမင်းစပ်၊ ဆေးအိုးဗုတ်–ပင်ပျပ်ပျပ် နှင့်၊ သာဖြတ်လို့ ကျော်နင်း၊ ရိုးမတောင်ခြေရင်း၊ မျှော်တင်းပီး ကြည့်လိုက် ပါ၊ ထိုတောင်မှာ ကြိုးဝိုင်း၊ တော်ဖြစ်စေ ပိုင်းပြီးလျှင်၊ တောတိုင်းရှိ သစ်ပင် ပေါင်း၊ ကျသောင်းနှင့် တပင်တိုင်၊ ရုံကျခပ်ဆူး လှိုင်လျက်၊ စိမ့်စမ်းမြိုင် လျှိုခင်တန်း၊ ကျွန်းပင်ပျို့ အခန်းခန်း၊ ကျောက်စရစ် တောင်ခါးပန်းက၊ သာတွားလို့ လှမ်းခဲ့ရာ၊ ရှမ်းရွာနှင့် ကရင်ရွာတို့ကို၊ ကွင်းရှောင်ကာ တထောက်၊ လယ်ခင်းနဲ့ တောကိုဖောက်၊ သက်ငယ်ညှင်းထူ ပေါက်တဲ့၊ ကုန်းမောက်မောက် ဆင်ခြေလျှောတွင်၊ အမောဖြေ ခေတ္တငုံ့၊ ချောင်းတသွယ် ရှေ့က ကန့်သောကြောင့်၊ သာတန့်လို့ ကြည့်လိုက်ပါ၊ ရှေးခါသမယ၊ ဟို ကာလက၊ ဗုဒ္ဓမြတ်စွာ၊ သုံးဆောင်ပါသော၊ ရောင်ဖြာဖိတ်ဖိတ်၊ မြသပိတ် သည်၊ အတိတ်ကြီးစွာ၊ ဖြစ်ခြင်းရာမှ၊ သီတာချောင်းဖျား၊ တောင်ကမ်းပါး အောက်၊ ထုံးပေါက်ရေအိုင်၊ စိမ်းလဲ့မြိုင်သည်၊ ပျံ့လှိုင်မဆိပ်၊ လပြည့် လကွယ်၊ ထိုရက်ဝယ်တွင်၊ မြသွယ် ရောင်ဖိတ်၊ ထိုသပိတ်သည်၊ ရေထိပ် ထက်ပေါ်၊ ဖူးမြော်ကြရာ၊ များစွာလူပေါင်း၊ တွေ့မြင်ကြောင်းဖြင့်၊ သပိတ် ချောင်း ဝေါဟာ၊ ဩဘာနိမိတ်၊ ဂုဏ်ဟိတ်မပြယ်၊ ယခုဝယ်လဲ၊ လကွယ် လပြည့်၊ တွေ့ဧည့်မဆိတ်၊ မြသပိတ်ကြောင့်၊ အတိတ်ရချောင်း၊ ရဟန်း လူတို့၊ နေထိုင်အောင်း၊ ချမ်းပျောင်းစိမ့်တက်၊ တုန်လျက်မနား၊ ရက်မခြား ငှက်ဖျားရောဂါ၊ ပေါစွာစခန်း၊ ကြက်သီးဖြန်းမျှ၊ ရှောင်လှမ်း၍သာ၊ ဖဲခဲ့ခွာ သော်၊ ဘဏ္ဍာတော်ဝိုက်သိုင်း၊ ထင်းကြိုးဝိုင်း မီးရထားလမ်း၊ လျှောက်ခါ လှမ်း၍၊ နွယ်တန်းလိမ်ယှက်၊ တောငူထွက် ကုန်းထက်တသီး၊ ခင်အင်းကြီး သို့၊ အပြီးထုတ်ချောက်၊ မောပန်းစွာ ရောက်လေတော့၊ တထောက်တန့်နား မှ တော်တော့မကိုး။

ဩော်... ခင်အင်းကြီးရွာ၊ နေရှာကြတဲ့၊ ဘာသာခရာဇ်၊ ခြေမြစ်ဌာန၊ ရှေ့ရိုးမက၊ လာကြရွာတယ်၊ သက်ဝယ်မွေးကျောင်း၊ လယ်ချောင်းလုပ်စား၊ ကရင်များတို့။

ပျော်ပါးတသင်း၊ ဘောလုံးကွင်းတွင်၊ ချင်းချင်းကန်ကြ၊ မမွှသဘင်၊

စီရင်ကျောင်းတွင်း၊ ပေါင်းချင်းသင်းဝင်၊ ခင်မင်ခလေ့၊ အဦးနေ့၌၊ မရွှေ့ သိုက်မြို့၊ နှစ်ခြိုက်ဘာဝ၊ တရားနာလာကြ၊ ထာဝရ မြတ်သခင်ကို၊ ကန်တော့ ပန်းဆင်ယင်လျက်၊ ကြည်လင်စွာ သံပြိုင်ကြူးကြ၊ အထူးပဲ သာလှပေ သကိုး။

ထိုမှတဖန်၊ ခရာဇ်ယာန်ဝင်၊ ကရင်မျိုးချင်း၊ ထိုရွာတွင်းမှ၊ နေခင်း တသီး၊ ယောက်ျားကြီး၌၊ ပစ္စည်းဥစ္စာ၊ လယ်ယာကျွဲရှိ၊ ရိုး၏တကဲ့၊ မိဖမဲ့ ဆွေမမြင်၊ ကြည်လင်ရှာအထူး၊ မိန်းမငယ်တဦးနှင့်၊ စာနဖူးရေစက်၊ လူကြီး များ တွဲဖက်၍၊ လက်ဆက်ထိမ်းမြား၊ ခရာဇ်ယာန်တရားနဲ့၊ မမှားအောင် အစဉ်၊ ဘုရားကျောင်းတွင်း ပြင်၍၊ ယဉ်လှစွာ ကြက်မောက်ပန်း၊ မေကညာ ပျိုဖြန်းတို့၊ ဆန်းလှအောင် ပြင်ဆင်၊ ဘာသာဝင် မျိုးတူများ၊ အရွှာရွှာ လာကြငြားလျက်၊ ပေါင်းအများကျောင်းတက်၊ တရားဟော ဆရာကြီးက၊ အပြီးတိုင် စီမံချက်နှင့်၊ နှစ်သက်သူမပျက်၊ အဆက်ဆက်ကြည်အေးဖို့၊ ယောက်ျားနဲ့ မိန်းမ,ကလေးတို့ကို၊ သင့်မြတ်ရေး ဆုံးမ၍၊ ဩဝါဒ ထားပြီး မှ၊ ထိမ်းမြားခြင်းတရပ်၊ လက်နှစ်ဖက် ယှက်ခါထပ်၍၊ ကောင်းမြတ်သော ဩဘာဖြင့်၊ ထောမနာ ချီးမြှောက်၊ ခရာဇ်တော် တရားလျှောက်ဖြင့်၊ ဝမ်းမြောက်စွာ မယွင်း၊ မင်္ဂလာ သီချင်းကို၊ သံညှင်းသံလတ် သံကြီးချပ် လျက်၊ သပ်ရပ်စွာ ဝစီကြူးကြ၊ ကြည်နူးဖို့ ဖြစ်ပါဘိတော့တယ်။

ဩော်... ရာသီမကာရ၊ မာသကုံဆုန်း၊ ချမ်းတုန်းသမယ၊ မာဃ ဆန်းကြယ်၊ ရောင်နှယ်ထိန်လင်း၊ ချိန်စဉ်းတာရာ၊ လ,မှာတပို့၊ မချို့ကုန် ရာသီ၊ ခါညီအလိုက်၊ ပျော်ပိုက်သဘင်၊ ဆင်ယင်ပြည်သူ၊ လှူယာဂုဆွမ်း၊ သစ်ဆန်းက ရမက်၊ ကျော်ညက် တောင်တန်ကြီး၊ တသီးကန့်ဘလူ၊ ဖြူနီ နံ့သာ၊ ထင်းများစွာကို၊ မြတ်စွာဗုဒ္ဓ၊ ရှေ့ဌာန၌၊ စုကြအကုန်၊ မီးပုံပူဇော်၊ ကော်ရော်ညွှတ်တွား၊ ထီးဘုရားတို့ဖြင့်၊ ယင်ငြား၊ ကြည်ရွှင်၊ သဘင်ရာသီ၊ ဟိုခါဆီက၊ အညီတင့်ဆန်း၊ ပြည်သူလန်း–အေးချမ်းသာကြည် ဖြစ်တော့ သည်။

ဤရာသီလ၊ ခါသမယတွင်၊ ကျင်းပအမြဲ၊ ဘုရားပွဲတို့မှာ၊ နွဲ့ကြ ပျော်ရွှင်၊ သန်လျင်ကျိုက်ခေါက်၊ ရန်ကုန်မြောက် ကျိုက္ကစံ၊ နောက်ယံဌာန၊ ကျိုက်ယသဘုရား၊ ယှဉ်ငြားစိန္တေယျာ၊ မဟာလောကမကိုင်း၊ သိုက်မြို့က်

ကြွားကြွား၊ သာဓုကန် ဘုရားနှင့်၊ အလားတူ ကုန်းနှဲ့နှဲ့၊ ကျိုက်လလဲ့–ကျိုက်ကလို့၊ ပျော့ဖို့ကျိုက်ဝိုင်း၊ ရွှေပိုင်းတံတားကြီး၊ အပြီးမှတ်ထိန်း၊ ထား ငြိမ်းစေတီ၊ ထိုရာသီမှာ၊ နယ်ပြည်သိမ့်သိမ့်၊ ခြိမ့်ခြိမ့်အုန်းအုန်း၊ ပျော်ဆုံး လူများ၊ ဘုရားပွဲသဘင်၊ ယင်ယင်ပူဇော်၊ ဖူးမြော်ဝပ်တွား၊ သဏ္ဍာန်စွထားကြ ရန်၊ လှည်းရထားခြေကျင်၊ က,ခုန် ရွှင်လျက်၊ ကြည်လင်မနေး၊ တေးသီချင်း ဆိုကြွေးလို့၊ တအေးအေး သွားကြမည်အရေးကို၊ တွေးမိတိုင်း လွမ်းလိုက် ပါဘိတော့ ကရို။

ခင်အင်းကြီးက၊ ခရီးတထောက်၊ မြောက်သို့တခန်း၊ လှမ်းကြတသင်း၊ လယ်ကွင်းပြင်သို့၊ လျှိုရိုးခင်တန်း၊ သစ်နန်းရိပ်ခို၊ ငှက်ဆိုဖို့,မ၊ ပျော်ကြ ရွှေပေါင်း၊ သောင်းသောင်းညံညံ၊ မြည်ကြွေးသံလဲ၊ ဖန်ဖန်ခွန်းမြွက်၊ ကြားရ ချက် နှစ်သက်စရာ ကောင်းပါဘိတော့ သကိုး။

## ခွန်းထောက် ၄ ဆစ်

တပင်နှင့်တပင်။ ။ နွဲ့ယှဉ်ပြိုင်ပျံခါကူး၊ မြူးကြပျော်ရွှင်။ ။ စာခွဲ့ကာ ယှဉ်မှေးလို့၊ ချစ်တင်းကြွေး လည်ယှက်တင်၊ ကြည်လင်တဲ့ မနော။ ။ မာဂရေယ်နှင့်၊ ဘာဝခင်မင်နှုးကြတယ်၊ ထူးငှက်သဘော။ ။

ဩော်... ကြက်တောပဟိုက၊ နေပုံက လှသနှင့်၊ ကကကိကိ၊ အသံပေး အရေးရှိလိုထင့်၊ မိမိကြင်သူ၊ ကွဲနေငြားလို့၊ လွမ်းအားဟာ ဆူသလို၊ အပူ နှင့် ခေါက်ခေါက်၊ အပင်၏ ကိုင်းခြောက်တွင်၊ လျှောက်တဲ့ခါ ပြေးတဲ့ခါ၊ သူ့မူရာ သူ့ပုံပန်း၊ မြင်ရသူ ဆန်းပါဘိ၊ လှမ်းခဲ့တခါ၊ ကိုင်းတောနဲ့လဟာ၊ ချောင်းရေတာ သွယ်စီး၊ အတန်တန် ကူးခဲ့ပြီး၍၊ လမ်းခရီး ကေဝ္မ။ ပါဏာတိပါတနှင့်၊ အာဇီဝ ဝမ်းကျောင်းတဲ့၊ အင်းစောင်းကိုလျှောက်ထဲ့၍၊ အထောက်ထောက်လာခဲ့ရာ၊ ဆင်ဆိပ်ရွာသို့ မကြာထုတ်ချောက်၊ မောပန်း စွာ ရောက်လေတော့၊ တထောက်နားဦးမှ တော်တော့မကိုး။

ဩော်... ဆင်ဆိပ်ရွာ မြောက်ဘက်၊ ရေးအထက်တွင် ညောင်း၊ ကွင်းချောင်းဆီမှာ၊ သာယာကျွန်းခုံ၊ ကမ်းခုံကမ်းပါး၊ မြေလပ်များတွင်၊ ကုလား,, မြန်မာ၊ ထွန်ရှာမြေညက်၊ နှမ်းဟင်းသီး မျိုးအရွက်တို့ကို၊ ပျိုးလျက် စိုက်ခင်း၊ တည်လျဉ်းခြားနား၊ စည်းခြံသား၍၊ စီးပွားဖြစ်ရာ၊ လုပ်ကြရာ

သည်ကို၊ ညခါကိုင်းခင်း၊ မြေအတွင်း၌၊ အတင်းဆောလျှင်၊ တောဆင်အုပ် ဝင်လို့မို့၊ နတ်ငင်ယူစား၊ ရှိလေငြားသော်၊ ယာကားပိုင်ရှင်၊ ကြံအင်မရ၊ လွန်ကြောက်လှသဖြင့်၊ မီးထ,၍ဖို ဝါးစိုစို၊ လျှိုကာသာဆိုက်၊ အပူတိုက် သော်၊ ဖြိုက်ခနဲကွဲ၊ သေနတ်သံ ကြဲသကဲ့သို့၊ သဲသဲရုတ် ဆင်တို့ညံ၊ အစ်သံ နှင့် မာန်ဖြိုး၊ နှာမောင်းအိုး ဖောက်ခွဲလို့၊ ယာထဲက ထွက်ခွာ၊ လှည့်ကြည့် ကာ တချက်တချက်၊ ကွင်းမြေစပ် တောနက်သို့၊ မြီးအထက် ထောင်မြှောက် ပြီး၊ တလျှောက်တည်း ပြေးကြလေသကိုး။

## ခွန်းထောက် ၂ ဆစ်

ကိုင်းတောင်ယာ တည်ရှာကြလူများ။ ။ ညခါကို တောဆင်ဖျက် လို့ရယ်၊ သီးပင်ရွက်စား။ ။

ဩော်... ဆင်ဆိပ်ရွာတွင်၊ နေရှာလူများ၊ ရေးအခါက၊ လုပ်ကိုင်စား ကြ၊ ပိုးကောင်များမွေး၊ ပိုးစာကျွေး၍၊ စင်ကလေး စင်ကြီး၊ ဆောက်လုပ် ပြီးလျှင်၊ ခြားသီးသွယ်သွယ်၊ ပိုးအိမ်တယ်ကြ၊ ပိုးဝယ်ရောဂါ၊ ကင်းစင်ကွာ သော်၊ လိုရာမပျက်၊ ပိုးက ထွက်သား၊ သေးမြက်ယဉ်ယဉ်၊ ပိုးချည်မျှင်ကို၊ ငင်၍ယူနတ်၊ ချည်ထိန်းကုပ်လျက်၊ အထုပ်ချည်စင်၊ စီစဉ်ချည်ပေါင်း၊ ရောင်း၍သက်မွေး၊ ဝမ်းကျောင်းရေးကို၊ လေးလေးပင်ပင်၊ ခင်မင်မယိမ်း၊ ရဗြိန်းလူမျိုး၊ ရေးရိုးလုပ်ခွင်၊ စွန့်ပယ်ကြဉ်၍၊ တီထွင်လယ်ယာ၊ ဝမ်းစာ ရှာပြီး၊ နေထိုင်မှီးကြ၊ အသီးသီးအခြားခြား၊ ရဗြိန်းတို့စကားကို၊ လားလား မျှ မတတ်၊ မျိုးအနွယ် ပြတ်သကဲ့သို့၊ သင့်မြတ်သော မြန်မာဟန်၊ အဝတ် နှင့် စကားကို၊ မမှားအောင် နည်းယူပြောလဲ၊ စကားအော စကားဝဲ၊ ရေးအသံ မပြတ်စဲပဲ၊ အနဲနဲသုံးကြတယ်၊ မုန်းစရာ ဆိုရမှာက ခပ်ခက်ခက်၊ မြန်မာလို အမူအယူကလဲ တချက်တချက်၊ စားသောက်တဲ့ အကွက်မတော့ မနှစ်သက် စရာ၊ အရိုင်းတို့ဘာသာဖြင့်၊ ဗရဗွာစားကြ–လားလားမျှ ကြည့်မကောင်း၊ သားသမီးအပေါင်းကလဲ၊ ပျောင်းပျောင်းခြင်းမရှိ၊ မိဘကို မာန်မူလို့ ရန်သူ သို့ ပမာ၊ နင် ငါနဲ့အော်ပြော၊ ယဉ်ကျေးတဲ့သဘောကို မနောဌ်မစွဲ၊ အသံ ကွဲနဲ့ ဆဲသလိုထင်၊ မိဘတို့ကလဲ မသင်ချင်၊ မယဉ်တဲ့ လူ့ဓလေ့၊ ယခုဖြင့် တွေ့ရ၊ ချမ်းမြေ့ဖို့ မရှိလိုက်ပါဘိနော်။

## ခွန်းထောက် ၄ ဆစ်

မျိုးစရိုက် အလိုက်ကတဲ့ဘာသာ။ ။ မိဘကို နင် ငါ ပြောကြတယ်၊ တော၌ပျော်ရွာ။ ။ ရဗြိန်းခေါ် မျိုးခလေ့မို့၊ နင် ဟော့နဲ့ နှုတ်မသမာ၊ တိုင်းထွာလို့ ဝစီပြော။ ။ အသံက ကြမ်းသနဲ့၊ ပျော်ခန်းဂေဟာ စုတ်ကယ် နှင့် တောရုပ်အချော။ ။

ဆင်ဆိပ်ရွာက၊ ရွှေ့ကာတလှည့်၊ လာခဲ့ကြရာ၊ သာယာတင့်ကြောင်း၊ ကွင်းချောင်းကမ်းထိပ်၊ ထပ်ကာမိတ်လျက်၊ ရေဆိပ်အနီး၊ ကပ်ဆည်းမယုတ်၊ ဆင်ဇလုပ်ရွာ၊ လမ်းမှာတွေ့ငြား၊ မှောင်ခွာသွားလို့၊ ရှေ့ကားတခေါ်၊ လယ်ကွင်းကို ကျော်ပြီး၊ ကုန်းမော်ချောင်းဖျား၊ ဆင်းသွားပေါ်တက်၊ တဖက်ခင်တန်း၊ မြေကြမ်းကြမ်း၌၊ မြက်သမန်းရှုပ်ထွေး၊ နီပဆေး ပင်ပေါ၊ ကိုင်းချုံတောနဲ့၊ သက်ငယ်တောဖြတ်၊ လယ်ကွက်စပ် ကုန်းအဆွယ်မှာ၊ ကျယ့်တကျယ် မရှုပ်၊ တင်းကုပ်ကြီး တင်းကုပ်ငယ်၊ ယှက်သွယ်ကာ ဘူးပင်တက်၊ သီးပွင့်စုံအရွက်တို့၊ အခက်နှင့် အညွန့်ဝေ၊ မြစ်ခြေက နောက်ချေးထား၊ အားတက်ခါ အပင်ထွားလျက်၊ ပွားပါဘိတချက်၊ ပောဟိုက မြေကွက်မှာ၊ နမ်းပက်လို့ ထားလေဘိ၊ ပင်မထွား, သီးမထွက်။

ဟိုအိုင်ခွက်အတွင်း၊ ဟင်းဂလာအခင်းနှင့်၊ မုန်လာကျင်းတဖြာ၊ မြင်ရတာ ဟိုဘက်က၊ တင်းကုပ်ပျက် ဘေးစောင်းမှာ၊ ဆန်ဖွပ်မောင်း ကြိတ်ဆုံကွဲ၊ သည့်အောက်နား ချိုင့်ထဲ၌၊ ရေဆွဲပုန်းမရှိဝေး၊ တွင်းကလေး ဖောက်မနက်၊ သုံးတောင်လောက် အောက်မြေချက်တွင်၊ သဲပွက်နဲ့ စိမ့်လျက်ပင်၊ ချိုလိမ့်မည် စိတ်ကထင်၊ လယ်ရှင်တို့မရှိ၊ လယ်လုပ်ချိန် အေးကြသော ကြောင့်၊ ရွာကျေးကို ပြန်ဝင်၍၊ လူမမြင် တင်းကုပ်မှာ–ဘူးအုပ်လျက် နေရာပေသကိုး။

## ခွန်းထောက် ၄ ဆစ်

ဘူးပင်အုပ် တင်းကုပ်က သုံးဆောင်။ ။ လယ့်ရှင်တွေ အလုပ်ရှင်းလေတော့၊ ကွင်းလို့သွေ့ရှောင်။ ။ ကိုယ့်အိမ်ကို ကိုယ်ပြန်ရောက်ပေမဲ့၊ တအောက်လောက် နေဖို့တောင်၊ ယောင်ယောင်မှ တယ်မအား။ ။ ထွန်,ထမ်းပိုးရယ်နှင့်၊ နွယ်ကြိုးယူခါ သယ်လို့၊ ဤတဲဝယ် တဖန်ရောက် ပြန်လိမ့်မယ်၊ မိုးချိမ့်ခါများ။

ဩော်... တင်းကုပ်သုံးဆောင်၊ ထိုသည့်ချောင်က၊ ခွာရှောင်ခဲ့ရာ၊ လှည်းလမ်းသာကို၊ လျှောက်ခါသာသွား၊ ချောင်းတိမ်နားတိုင်၊ သစ်များတိုက်ချ၊ ဘယ်ဆီကျအောင်၊ ဆောင်ကြမည် ရပ်ကျေး၊ ဥစ္စာရှင်ကို မမြင်ရေးကြောင့်၊ မေးခဲ့ရဘူး၊ ချောင်းထိပ်ကို ကူးလိုက်တော့၊ ပြန့်ဖြူးမြေညီ၊ ထောက်ကြံ့ပင် စီရရီ၊ ရိုးကွေ့ကွေ့ ပတ်လည်၊ နေရောင်ခြည် ပူ့တပူ၊ လယ်ကွင်းစပ် ရှေ့အငူတွင်၊ ကိုင်းထူထူ ကွယ်ကာ၊ တူမောင်းရွာ ဟု၊ တွေ့ရာ ကျောင်းနား၊ ခေတ္တအားဖြင့်၊ ချထားစခန်း၊ မောပန်းပြေအောင် နားလေမှ တော်တော့မကိုး။

တူမောင်းရွာမှာ၊ နေရှာလူများ၊ အထက်သားဟု၊ ထင်ရှားတနိ၊ ရွှေဘို မြို့ တောင်မြောက်လက်၊ ဆွေမျိုးစုံ ဆင်းသက်၍၊ သည်အကွက်သည် နေရာ၊ ရွှေ့ပြောင်းကာ လာပြီးလျှင်၊ သက်မွေးရာ လယ်ချောင်း၊ ကိုယ်ပိုင် ရာ ပေါင်ပြောင်း၊ တချို့က ရောင်းလို့ရဲ့၊ ဆင်းရဲကြောင်းဖော်ပြား၊ ကစား နှင့် အသောက်၊ စီးပွားပျောက် လုပ်ဆောင်ရေး၊ အသက်ကို မွေးကြတယ်၊ ယဉ်ကျေးခြင်း မဟုတ်၊ မွဲပြာကျ ဂုဏ်နုပ်၊ ဆုတ်ယုတ်အောင် အမှား၊ ဆင်းရဲသူ များသည်ဟု၊ ပြောဆိုသံ ကြားရပေသကိုး။

## ခွန်းထောက် ၄ ဆစ်

လူ့ကျင့်ဝတ် ယွင်းချွတ်တဲ့ များထိုထို။ ။ သောက်ကစား ဘုရားမကြည်ညိုတဲ့၊ အကုသိုလ် စရိုက်ပြောကြ၊ တော၌ကပ်ခို။ ။ ဟိုရှေးကံပင့်ထောက်ချက်ကိုလ၊ ပယ်ဖျက်လို့ ယခုဖြို၊ ဒု–ကိုဖြင့် လွန်လိုက်စား။ ။ ကံမကောင်းသည်ဟု၊ အကြောင်းဖော်ကာ လွဲကြတယ်၊ မွဲတဲ့လူများ။ ။

ထိုရွာသည်ကား၊ ခေါ်ကြငြားသည်၊ မည်အားမိပ္ပာယ်၊ အသွယ်သွယ်ကို၊ မေးတယ်မရ၊ ရှေးခေါ်ကြသည်ဟု၊ ဤမျှလောက်သာ၊ ပြောရှာပြန်ကြား၊ အညာသားမို့၊ ခြားနားမသိ၊ သို့ဖြစ်ဘိ၏၊ ဤသည့်ရွာက၊ တခါထွက်ခွာ၊ လာပြန်ပါသော်၊ သာယာထိန်ဝင်း၊ နီချင်းရောင်ယှက်၊ ကိုင်းခက်မြိုင်မြိုင်၊ ခုံခိုင်ရွက်ရှင်း၊ ငုံကင်းလက်ပံ၊ ပွင့်အနားလန်ကို၊ ကူးပျံဇရက်၊ ပင်ထက်သဲသဲ၊ ဝတ်ရည်ကို မြဲကြတယ်၊ ပေါက်ပင်လဲ ထိုနဲ့တူ၊ မြင်ရမူ နီတျာတျာ၊ ပတ္တမြားအရည်ရောင်၊ ဖူးငုံပွင့် တပြောင်ပြောင်၊ အထောင်နဲ့အယွန်း၊ ကျေး

နွတ်သီးချွန်း၊ တောစွန်းကွင်းပြင်၊ ပေါက်ပင်ထွေရဲ၊ တပို့တွဲမို့၊ ပွင့်ဆဲခါညီ၊ ရာသီအကြိုက်၊ စုံတဝိုက်မှာ၊ သိုက်မြို့ပုံ ထူးလိုက်ပါဘိတော့တယ်။

## ခွန်းထောက် ၄ ဆစ်

လက်ပံနှင့်ပေါက်ပင်။ ။ ကုံရာသီ အချိန်သင့်၊ ပွင့်ကြနီလွင်။ ။
ဇရက်သံ ညံမစဲလေဘု၊ တသဲသဲ ကူးယှက်ဝင်၊ ပျော်ရွှင်တဲ့ဘာဝ။ ။
ဝတ်ရည်စုပ်ရှာကြ၊ သုတ်သုတ်ပျံ့ အုပ်အသင်းရယ်နှင့်၊ ချင်းတို့ ပျော်ကြ။ ။

ဩော်... တောနဲ့လယ်ကွင်း၊ လျှောက်ခါ နင်းလို့မို့၊ ခရီးပြင်းလာခဲ့၊ ဂါမာခေါ်ရင်း၊ တောကျွဲအင်းသို့၊ မယွင်းထုတ်ချောက်၊ မပန်းခင် ရောက်လေတော့၊ တထောက်ငံ့နား၊ ပေါ်ရာဏာ ကျောင်းပါးတွင်၊ စခန်းသွား ရပ်အုံးမှ တော်တော့မကိုး။

ရွာတော ကျွဲအင်း၊ မြေခင်းသန့်သန့်၊ မြေပြန့်ညီညီ၊ ခိုမှီနေပြား၊ အောက်သားအထက်၊ အသက်မွေးကျောင်း၊ လယ်ချောင်းလုပ်စား၊ ထာဝရသား မရှိ၊ ပဝတ္တိလူများ၊ ပျော်ပါးစံရာ၊ နွေခါအလိုက်၊ စပါးတိုက်လှည်း၊ ရွာနီးပတ်သိုင်း၊ ဝိုင်းလျက်တည်းအုံ၊ အိမ်ထောင်စုံပွား၊ လာကြငြားသည်၊ ရွာကားစည်ဟန်၊ ချိန်ကုန်ပြန်သော်၊ ရပ်ဌာန်မနှောင်း၊ ရွှေ့ပြောင်းသောခါ၊ ရွာမှာ ဟောင်းလောင်း၊ ကျန်ခဲ့ကြောင်းဖြင့်၊ အပေါင်း ပြောသံ၊ ကြားရချက် မှန်ပေသည်။

## ခွန်းထောက် ၄ ဆစ်

စပါးတိုက် လှည်းကူလီ။ ။ အိမ်ထောင်စုံ လာကြငြားတယ်၊
များလှစီရီ။ ။ ရွာကိုရံပတ်လို့၊ ကိုင်းရွက်ချပ် တဲကိုယ်စီ၊ ယာယီဖြင့်
နေဆဲ။ ။ လုပ်ချိန် စဲလျှင်ဖြင့်၊ ကိုယ့်လှည်း ကိုယ်စီပ၊ ကိုယ့်ဌာနီ–
ပြန် ကာ ဆုတ်မယ်လို့၊ တဲပုတ် ဖြိုလှဲ့။ ။

တောကျွဲအင်းရွာ၊ ရှေ့ရပ်သာမှာ၊ ပေတရာလမ်း၊ ဖြတ်သန်းကာဆီး၊ သစ်ကြီးသစ်ငယ်၊ ရှည်သွယ်မျိုးမျိုး၊ စိုက်ပျိုးထားသလို၊ တောနေချက် စိုလိုက်တာ၊ ညခါတိုင်ရောက်၊ အိပ်ချိန်လောက် မြည်ကြရှာ၊ သံဖွာဖွာ ချေဟောက်၊ ကျားနောက်က လိုက်သလို၊ အိုက်အိုက်အောက်အောက်၊ ညောက်ညောက်သံ၊ တောက်တောက်သံ၊ ကြက်တူရွေး လန့်လို့ပျံ၊ သဲသဲလှုံ ဖျပ်ဖျပ်

ည်၊ အသက်ကို ရန်သူ ကြဲလို့ထင့်၊ လန့်ဟန်နှင့် ထိတ်ခမန်းမို့၊ အိပ်တန်းက ပြေးထွက်ခွာကြသကိုး။

## ခွန်းထောက် ၄ ဆစ်

ညချိန်ရောက် ချေဟောက်တဲ့အသံ။ ။ ဇွဲ့ရာ နောက်က လိုက်ကရော့ထင့်၊ တော၌ဆူညံ။ ။ အိပ်တန်းပျော် ကြက်တူရွေးတို့၊ ရန်ဘေးကြောင့် လန့်ကာပျံ၊ တောင်ပံရိုက် အသံပြင်း။ ။ တိရစ္ဆာန်ချင်းငယ်တို့၊ နိုင်နင်းစွာ ဘဟာမှောင့်ကြတယ်၊ ဘေးကြောင့် ရှောင်ကွင်း။ ။

ကျွဲတောအင်းက၊ ချိန်လင်းသာယာ၊ ထွက်ခဲ့လာသော်၊ ပေတရာလမ်း၊ တောင်ဘက်လှမ်းလို့မို့၊ စခန်းစဉ်ထွက်ခဲ့ပါ၊ လဟာအိုင် အင်းပျက်၊ နိမ့်ခွက်ခွက်နှင့်၊ ကိုင်းတောဘက် တခြမ်း၊ သည်အထက် မီးရထားလမ်း၊ သံကြိုးပတ် ဖြတ်သန်း၍၊ တော်မှန်းတဲ့ သစ်ပင်တွေ၊ ပိုင်းခြားလျက် ခြေအနေမှာ၊ ကောင်းပေရဲ့ မြင်အများ၊ ဖယောင်းတိုင် စီထားသို့၊ ဖြောင့်သားခြင်း မတ်မတ်၊ အန္တရာယ် ကင်းပြတ်သဖြင့်၊ ပင်ချင်းထပ် အာဝါသ၊ နေခြည်ပြောက် မခပဲ၊ အေးမြသော ကြိုးဝိုင်းတောသို့၊ အမောဖြေ ရောက်ချည်ပေါ့ကိုး။

ဩော်... တော်မှတ်တဲ့ သစ်တောတွင်း၊ မြင်ရခြင်း အကြောင်းမှာ၊ ကောင်းမေငဲ့ ထိုပင်ထွက်၊ ရတနာ ရွှေခက်ထင့်၊ ပွင့်ရောင်ဝါ တလက်လက်နှင့်၊ ကြည့်ရချက် လွန်တင့်တယ်၊ နေပုံက ဆန်းကြယ်သည်၊ အုံညြဖွယ်တခန်း၊ ဖယောင်းပန်း ပွင့်ဖူးစီ၊ လက်တံတို လက်တံရှည်၊ သစ်ခွပန်းအတည်တည်၊ သဇင်ဥ ဟိုအကိုင်းမှာ၊ ပတ်ဝိုင်းလျက် စီအရီ၊ ဟောဟိုဆီ သစ်ခွပေါ်၊ ဓလေ့တော် အတန်သွယ်၊ ကြည့်ရဖွယ် အခင်းခင်း၊ အင်ကြင်းပင် အရွက်ရှင်း၍၊ ဖူးပွင့်ခြင်း ထွက်မည်မှုကို၊ အားပြုကာ နေဆဲနှင့်၊ တူရှာပေသကိုး။

## ခွန်းထောက် ၄ ဆစ်

ရွက်သစ် လောင်းမလို့ထင့်၊ ရွက်ဟောင်းတို့ အကျန်ကြွေ။ ။ ရတနာရွှေခက်ပန်း ဆန်းလျက်ဝေဝေ၊ ဓလေ့တော် ပွင့်ဖယောင်းရယ်နှင့်၊ သွယ် ပျောင်းသို့ ဇင်ဥတွေ၊ ဝိုက်ခွေလို့ ဖုစုံတွဲ။ ။ အရွက်က ရှင်းသနှင့်၊ အင်ကြင်း ဖူးငုံပွင့်မည်လို့၊ အားရ၍ ယူဆဲ။

တောထဲဖြစ်အင်၊ ဟိုဆီတွင်ဝယ်၊ ရွက်စီ ကိုင်းလွင်၊ ပျဉ်းမပင်ထင့်၊ အမြင်အချင့်၊ စိတ်အထင် ဆယ်တောင်ကျော် မြင့်လိမ့်မထင့်၊ ထက်နှစ်ကိုင်း ဆင့်အောက်၊ သစ်ဖုံကြီး နံ့သာပေါက်တွင်၊ ချိန်ရောက် ဓမ္မတာ၊ ဥဖို့ရာဖြင့်၊ ပြရှာထင်ရှား၊ ကျေးကုလားထင့်၊ မြင်ငြားဖြစ်ချက်၊ ဦးခေါင်းမှူ ပြူကာ ထွက်လို့၊ သစ်ခေါင်းထက်အဝမှာ နေရနှယ် ကျလိုက်ပါဘိတော့တယ်။

ဟောဟိုဝယ် တရပ်၊ ဘန့်ပွေးပင် မတ်မတ်တွင်၊ အခွံဖပ် ကွာရေး၊ တဖက်ခြမ်း အသားဆွေးကို၊ သာဖေးကာ တဒေါက်ဒေါက်၊ နှုတ်သီးနဲ့ မြှောက်ခါ ပေါက်ထာ မတော့၊ သစ်တောက်ကောင် ဆိုလေထင့်၊ ဟိုပင်မြင့် တသီး၊ ခွ,ဆုံကြီး၊ အောက်အနီးတွင်၊ အပေါက်ကြီးအထဲတွင်၊ သာလိကာ နှစ်ကောင် တွဲ၍၊ ဝင်ဆဲကို တွေ့လိုက်တယ်၊ ကြောင်းဝယ်တခု၊ ဓမ္မတာ ကိုယ်ဝန်မှုကြောင့်၊ ကြင်သူ့သက်ထား၊ နေရာများကို၊ ဝင်သွားလို့ ပြသည် ဟု၊ မုချပင် တွေးရတော့မကိုး။

ဟိုက တချက်၊ ဂုံညင်းနွယ် လိမ်ယှက်လျက်၊ အတက်လဲ မဟုတ် ငြား၊ မျောက်လှေကား သဏ္ဍာန်၊ အညွန့်လန် ဝေဖြာ၍၊ တပင်သာ မဟုတ်၊ လွှမ်းအုပ်ကာ တွယ်ခြင်းကြောင့်၊ ရိပ်ခင်းက ပြန့်ကျယ်၊ ပင်အောက်ဝယ် သန့်ရှင်း၊ မြေတလင်း ခပ်ပြောင်ပြောင်၊ ရတ်တရက် ဟိုချောင်က၊ တိမ်း ရှောင်ကာ ဖြစ်ရေး၊ သစ်ကိုင်းကို လျှောက်ခုန်ပြေး၍၊ ပေးလိုက်သည် အသံ က၊ အဖန်ဖန် တစုတ်စုတ်၊ နောက်လိုက်ကောင် ပြန်မဆုတ်၊ ဒေါမာန်နှင့် အားထုတ်လျက်၊ ကြိုးကုတ်ခါ ကိုက်ခြင်း၊ ဖြစ်ကြပုံ အခင်းမတော့၊ မြင်ရ တွင်း အချက်အိုး၊ ရှဉ့်မနဲ့ ရှဉ့်ဖို၊ လင်မယား နှစ်ကိုယ်တို့၊ အလိုကို မကျ၊ ရှဉ့်ဖိုက မာန်ကြွ၍၊ ထတဲ့ခါ အလိုက်၊ ရှဉ့်မက တိုက်ကရိုက်၊ မနှစ်ခြိုက် ပြုပုံ ဆိုးလို့ထင့်၊ စုတ်ထိုးကာ မြည်ကြွေး၊ သူ့ခများ,ကြောက်သည်ဘေး ကြောင့်၊ ခုန်ပြေး၍ လာဟန်တူပေသကိုး။

ဟိုနားဆီ တချက်၊ အောက်ချင်းငှက် မောင်နှံ၊ ကူးယှက် ပျံလျက်၊ အောသံထုတ်ကြွေး၊ ငှက်ကလေး, ငှက်ကြီး၊ တောရိပ်မြိုင်မှီးကြ၊ ပင်ထီး ပင်ခြောက်၊ တလျှောက်စုတ်ငုတ်၊ ထုတ်သစ်ပိုင်းဖြတ်၊ သင်းသတ်ပင်ထောင်၊ သျှိုမြောင်ကျပ်ကျဉ်း၊ ဘဏ္ဍာတွင်းက၊ အပြင်းခွာလို့၊ လာရာခရီး၊ ကာဆီး မီးရထားလမ်း၊ ကျော်ကာ သန်းလျက်၊ လှမ်းခါ မဆုံး၊ ခုံးကိုတက်ပြီး၊

အရှေ့ဘက်ကြိုးဝိုင်း၊ တောင်ပိုင်းအစပ်၊ လှည့်ပတ်လျှောက်ခါ၊ လယ်ခင်းသာတွင်၊ တဲရာကုန်းသန့်၊ တလင်းပြန့်နှင့်၊ အခန့်သင့်စွာ၊ နီဝါရွှမ်းပြင်း၊ သီးကင်း ဆီးပင်၊ တွေ့မြင်တချက်၊ အပင်ထက်ကို၊ တက်၍ကိုင်လှုပ်၊ တဖြုတ်ဖြုတ်ပ၊ ကြွေလို့ကျသည်၊ အသီးလု အသီးမှည့်၊ ကောက်ယူ ထည့်တော့၊ ခံတွင်းဒေည့် လျှာရည်ယို၊ စားလိုက်တော့ တယ်မချို၊ ရှုံ့သလို မျက်စိမှိန်းပြီး၊ သွားကျိန်းခါဖြစ်နဲ့၊ ဆီးပင်က ရှဲလို့မို့၊ လယ်ကွင်းထဲ ကိုင်းစပ်ကို၊ သာဖြတ်လို့ လှမ်းကျော်၊ ကြိမ်ခါးကုန်း အမည်ခေါ်တဲ့၊ ဂါမော်သို့ တခါ၊ ရောက်ပါသဖြင့်၊ တထောက်ငံ့နား၍၊ အပန်းအား ဖြေငြားမှ တော်တော့မကိုး။

ဩော်... ခါဟေမန္တ၊ ဆောင်းဥတုက၊ လုကာကြ၍၊ မာသတပေါင်း၊ မိန်ရာသီ ခါမှီပြောင်းလေတော့၊ ညှာညောင်းကြွေပြုတ်၊ လေပြည်သုတ်သော်၊ တဖြုတ်ဖြုတ်သံ၊ မြေတလင်း ရွက်ချင်းညံလျက်၊ ရုံးတံကိုင်းခက်၊ ဖုအရှု ပျူကာထွက်မလို့ထင့်၊ ပင်ထက်အဖျား၊ ညွှန့်ထွက်ပုံ ခြားပါဘိ၊ နီကျား, စိမ်းဝါ၊ ချိန်ခါအလို၊ တောအခြေ စိုလီမ့်မည်။

အဟိုခါဆီ၊ စေတီသဲပုံ၊ မှူးကုန်မတ်ပေါင်း၊ သောင်းသောင်းပြည်ကျော်၊ ဆွေတော်မျိုးတော်၊ ကတော်မိဖုရား၊ မင်းတရားတို့၊ တွက်ငြားသဘင်၊ သဲသောင်ပြင်တွင်၊ စီရင်တင့်ဆန်း၊ စံတဲနန်းနှင့်၊ ခမ်းနားရွှင်ပျော်၊ စေတီတော်ကို၊ ပူဇော်အမြဲ ဖြစ်ပေသည်။

ထိုရာသီကြိုက်၊ ပွင့်လိုက် သရဖီ၊ အင်ကြင်းနီနှင့်၊ ခါမှီ ထိုပန်း၊ ဆင်မြန်းကြရာ၊ အာကာကောင်းကင်၊ ညဥ့်တွင် အကုန်၊ ကြယ်နက္ခတ်စုံချေသည်။ သုံးဘုံသူ့သနင်း၊ တုမရှိ ဖက်ကင်းသော၊ ဇိနမင်းသခင်၊ ကာလုဒါထေရ်ရှင်၊ လျှောက်တင်သည့်အချက်၊ ရွှေစက်တော် ဆန့်တန်း၊ ချက်မြှုပ်တော် စံခန်း၊ ကပ္ပိလ မြေပေါက်နန်းသို့၊ ကြွလှမ်းတော်မူရာ၊ သင့်မြတ်သည့်လ အခါဟု၊ မြတ်ဗုဒ္ဓါ မိန့်မြွက်၊ နှစ်သက်ကျ ယခုတိုင်၊ ခပ်မြိုင်မြိုင်စိတ်ထား၊ လျှဒါန ပြုငြားလျှင်၊ ထိုလ,အား လုပ်တုန်းကို၊ စိတ်နှလုံးစွဲယူ၊ မလွဲမူကြုံးပိုက်၍၊ နှစ်ခြိုက်စွာ ထိုရာသီကို၊ သာအကြည် လိုက်ကြပါပေသကိုး။

## ခွန်းထောက် ၄ ဆစ်

ဂိမှာန်တာ လေယဉ် လွင့်ချိန်မို့၊ မိန်ပြန်ခါ နွေတွင် ပွင့်ရှာကြ၊ ရွှေ
အင်ကြင့် ရိုးတံနီ။ ။ ခါတပေါင်း ညှာညောင်း၊ အကုန်ကြွေလို့၊ စုံခြေရော်
ရွက်ဝါရင့်တွေက၊ ကြံ့လေနော်–ယှက်ခါ ပွင့်ကြတယ်၊ ပန်းမင့် သရဖီ။ ။
ဥတ္တရာ ဖွေဘုံလမ်းဆီက၊ ပုဏ္ဏမာ ငွေယုန်နန်းဆီသို့၊ စန်းပြည့်ပြည့် ယှဉ်ခါ
မှီ၊ ဗာဟီရ အပြောင်း။ ။ နွေချိန်ခါ၊ ငွေမိလ္လာ ပြာရည်ရောပါလို့၊ ဥသြ
ဖို့ တွန်သံချိုတော့၊ သောတာပန် မဟာထေရ်တို့တောင်၊ မဆည်နိုင် မျက်ရည်
စို့ရှာလိမ့်၊ အဘိညာဉ် ရှာန်ယဉ်ချို့ပါလို့၊ နယ်ရှစ်ခွင် မြူခြည်ဆို့တယ်၊
လွမ်းဖို့ တပေါင်း။ ။

အကြောင်းနှင့်တကွ၊ ဟသ်ာတ ရိပ်ခိုသော၊ အုတ်ဖိုမြို့ နဂရက၊
ဝစန ရွှန်းဖြာ၊ စာဆိုဆရာ ကိုထွန်းသာက၊ ညွှန်းကဗျာ ဖော်ထုတ်၍၊
တပေါင်းလ သရုပ်ကို၊ အကျဉ်းချုပ် ရေးစပ် စီကုံးရှာပေသကိုး။

ဩော်... ကြိမ်ခါးကုန်းတွင်၊ စုရုံးခေတ္တ၊ နေထိုင်ကြရာ၌၊ ကာက,
မြည်သံ၊ တရံ မကြား၊ အစာ စားဖို့၊ လားလား မလာ၊ ကြောင်းရာ မသိ၊
အုံ့ဩဖွယ် ရှိပေသည်၊ ညဥ့်ကိုတဖန်၊ ရောက်တုန်ပြန်သော်၊ အာကာယံ
ထက်၊ ကောင်းကင်ချက်တွင်၊ ပြိုးပြက်ရောင်လျှပ်၊ ကြယ်နက္ခတ်တို့၊ လျှောက်
ပတ်ထိုထို၊ ဘောမဂြိုဟ်လဲ၊ အရောင်ရှဲလျက်၊ ပေါ်မြဲနေရာ၊ ရွှေ့ရှာလေဘူး၊
အထူး ရှုရ၊ အားမပြုပုံ၊ သောရီနုံလျက်၊ ဘယ်ပုံဘယ်နည်း၊ ဖြစ်သတည်း
ဟု၊ အပြီးမှုချ၊ အာကာသ၏၊ သျှုတ္တရကျမ်း၊ အခန်းခန်းကို၊ တတ်စွမ်းပုဂ္ဂိုလ်၊
များထိုထိုတို့သည်၊ အလိုကို သိကြလိမ့်၊ ကြည်စိမ့်တခါ၊ အာကာယံက၊
ဖန်ဖန် မြည်ကြူး၊ တစ်တီတူးတဲ့၊ အထူးသာယာ၊ တောဖြစ်တာမို့၊ ဘာသာ
အလိုက်၊ ပျော်ပိုက် လွန်များ၊ မြည်အားကို ထုတ်၊ သို့မဟုတ်က၊ စိတ်ရှုပ်
၍သာ၊ ဖော်ကွဲရှာလို့၊ မြည်ရာသလော၊ တွေးတောနှစ်ခွ၊ ရှိရခဲ့ပြန်၊ ကြူး
ကြော်သံမှာ၊ လွမ်းစရာ ဆွေးစရာ၊ ဖြစ်ပေရာခဲ့၊ ထိုသတ္တဝါသံ၊ ထိုညဥ့်ယံ
၌၊ ဂါမံရွာပေါ်၊ ဤကဲ့သို့ ကြွေးကြော်လျှင်၊ ကြားသော် လူများ၊ ဒေါသ
ထား၍၊ နှုတ်အား မနေး၊ အမျှပေးလျက်၊ တံတွေး ဟက်ထိုး၊ ခွေးဝက်ရိုး
တို့၊ ထိုးလို့ပေါက်စူး၊ ဖြစ်ပါစေဟု၊ မသွေ ရေရွတ်ကြလိမ့်မည်။

ထိုရာသီလ၊ ပြည့်ထ,အခါ၊ မဟာတိဂုံ၊ ဓာတ်ပေါင်းလှုံသည်၊ သုံးဘုံ

သူများ၊ ဦးနှိမ်ထားရသည်၊ ကြည်အားစိတ်သန်၊ လမ်းနိဗ္ဗာန်ကို၊ ဖြောင့်မှန်တူရှု၊ ရှယ်ချူမလွဲ၊ ဘုရားပွဲသည်၊ သဲသဲခြိမ့်ခြိမ့်၊ မိုးမြေနိမ့်မျှ၊ သိမ့်သိမ့်သုန်သုန်၊ ရန်ကုန်ဌာန၊ မြို့နဂရသို့၊ သွားကြလူပေါင်း၊ ကြည်းရေကြောင်းဖြင့်၊ သောင်းသောင်းဆူညံ၊ ရှိလေဟန်ကို၊ တရံမနေး၊ မျှော်မိသေး လွမ်းရေး အပုံ ပွားတော့တယ်။

ကြိမ်ခါးကုန်းက၊ ရှန်းခဲ့တခါ၊ လာပြန်ပါသော်၊ ဖြတ်ကျော်လယ်ကွင်း၊ နင်းခဲ့မြန်စွာ၊ လမ်းပေရာကို၊ လျှောက်ကာတထောက်၊ နရွဲပင်ဂါမာသို့၊ မကြာခင် ရောက်ပေသည်၊ ရောက်လျှင် ခေတ္တ၊ စခန်းချရန်မှာ၊ ရွာ၏ အလယ်၊ အိမ်နံဘေး ဥယျာဉ်ဆွယ်တွင်၊ မကျယ်မကျဉ်း၊ သရက်ပင်အရိပ် တွင်း၌၊ ကနားဖျင်းသဏ္ဍာန်၊ သက်ငယ်ဘော–မိုးကာရံ၍၊ မြေကျုံတလင်း၊ ကောက်ရိုးခင်းတွင်၊ အိပ်နေခြင်း သဘော၊ အပွက်စွော–အမှုကို၊ သာပြုလို့ နေရပေတော့သည်။

နရွဲပင်ရွာ၊ ရှေ့ရပ်သာက၊ ပေတရာလူလမ်း၊ ကိုင်းတန်း တဝက်၊ နိမ့်လျက် ရိုးစောင်း၊ မြင်မကောင်း–အင်းချောင်းလဲ ရှိချေသည်၊ ရွာ၏ အနောက်မှာ၊ ပေတရာခြား၊ လမ်းမြောင်းပါးတွင်၊ ထင်ရှားဝိဟာ၊ ပေါရာဏာနှင့်၊ ကွာတခေါ်လောက်၊ အရှေ့မြောက်တွင်၊ နောက်ပေါက် ကျောင်းငယ်၊ ပွားသွယ်ဖြစ်ပျက်၊ ကျောင်းငယ်ထက်၌၊ နေလျက်ဖုန်းတော်၊ ရှေးအဟော်က၊ လာသော်အဖြစ်၊ အစစ်အာဂန္တု၊ ခိုမှုမပျက်၊ ကျောင်းဟောင်းထက်အရှင်၊ ကြည်လင်ခွင့်ပေး၊ နေထိုင်ရေးမှာ၊ ဝါကလေးတဝါ၊ ဆိုရာမပျက်၊ နှစ်သက်ခုခါ၊ စရိုက်ပါကို၊ လိုက်ရှာမလွဲ၊ ယပ်လှဲ့တရား၊ ထွေရာများနှင့်၊ ပြောကြားဝစန၊ သို့ဖြစ်တာကို၊ ဒါယကာ ဒါယိကာမ၊ အချို့ကလျှင်၊ ဤအရှင်ကို၊ ကျောင်းတင်မှသာ၊ သင့်ရာအခင်း၊ ကျောင်းအမနဲ့ ပင်းလို့မို့၊ ရှိရင်းပုဂ္ဂိုလ်၊ အဆိုအပြော၊ အဟောမတတ်၊ သို့ဖြစ်လတ်၍၊ ကင်းပြတ်ရန်အချက်၊ အာဂန္တုနှစ်သက်ကြောင်းနှင့်၊ အဟောင်းရှိ ထေရ်အရှင်ကို၊ မကြည်လင် မနှစ်သက်၊ အာဂန္တု တွဲဖက်လျက်၊ သဲပွက်ကြီး ထ,သကဲ့သို့၊ အစစပေါ်လာ၊ ကြောင်းခြင်းရာကို၊ ဝိဟာပိုင်ငြား၊ ထေရ်ရှင်ဖြားက၊ ငါ့အားဝိဟာ၊ ငါ့ဆရာက၊ သာယာငြိမ်းချမ်း၊ လှူရဟန်းရှေ့၊ မရွှေ့စာတမ်း၊ ပေးကမ်းနှစ်တန်၊ ဂရုဘဏ်လဟုဘဏ်၊ ပစ္စယံ အစုစု၊ ဂုရုပိုင်သမျှ၊ လုံးဝမကျန်၊ အပ်နှံမတွန့်၊ စွန့်ခဲ့

ထင်ရှား၊ ဆရာဖြားလဲ၊ ပြောင်းသွား မရဏာ၊ ပျံတော်မူရာ၊ ရုပ်ကလာကို၊ သင့်စွာ စကျင်း၊ သွင်းထား လျောက်ပတ်၊ ကြာကလပ်ပြင်၊ မြတ်ရာတင်ကြောင်း၊ နိဗ္ဗာန်ကျောင်းနှင့်၊ ကောင်းအောင်ရည်ခြင်း၊ ဝိဟာတွင်းတွင်၊ ရှိရင်းဒိဋ္ဌ၊ တွေ့မြင်ကြလျက်၊ ဘယ်တွက်ဤကျောင်း၊ ပေးရကောင်းဟု၊ အကြောင်းပြ၍၊ စောဒက ပြုကြလေဟု၊ အထွေထွေ အထူးထူး၊ ပြောဆိုရန် မရှိဘူးဟု၊ မြွက်ကြူးကာ မိန့်ကြားမှ၊ အများသော ဒါယကာ၊ အာဂန္တု ထေရ်သမဏာကို၊ ကြည်မေတ္တာ မပျက်၊ ဤနေရာ ကျောင်းမြေကွက်တွင်၊ အချက်ကျ စိတ်သန်၊ တသက်မျှ မိဋ္ဌာန်၍၊ ကျောင်းမျိုးစေ့ နှံကြပေသကိုး။

ထိုရွာ၌ပင်၊ အိမ်အမိုး တမျိုး ဆင်ကြသည်မှာ၊ ဆစ်ကိုင်းပင်ရွက်၊ ခုတ်လျက်ဆစ်များ၊ ယူငြားမချို့၊ သက်ငယ်သို့သွင်၊ သင်လျှော် မှျင်နှီး၊ အပြီးငင်ပျစ်၊ သက်ငယ်စစ်မဟုတ်၊ ကိုင်းရွက်ကို ချုပ်လို့မိုး၊ သာအုပ်ခါ မိုးကာကြပေသကိုး။

ထိုရွာနေလူ၊ ထက်လူ အောက်သား၊ စုငြားနေထိုင်၊ ပင်တိုင်အချုပ်၊ လယ်လုပ်ဝမ်းကျောင်း၊ ရောင်းစား ဈေးသည်၊ ရှိကြသည်ချည်း၊ ရှေ့နည်းမရွေ့၊ ရောက်သည့်နေ့က၊ တွေ့ရတကြောင်း၊ ရှင်လောင်းလှည့်ရာ၊ များစွာလူပေါင်း၊ ဗုံမောင်းငြိမ့်ညက်၊ ကြေးစည်နက်လျက်၊ ရေးထက်ဟိုခါ၊ သုံးရာစမြဲ၊ ရွှဲလိုက်ရတု၊ တောထွက်ခန်းကို၊ ဆိုလမ်းပြု၍၊ ရုံးစုမလွဲ၊ ကာလသားခပဲတို့၊ ရွှဲလိုက်အသံ၊ တည်ည်နှင့်၊ လာဟာန် သွားဟာန်၊ ယဉ်ကျေးဟာန်နှင့်၊ ကေဆံနောက်တွဲ၊ ကြိုးနီတဲနှင့်၊ ဘယ်နဲ့ယဉ်ရာ၊ သူတို့ချင်း လင်းပါးရှာလိမ့်၊ ခေတ်သဟာမိုက်၊ ဆံတောက်ကိုက်နှင့်၊ ကာလကြိုက် ခုဖြစ်ဘိ၊ မထိုက်လို့ မကြည့်လိုက်၊ မျက်စိများ မိုက်လေရော့သလား ကရို။

အချို့ရွယ်သေး၊ မိန်းကလေးတို့၊ ပြုမူရေးတသီး၊ အပျိုကြီးသို့၊ ခရီးမတွင်၊ ဘယ်စိတ်ယှဉ်၍၊ ပုံသွင်သေးသေး၊ တေးဆိုသံလဲ ညံမအေးဟု၊ ကြွေးကြဖန်ဖန်၊ ဝေဇယန္တာကို၊ ကောက်ခါမလွဲ၊ သံပြိုင်တွဲ၍၊ နွဲ့ကြသူတို့၊ စိတ်ရွှင်လို့ထင့်၊ ပြုံးချို့မျက်နှာ၊ နပ်ခါးဗရပျစ်၊ မျက်ခုံးထက်မှာ၊ မှင်နက်ခြစ်လျက်၊ ထစ်ထစ် တုံးတုံး၊ အလုံးအပြား၊ မင်သား နက်ကြောင်း၊ မြင်မကောင်းဖွယ်၊ နှုတ်ခမ်းဝယ်လဲ၊ နီခြယ်အသား၊ ဟာသံပဒါးသို့၊ ကွမ်းစားကွမ်းရေ၊ လိမ်းပေ ကျံကျံ၊ ယဉ်ဟန်သမူ၊ ယဉ်ကြောင်းကို ပြုရှာကြ၊

ယဥ်နုနု ကိုယ်ကိုချီးကြတယ်၊ အပျိုကြီး လုပ်ချင်တဲ့ ကလေးမတွေ ပါ ကလားနော်။

## ခွန်းထောက် ၂ ဆစ်

ပင်နရွဲ မည်စွဲတဲ့ရပ်ဌာန်။ ။ ထက်အောက်လူ နှစ်စုတွဲကြတယ်၊ မြဲပျော်လျက်စံ။ ။ မိန်းမငယ် လူကလေးတို့၊ ရွှင်ရေးနှင့် သီချင်းသံ၊ ဆူညံလို့ ပန်းမန်လိမ်း။ ။ ချစ်ယောင် ခင်ယောင်နှင့်၊ ဟန်ဆောင်ကာ ပြောပုံက ကြမ်းကြတယ်၊ ဘန်းမလှ ကိန်း။ ။

သြော်... နရွဲပင်ဂါမာ၊ ထိုသည့်ရွာက၊ ထခါတဖန်၊ သွားကြပြန်သော်၊ လယ်မှန် ကွင်းခြား၊ ပုလိပ် သွားတဲ့၊ ထွင်ထား လမ်းရာ၊ ရှိသည့်ဟာကို၊ လျှောက်ခါမပြတ်၊ ကျောင်းဆိုးရွာကို၊ ကျော်ကာဖြတ်၍၊ ကိုင်းတထပ် သဲခင်တန်း၊ လှည်းလမ်း၏နံဘေး၊ နိဗ္ဗာဓ အရိပ်အေး၌၊ ရှေးအစဉ်မပျက်၊ ဗလိဝတ် ဆက်လက်၍၊ နှစ်သက်စွာ မပြတ်ယင်တဲ့၊ နတ်စင်ကြီး တခု၊ ရှိသေစွာ ပြုကြသည်၊ ကုသလမချို့၊ ထိုနတ်တို့ကိုလဲ၊ ရကြဖို့အရေး၊ အမှု များ ပေးခဲ့သည်၊ မဝေးထိုက၊ တခေါ်လောက် ဌာနတွင်၊ သုသာန ဖြစ်ချက်၊ မြေပုံချင်း ယှက်ကရော့၊ စရပ်ပျက် သစ်သားတိုင်၊ မိုးယနယ်, ကြဲယိုင်လျက်၊ ခိုင်တော့မယ် မဟုတ်၊ လူတက်လျှင် ပြုတ်လိမ့်မထင့်၊ ခြ,အုံလုပ် နေရှာ၊ ဟောဟိုဆီ အနား၊ မြေပုံငယ် အများအပြား၊ နီးပုခက် အုပ်ခါထားတာ မတော့၊ မနေ့ကလား မပြောတတ်၊ မြေပုံက လတ်သနှင့်၊ ဆူးခက်ချပ် ကာကွယ်၊ နို့စို့ရွယ် ကလေးထင့်၊ ပူရေးဖြင့် မတုံး။ သူ့မိခင် နှလုံးမှာ၊ ကြိမ်မီးအုံး ပူလိုက်မှာ၊ ဘယ်လောက်များ ကြမယ်မသိ၊ မအေးစရာ ပွား တက်ဆွေး၊ ယောက်ျားနှင့် မိန်းကလေး၊ ဖြစ်မည်အရေးကို၊ တွေး၍မရ၊ မာတာလှမှာ၊ အာဟာရမဝင်၊ ပူအင်မချို့၊ ရင်နှစ်မို့မှာ၊ နို့သမြတ်ရေ၊ တောင့်မာသက်ဆင်း၊ ယိုကျကျင်းသော်၊ မြင်တွင်းတက်ဆို့၊ အမေ့နို့ကို၊ စို့လှဲ့ဘကွယ်၊ အချိန်ကျသကွဲ့၊ ထ,ခဲ့ဟဲ့ဟု၊ အော်မှဲ့ဟစ်ကြွေး၊ ဘယ့်လောက် များ ဆွေးမယ်သိ၊ သားသမီးရေး၊ မိဘမှာ အေးနိုင်ဘု၊ တွေးလိုက်တိုင်း အစစ်၊ သောကနှင့် ပရိဒေဝ၊ ဆဲ့တမီး ထလျက်၊ ပြီးမလှ ပူအုန်းမှာပဲကိုး။

ဟိုဆီအနား၊ သင်္ဂြိုဟ်ရာ ကွက်ကျားတွင်၊ စုထားတဲ့ အရိုးပုံ၊ ဟိုချုံ

၏အနား၊ အုတ်ဂူနှင့် ထားသည်မှာ၊ မိဘလား ဘိုးဘွားလား၊ သားမြေးများက စိတ်ထားကြည်မြတ်၊ စေတီမှတ်၍၊ မပြတ်ပူဇော်၊ ကော်ရော်ဝပ်တွား၊ ရှိဖိုးဖြာကို၊ တည်ထားထိမ်းမှတ် ပြုလေသည်။

ထိုလုပ်တိုင်းမှ၊ မဆိုင်းလျှင်စွာ၊ လာရာမနှောင်း၊ မိကျောင်းနှယ်ယှက်၊ ရိုးကိုသက်လို့၊ တက်ခဲ့ကုန်းကျော၊ ထမဆုပ်တောနဲ့၊ သက်ငယ်တော တထပ်၊ ကျော်ခါဖြတ်၍၊ ဆစ်ကိုင်း စပ်စောင်း၊ သဲဖြူချောင်းအင်း ထဲ၊ ဆယ်နှင့်တွဲလို့၊ ချိတ်ဆွဲပိုတုန်း၊ တံတားကုန်းသို့ ရုန်းဖွဲ့ထား၊ နင်းသွား အသာ၊ ကူးခဲ့ပါသည်၊ သာယာတောခြေ၊ ကုန်းတက်မြေတွင်၊ ပဝေကာလ၊ ဟိုတုန်းကလျှင်၊ ဝိဟာရကျောင်း၊ တည်ဟောင်းနေရာ၊ ဖြစ်ရှာသထင့်၊ ယပ်တောင်ရိုး၊ ကျိုးလျက်နှင့်ဖြင့်၊ မြေပြင့်ထက်မှာ၊ ကျရှာမြင်ရ၊ ကျောင်း တိုင်းကလည်း၊ တိုင်ချည်းငေါက်တောက်၊ သုံးတိုင်ပေါက်လျက်၊ ထုပ်လျောက် နတ္ထိ၊ အနောက်နားမှာ ခြားကာရှိ၊ ကုဋ္ဌိသဏ္ဍာန်၊ ကာရံဟင်းလင်း၊ သန့်စစ် ခွက်လဲ၊ တယ်ခါခင်း၍၊ စောင်းယွင်းရေအိုး၊ ဇောက်ထိုးတစ်၊ ဖြစ်ဘိတို့ နှယ်၊ မဖွယ်မြင်ရ၊ စင္ကြံစမှာ၊ မင်ကျတင့်ဆုံး၊ ပုံနှိပ်လုံးနှင့်၊ ဘာစာတုံး မသိ၊ ကောက်ထည့်လို့ ကြည့်လိုက်ပါ။ စာ၏လက္ခဏာ၊ ရယ်စရာဖြစ်လား။ ပဋိပက္ခရားပြဇာတ်၊ ဘရမာပြည်လွှန်း၊ ဆလံမာရေကွန်းဟု၊ ဖော်ညွှန်းကဗျာ၊ တွေ့မြင်လာ၏။

တခါဆင့်မြန်း၊ လှမ်းခဲ့လေရာ၊ လမ်းမှာတွေ့ငြား၊ တံတားလျားရှည်၊ ချောင်းတတည်ကို၊ ဖြတ်ချည်ကျော်ကူး၊ တထူးရင်ကွဲ၊ ခွဲလျက်ဇရပ်၊ ပြိုင်ကာကပ်သည်၊ ပျဉ်ချပ်တချို့၊ ယို့ယို့ယိမ်းယိမ်း၊ တိမ်းခဲ့အကာ၊ ကွာခဲ့အခင်း၊ မြင်ခြင်းမကောင်း၊ မီးသွေးကြောင်းစာလုံး၊ ပေါင်းရုံး ရှုပ်ထွေး၊ ကမ္ဘည်းစာ ရေးကြတယ်။ ဘအေးနှင့် စောမြ၊ ချစ်ကြိုက်ကြသည်။ အမျှယူတော်မူကြပါဗျို့တဲ့။ အချို့သော နေရာမူ၊ နတ်လူသာဓု ခေါ်စေသောဝ်တဲ့။ ချောပေငဲ့အရေး၊ ထွေးထွေးထပ်ထပ်၊ သည်ဇရပ်မှာ၊ မည်ဝါမဆို၊ စာရေးလျှင် နင့်အမေဟု၊ အဆုံးမသတ်၊ စာလုံးကို ဖြတ်လို့မို့၊ တပိုင်းဖြတ်ထားလေသည်။ သာလာယံ တံတား၊ နေရာများက၊ ရှားခဲ့အလျှင်၊ ဇရပ်ခင်ဂါမာသို့၊ ဝင်ကာ ထုတ်ချောက်၊ မပန်းခင် ရောက်လေတော့၊ တထောက်နားနေအုံးမှ တော်တော့မကိုး။

စရပ်ခင်ရွာ၊ တွင်ရှာနာမ၊ ကြောင်းချင်းတမှာ၊ အစဟိုခါ၊ ဤနေရာ၌၊ သာလုရိပ်ခန်း၊ သဲခင်တန်းကျော၊ အမောဖြေပြေ၊ နားနေစရာ၊ သေချာမလပ်၊ ဇရပ်ဝါးထပ်၊ ဆောက်တတ်အဆန်း၊ ခင်တန်းနှင့်တွဲ၊ ခေါ်မြဲရွှင်ရွှင်၊ ဇရပ်ခင်ဟု၊ မည်လျှင်သမုတ်၊ မယုတ်သဏ္ဌာန်၊ ရွာဖြစ်ပြန်လဲ၊ နာမံမလွဲ၊ ခေါ်မြဲအတိုင်း၊ မြွက်ဆိုကာ ဝိုင်းကြ၏၊ ချင့်နှိုင်းမယို၊ ထိုရွာသည်ကား၊ ရှေ့နောက်လျားလျက်၊ ရွာကြားအလယ်၊ တင့်တယ်လူလှည်း၊ ခရီးသည်တို့၊ မချို့သွားရာ၊ လမ်းကန္တာကို၊ ရေလာနှောင့်ယှက်၊ တိုးတက် တိုးဖွေ့၊ လမ်းမြေရွေ့လျက်၊ ချောင်းကလေ့ သဏ္ဌာန်၊ ခုဖြစ်ဟန်မှာ၊ ကမ်းယံနက်စောက်၊ လေးတောင်အောက် ရေသား၊ တွေ့မြင်ငြားခဲ့၊ ချောင်းခြားလျက်ပင်၊ ရွာဖြစ်အင်ကို၊ ဆင်ခြင်တွေးဆ၊ နောက်ကာလဆုတ်၊ ကမ်းပြုတ်လို့ကွာ၊ ရွာပျက်ရာ၏၊ ခုမှာအကျယ်၊ နှစ်ဆယ်တောင်ကွာ၊ ရှိတန်ရာဟု၊ ချောင်းလာရေဆင်း၊ အလွန်ပြင်းသည်၊ ဘယ်သင်းမခံ၊ လိမ့်လို့သာ လန်ရသည်။ ပြောင်းပြန် ဦးစောက် ဖြစ်တော့သည်။

## ခွန်းထောက် ၂ ဆစ်

ဇရပ်ခင် ဟိုရင်က လှည်းလူလမ်း။ ။ မြောင်းခွေကာ ချောင်းရေပေါက်တယ်၊ လမ်းပျောက် စခန်း။ ။

ရွှင်လန်းရွာ၌၊ စရိုက်မစောင်း၊ နေထိုင်ပုံ ကောင်းကြသည်မှာ၊ အိတ် ပေါင်းများစွာ၊ ဝဲယာအိမ်ပြင်၊ ငါးပိစင် စပါး၊ ဗလာထားကြသည်၊ အိမ်ကား ဆို့ပိတ်၊ မရှိအိပ်ကြ၏၊ တဆိတ်မပူ၊ ခိုးသူနတ္ထိ၊ ကျွဲနွားများလဲ၊ ချည်ထား အချုပ်၊ မလုပ်ပြန်ပေး၊ အေးကြဖြာဖြာ၊ ကြားရတဲ့ တွက်တာကို၊ လွန်များစွာ ဝမ်းမြောက်၊ အံ့ဩရာလောက်ပေသကိုး။

## ခွန်းထောက် ၂ ဆစ်

ငါးရန်သူ မပြုတဲ့ သူခိုး။ ။ အေးချမ်းစွာ နေထိုင်ရတယ်လို့ပြော ကြသဗျိုး။ ။

ကျင့်ရိုးစည်းကမ်း၊ နည်းလမ်းစောင့်ပေ၊ မေတ္တာဝေလျက်၊ အနေမင်မင်၊ ဇရပ်ခင်ရွာ၊ ထိုဂါမာက၊ ထွက်လာတထောက်၊ နရွဲပင် ပြန်ခါရောက်၍၊ ရှေ့မြောက်ဖောက်လာ၊ ပေတရာကို၊ လျှောက်ခါသွား၍၊ လမ်းနား

နှစ်ဖက်၊ အင်းပျက် ကိုင်းတော၊ တကျောလယ်ကွင်း၊ ဆေးခင်းတချို့၊ မြင်တို့ခဲ့ရာ၊ ရွာတွေမှာလဲ၊ သာယာတင့်မော၊ ငှက်ပျောနဲ့အုန်း၊ တင့်ဆုံးဝေးမြင်၊ ကြည်လင်စရာ ရှိပါဘိတကား။

ဪ... ကြည့်ခါကြည့်ခါ၊ လှည့်ခဲ့ရာတွင်၊ လမ်းမှာထင်ရှား၊ မြင်ငြားတချက်၊ သဖန်းညောင်–မြှောင်ခါတက်လျက်၊ ပင်ထက်ဝေစည်၊ အေးကြည်ရိပ်ခင်း၊ သည်အတွင်း၌၊ သန့်ရှင်းသပ်ရပ်၊ ဇရပ်တန်ဆောင်း၊ များမြောင်းလာသွား၊ တည်းခိုနားဖို့၊ ရည်ငြားလို့ဆောက်၊ ထက်အောက်မမြင့်၊ တဆင့်ပျဉ်ခင်း၊ လေးမျက်နှာ အကာကင်းလျက်၊ အတွင်းအထက်၊ ခရီးသွားတို့၊ ဝမ်းပါးတက်လျှင်၊ နှစ်သက်စရာ၊ သရေစာ တည်ရောင်း၊ ကောက်ညှင်းပေါင်း ကောက်ညှင်းထုပ်၊ မပုပ်ငါးကြော်၊ ပဲကြော် ဘူးသီးကြော်၊ မုန့်လုံးကြော် နွေးနွေး၊ သီးမွှေးငှက်ပျော၊ စိမ်းကြောဆိုင်ပြိုင်၊ ရခိုင်ဖီးကြမ်း၊ စားခန်းသောက်ခန်း၊ ရွှင်လန်းသမို့၊ ဝမ်းတောင့်အောင် ဆို့ခဲ့တယ်။

ရှေ့သို့တခါ၊ လှမ်းပြန်ပါသော်၊ ပေတရာနံဘေး၊ မီးဖိုကလေးနဲ့၊ တည်ရေးမြင်ခြင်း၊ သံအိုးကင်းတွင်၊ ဆီသွင်း၍ ကြော်သလို၊ ခေါ်ပုံက မနဲ့၊ လက်လုပ်မုန့်ဟု၊ ဖြစ်ပုံ့သဘော၊ ပဲကြက်သွန်ရောနှော၍၊ လာသောသူအများ၊ ဝယ်စားကြ တချို့၊ ထန်းလျက်ရည်ကို၊ အသာတို့လို့၊ မြိန်မသို့လို၊ ပလုတ်ပလောင်း၊ မြင်မကောင်းပေဘု၊ ဝမ်းဖောင်းအောင် မျိုကြပေသကိုး။

ရှေးဟိုတထောက်၊ လျှောက်သွားတခါ၊ ပေတရာတွင်၊ မိုးခါရေများ၊ လွန်တိုးငြားလေတော့၊ တံတားကျိုးပျက်၊ ချောင်း,မ နက်ကို၊ ဝါးယှက်သွယ်တန်း၊ နင်းကြမ်းပြုသုံး၊ ဝါးနှစ်လုံးကို၊ ရှန်းကာချည်တဲ၊ လျှော့နဲပျောင်းကုပ်၊ တလှုပ်လှုပ်နှင့်၊ စိတ်ရှုပ်စရာ၊ ကူးလျှောက်ခါလာခဲ့တယ်၊ အနန်းဘော်ရွာ၊ ရေးခါကြောင်းချင်း၊ မြန်မာမင်း၏၊ ကျွန်ရင်းအမှန်၊ ကိုယ်ပွားရုံသည်၊ ဖြောင့်ရန်အခင်း၊ ပွဲနင်းစံရာ၊ သီတာတင့်ကြောင်း၊ စစ်တောင်းခေါ်လေ့၊ မြစ်ချောင်းကွေ့၏၊ ကမ်းရှေ့ကမ်းနား၊ တည်ထားမြို့ရိုး၊ အုတ်ကျိုးအုတ်ပဲ့၊ ပျက်ခဲ့ယခု၊ လယ်တည်ပြုကြ၊ ရှုရစက္ခာ၊ ထိုဂါမာတွင်၊ ချမ်းသာပြကတော့၊ အင်အားဖြေလျက်၊ အေးမြေ့စေရာ၊ ကြည်စွာစမ်းလှဲ့၊ ဟိမဝန္တာ၊ ပြွန်ဌာနကာ၊ လျှောကျသကဲ့သို့၊ လှဲ့လှဲ့အခင်း၊ စီးဆင်းဇလာ၊ သွင်သွင်ဖြာကို၊ ကိုယ်မှာထေးပြစ်၊ ကြေးအညစ်တို့ကို၊ စွန့်ပစ်စင်ကြယ်၊ မြစ်သောင်

စွယ်တွင်၊ တင့်တယ်မညှိုး၊ ရေချိုးသုံးသပ်၊ ကဝါဖွပ်သို့၊ လပ်လပ်ဖြူစင်၊ စိတ်ကထင်တော့၊ ကြည်လင်တဲ့ဝမ်း၊ လွမ်းအေးချမ်းပါဘိတော့သကိုး။

ဤကဲ့သို့ နည်းစနစ်၊ အဆွတ္တနောင်ရစ်တဲ့၊ မှောင်ညစ်ခဲ့ကိလေ၊ ထိုကြေးတွေကို၊ ချီးရေပညာ၊ သုံးဆောင်ပါလျှင်၊ ခန္ဓာနာမ်ရုပ်၊ ဘာမဟုတ်တဲ့၊ သိုးပုပ်အိမ်သာ၊ ကဲ့ပမာလို၊ မရှုံရှာသဘော၊ အဇ္ဈတ္တဟု စောကြတဲ့၊ လောကုတ်လွတ် စိတ်မင်ရာကို၊ သက္ကာယ ပျောက်ကွာမှ၊ ထောက်မညာ အရေး၊ အထပ်ထပ် အညစ်ကြေးတို့ကို၊ တဖြေးဖြေး ပညာရေနှင့်၊ အခြေကျ ချိုးနိုင်မှ၊ အပါယ်မျိုး ပြုတ်ချည်တော့မကိုး။

အနန်းဘော် နဂရ၊ ထိုဒေသတွင်၊ ကြည်ဆွ ဟဒယေ၊ အပန်းပြေ သောကြောင့်၊ နေနေနားနား၊ ဆုတ်ခဲ့ငြားသော်၊ အင်အားမကုန်၊ ပဲနွယ်ခုံ သို့၊ ရောက်တုန်ခရီး၊ မီးရထားကို၊ အမြန်စီး၍၊ မည်ချီးမညှိုး၊ မြို့ပဲခိုးသို့၊ မိုးမချုပ်ခင်၊ ရောက်ထကျင်သော်၊ ဘဝင်တည်ငြိမ်၊ ကိုယ်တည်းအိမ်တွင်၊ သုခိန်မဆိတ်၊ တညအိပ်၍၊ ဦးဒိပ်နေထွက်၊ စဉ်မပျက်အောင်၊ ဆက်လျက် ကန္တာ၊ ပေတရာကို၊ လျှောက်ခါသွားရာ၊ လူးလာပြန်ခေါက်၊ တလျှောက် မခြား၊ မြင်းရထား–ဓာတ်ဆီရထား၊ လူအများကို၊ ပိုငြားအလျင်၊ ပဲခိုးနဲ့ သနပ်ပင်၊ ကုန်မတင် လူသက်သက်၊ လိုက်ကြသူ စိတ်မပျက်ပေဘု၊ အကွက် ကနယ် ကျလိုက်ပါဘိကရို။

## ခွန်းထောက် ၂ ဆစ်

ခြေနင်းစကြာ၊ ရှေးခါက စကားသုံး။ ။ ခုမျက်မြင် ဘယ်လိုကော ရယ်လို့၊ ပြောကြပါအုံး။ ။

အသွားလျင်လျင်၊ သနပ်ပင်သို့၊ ကြာခင်ထုတ်ချောက်၊ မပန်းခင် ရောက်လေတော့၊ တထောက်ခေတ္တ၊ စခန်းချ၍၊ သူရိယရောင်၊ ညှိုမှောင် မဆိုက်၊ နေစောင်းခိုက်တွင်၊ ထလိုက်တခါ၊ မြန်းကြပါသော်၊ ပေတရာ လမ်းကျဉ်း၊ လှည်းရထား အသွားကင်းလျက်၊ ကျောက်မခင်း မြေသက် သက်၊ အသွားရ မခက်၊ ကွင်းလယ်ကွက် ဝဲယာ၊ ကျွဲနွားစာ ကောက်ရိုးပုံ၊ အုံ့မကုန် ပေါ်များ၊ လယ့်ရှင်တို့ ထားကြသည်၊ အဝေးသား ဟိုဆီ၊ မှုန်ရီရီ ထင်မှား၊ ရှေးငွတ္တိုဘုရားဟု၊ စိတ်ထားက ကြည်ညို၊ ကုသိုလ်ကံ မနော၊

ဘယ်ဖော့နှင့် ဝိထိ၊ ဘယ်စိတ်နဲ့ ညှိရပ၊ နီးတော့မှ ကောက်ရိုးပုံ၊ ရှေး
အာရုံ ကင်းပျောက်၊ ဖောပြန်ကာ ဖောက်လေသည်၊ လျှောက်ခဲ့မလွဲ၊ ကမာစဲ
ဗိုလ်တဲသို့၊ ဖြုန်းခနဲရောက်၊ နေရောင်စွယ် ပျောက်လေတော့၊ တထောက်
ဖြေစိတ်၊ တညအိပ်၍၊ ဦးဒိပ်ရှေ့ရပ်၊ နေထွက်လတ်သော်၊ မပြတ်ဆက်ခါ၊
ထွက်ခဲ့ရာဖြင့်၊ လမ်းတာမဆိုး၊ လယ်ခြားရိုး ကန်သင်း၊ လျှောက်နင်းသာ
လှမ်း၊ လှည်းလမ်းမဖုံ၊ ရွံ့ပုံစေးထပ်၊ ဖိနပ်ကပ်လျက်၊ ချပ်ခါချပ်ခါ၊ ခွာပါ
မကျ၊ ဆားရတဲ့မြေ၊ အေးလေမြမြ၊ နှင်းရေစသောကြောင့်၊ ဖုန်မထ စေး
ထန်းထန်းနှင့်၊ လှည်းလမ်းကို လျှောက်ခဲ့ပါ၊ သာယာတင့်ဆိုင်း၊ ကုက္ကိုပင်
စီကာဝိုင်းလျက်၊ ခြားပိုင်းမဝေး၊ ရစ်ကန်ကလေးခေါ်၊ ရွာက ကျော်၍၊
ရှေ့သော်မြင်လတ်၊ သံကြိုးပတ်တော၊ မင်းစောသမုတ်၊ မြက်ဖုတ်နှင့်
ကိုင်း သက်သက်၊ သစ်ပင်မှာဗလာဖက်လျက်၊ လဟာပျက်–ပင်လယ်တိမ်၊
ဘယ် ဖော့နှင့် ချိန်လေသိ၊ လိမ်လိမ်ရှိုက်ရှိုက်၊ မှတ်တိုင်စိုက်အမြင်၊ ကြိုးတွင်း
ဝင်၍၊ တွင်တွင်သာလျှောက်၊ ဘေးပေါက်ဂါမ၊ ထိုရွာကလျှင်၊ ခွာကာ
တထောက်၊ ရွာဘလောက်သို့၊ ရောက်ခဲ့တခန်း၊ အပန်းဖြေဖြေ၊ အနေကျကျ၊
အားပါးရအောင်၊ ခေတ္တမသွေ၊ အမောဖြေ နားလေမှ တော်တော့မကိုး။

ဩော်... ဘလောက်ရွာလဲ၊ ရှေးခါမဆိတ်၊ ကမ်းထိပ်ပင်လယ်၊
ခဝယ်အပြော၊ ပင်လယ်ကောလို့၊ လယ်ရောအင်းလုပ်၊ ဝမ်းစာကို ထုတ်
ကြတယ်၊ ယုတ်သူယုတ် ကောင်းသူကောင်း၊ ကျိုးကြောင်းမဆိုင်း၊ ရှေး
တလိုင်းတို့၊ ပျော်ပိုင်းဌာန၊ ပင်လယ်ဝတွင်၊ နေကြမည့်၊ ကွင်းထီးသီး၍၊
ဟီးဟီးဟူးဟူး၊ လေရူးဝေ့တိုက်၊ ပူအိုက်နေ့ခါ၊ ညမှာညလျှောက်၊ ချိန်ရောက်
ဝိဝိ၊ နာရီကိုးချက်၊ တီးနက်မြည်ကြွေး၊ အခါပေးကာမှ၊ အအေးသို့ ရောက်
တော့သကိုး။

## ခွန်းထောက် ၂ ဆစ်

နေ့ခါမူ လေပူက,တိုက်တိုး။ ။ ခိုရဘာ ရုံဖြူကုပ်မှာ၊ ချွေးငုပ်
ချက် ဆိုး။ ။

ညဥ့်ခါချိန်လယ်၊ ကောင်းကင်ဝယ်၍၊ ရှဖွယ်တင့်ဆန်း၊ ရောင်လျှမ်း
ကြည်လင်၊ ခုနစ်စင်သည်၊ ပင့်ချိကြွထောက်၊ အမြီးမြှောက်သော်၊ ချိန်

ရောက် ဤခါ၊ ရှစ်မျက်နှာမှ၊ ထွက်လာမီးများ၊ တောင်နဲ့မြောက် ရှေ့နောက် သွားလျက်၊ ဆန်းပြားထူးထွေ၊ ကြောင်းအခြေကို၊ သေချွေစစ်ဆေး၊ စုံစမ်း မေးသော်၊ ဖြစ်ရေးလင်းသိ၊ ပါဏာတိပါတ၊ လုဒ္ဒကတို့၊ ပြုကြရက်စက်၊ တွင်းထွက်ကြွက်ကို၊ လုံချက်မတိမ်း၊ သုံးခွ မိုန်းနှင့်၊ ကြိမ်းကာ ထိုးနှံ၊ သေဒဏ်ဆိုက်ရောက်၊ ဖြစ်တုန်မြောက်က၊ ကောက်၍သာယူ၊ ကောင်ဟူ သမျှ၊ ရေတွက်ဆသော်၊ ရာက,မလျော့၊ မပေါ့တဖြာ၊ ရေခွာခွံဆုတ်၊ အသား နုတ်၍၊ မရှုပ်ဝမ်းတွင်း၊ ရေနှင့်ကျင်းပြီ၊ နနွင်းဆားနယ်၊ နောက်ဝယ် ဆီကြော်၊ ညှော်ခဲ့သင်းသင်း၊ ခံတွင်းလျှာရည်၊ ကျသည့်ရွှင်ရွှင်၊ စားချင်ရမ္မက်၊ နှစ်သက် သူများ၊ ဝယ်စားအမြဲ၊ တပဲတကောင်၊ မရှောင်မငြင်း၊ ဝမ်းစာသွင်းကြတယ်၊ ပျော်ခင်းတခု ပါပေပဲကရို။

## ခွန်းထောက် ၄ ဆစ်

ညညတိုင် မီးတွေသွား၊ ဘာလားလို့ မေးစစ်သော်။ ။ မုသိကာ တွင်းအထွက်၊ မိုန်းချက်နဲ့ ဆော်။ ။ ရေဆုတ်ခွာ သူ့အသား၊ ခွဲငြား၍ ဆီနှင့်ကြော်၊ သင့်လျော်တဲ့ဈေးပေပဲ။ ။ ဝယ်လို့မြဲကြတော့၊ တပဲတကောင် ပ၊ ကြက်ပေါင်ကြော် ရသာတုံးလို သုံးကြသဟဲ။ ။

ထိုဘလောက်ရွာ၊ တွင်ကြောင်းမှာလဲ၊ ဝေါဟာမပြား၊ မြေပေါက်ငြား တဲ့၊ မြက်ကားဘလောက်၊ စွဲယူကောက်၍၊ မှည့်ထောက်ရွာတည်၊ ရှိကြ သည်ဟု၊ တည်တည်ပြန်ကြား၊ ပြောစကားကို၊ မှတ်သား၍သာ၊ ထိုသည့် ရွာမှ၊ ထ,ကာတထောက်၊ ခရီးကောက်သော်၊ လျှောက်ခဲ့လမ်းတာ၊ လဟာ ကျွန်းသောင်၊ ဆားရောင်ကွက်ထောက်၊ သဲမြေပေါက်သည်၊ ပင်ရောက် ဖြိုက်ချုံ၊ ခုံနှင့်ကမူ၊ ပလူခင်ပင်၊ စိမ်းလွင်လူလူ၊ နန်းတော်သူမျက်ခုံး၊ ခေါ် သုံး ဝေါဟာ၊ တိဏာပါဝင်၊ ထို့ပြင်မြက်ထောက်၊ ပေါက်ရောက် နွားမြက် ရင်း၊ တခင်း မြင်းသေမြက်၊ ရောယှက်ကိုင်းနှော၊ ဆောက်လိပ်နဲ့စင်းချော၊ နှစ်မည်ပေါ်သည်၊ မြက်တောဒယ်ဖုတ်၊ ဖုံးအုပ်တဲ့အောက်၊ ဘေးကိုကြောက် ၍၊ တထောက်မသွား၊ ဝပ်ပြားမြေအောင်း၊ ခယောင်းပျက် ကျွဲခြေရာ၊ ရှိ သည်မှာကို၊ တံငါကေဝဋ္ဋ၊ ဓီးဝ ဝမ်းကျောင်း၊ ပြုတုန်ရှောင်းသော၊ မကောင်း

ကျင့်သူ၊ ထိုထိုလူတို့၊ ချင့်မူချို့သည်၊ ရှို့မြို့ကျက်မီးတိုက်၊ ရှိနေခိုက်တွင်၊ ရှေ့၌ ဆီးကြို၊ မျက်ရည်ယိုနှင့်၊ ငိုသည့်အတူ၊ အပူဘေးရောက်၊ သေရေးကြောက်လို့၊ ကျင်းဖောက်၍ထွက်၊ ပြေးခွာထွက်သော်၊ ရှေ့တက်လိပ်ကြီး၊ နောက်မှီး လိပ်လတ်၊ မီးဟပ်လိပ်ငယ်၊ ထိုသုံးသွယ်ကို၊ ကောက်သယ်ယူခြင်း၊ ပလိုင်းအိတ်–သိပ်ခါသွင်းလျက်၊ မြင်တွင်းစိတ်ပျက်၊ ဖြစ်ရချက်ကို၊ အသက်ဝမ်းရေး၊ ပြုလုပ်ခါ မွေးကြတယ်၊ မအေး စိတ်နောက်၊ တွေ့ရတာကြောက်ပါဘိ၊ မလျောက်ပတ် တောလိုက်၊ ဒုစရိုက်ပွား၊ အကုသိုလ်များ တာမို့၊ အပယ်သွား အခြေကုန်အောင်၊ ရေစုန်လိုက်မဲ့လူများ ပါကလား ကရို။

## ခွန်းထောက် ၄ ဆစ်

မြက်ခြောက်ခင်း၊ မြေကျင်းနှင့် ခိုအောင်းရှာ။ ။ မိဂသီ လိပ်စုဌ့၊ တို့မှာ၊ ချမ်းမြ နေရာ။ ။ မသမ္မာ မှုစရိုက်နှင့်၊ မီးတိုက်လို့ ရှို့မြို့ကျက်ခါ၊ လိုက်ရှာတဲ့ သူတို့။ ။ မျက်ရည်စက်ကယ်နှင့်၊ တွင်းထွက်ခွာ လိပ်ယောင်ယမ်းတို့ကို၊ ဖမ်း၍ ယူလို့။ ။

ရှေ့သို့ ဆန့်တန်း၊ ထပ်ခါလှမ်းသော်၊ ရေလမ်းပင်လယ်၊ ကူးသွယ်သသော်၊ ရေကျောမှတ်ရာ၊ ပြရှာမှတ်ထုံး၊ ဘော့လုံးဧရာ၊ မြစ္စာချမှတ်၊ ထိုသည့်ရပ်ကို၊ ကျွန်းထပ်ဖြစ်သော်၊ သဲသောင်ပေါ်၌၊ ကျော်ခဲ့လေ့လေ့၊ မရွှေ့မရှား၊ ဘော့လုံးနား၌၊ ရွာကားတည်ပြု၊ နေထိုင်စုကြတယ်၊ မည်ခုပဝတ္တာ၊ ဘော့ရွာ ပညတ်၊ ထိုသည့်ရပ်မှ၊ ဖြတ်ခဲ့တခန်း၊ လှမ်းခဲ့တခါ၊ ကုက္ကိုရွာကို၊ မကြာတထောက်၊ မပန်းခင် ရောက်လေတော့၊ အမောပျောက်ဖြေငြား၍၊ နေနားမှ တော်တော့မကိုး။

ကုက္ကိုရွာကား၊ ထင်ရှားနာမံ၊ ကြံရန်မလို၊ ကုက္ကိုဘင်္ဂလား၊ စိုက်ထားတည်ပြု၊ ကုက္ကိုစုဟု၊ ယခုတခါ၊ ကုက္ကိုရွာခေါ်၊ နေသော်လူများ၊ မျိုးခြားတရုတ်၊ မရှုပ် တလိုင်း၊ ထက်ပိုင်း ညာသား၊ နေကြငြား၏၊ လေကားလွန်တိုက်၊ ခါးပိုက်အဝတ်၊ ကျွတ်လွတ်စရာ၊ ကိုင်ခါသိုသိပ်၊ တဆိတ်မရ၊ ထိုင်ထ,မနိုင်၊ ခွေယိုင် စိတ်နွမ်း၊ လေပူက ဖျန်းတာမို့၊ ပင်ပန်းလိုက်ပါဘိတော့ ကရို။

## ခွန်းထောက် ၄ ဆစ်

တစ်ကိုယ်လုံး ဖုန့်တုံးကတဲ့ ဖြစ်လို့ကုန်။ ။ ဝါယောမောင် အတိုက် ပြင်းတာမို့ ခင်းမလှကြဲ့။ ။ ကိုယ်ဝယ်ကို အားကုန်ဖုံးပါရ၊ တမြုန်လုံး ပေါ်မည့်ပုံ၊ လေဟုန်က အတွင်တိုး။ ။ ရေမချိုးလျှင်ဖြင့်၊ ညစ်မျိုး ကုဋေ ခြုံလို့၊ တချွေပုံ ရုပ်ရေစုန်းလို၊ မုန်းကြမည်စိုး။ ။

ဩော်... ကုဏ္ဍိုရွာက၊ တခါထွက်ချီ၊ ကွင်းလျားရှည်ခေါ်၊ ဂါမော် ထိုရပ်၊ ရောက်လတ်သောခါ၊ နေရာတဲတွင်း၊ ကနားဖျင်းတွင်၊ နေခင်း သန့်ပြန့်၊ အခန့်စီစဉ်၊ ရာဇဝင်ကျိုးကြောင်း၊ ထုံးဟောင်းပေါ်ရာဏာ၊ သေချာ စစ်ဆေး၊ အရေးမပေါ်၊ ရှိသော်လေငြား၊ ထိုရွာသားတို့၊ ပျော်ပါးနေထိုင်၊ ထက်အောက်ပြိုင်လျက်၊ လယ်ပိုင်ရှိနည်း၊ ကူလီချည်းဖြင့်၊ နေမှီးဂေဟာ၊ ခြောက်ဆယ်သာ၊ ချောင်းညာလက်တက်၊ ကမ်းထက်နဖူး၊ ရွာတည်ပုံထူး လှ၊ ကွင်းထိပ်ဦး ပြင်လဟာမှာ၊ နိစရာ အိမ်က ထွက်လျှင်၊ တချက်ကမှ မမြင်ပါကလားကရို။

## ခွန်းထောက် ၂ ဆစ်

ကွင်းလျားရှည် အမည်နှင့်မလွဲ။ ။ တောင်မြောက် သောင်ပြင် ကောတာမို့၊ တောမရှိပဲ။ ။

ကွင်းလျားရှည်ရွာ၊ ထိုဂါမာက၊ ခွာကာတထောက်၊ ကုလားချောင်း သို့၊ ပြောင်းခါရောက်သော်၊ သစ်မြောက်နေခင်း၊ ကျောင်းရံတွင်း၌၊ ကျင်းခဲ့ သပ်ရပ်၊ ဇရပ်နဲ့ကပ်ပြီးလျှင်၊ မဏ္ဍပ်ကနားဖျင်း၊ မြေတလင်းတွင်၊ ခင်းတဲ့ ကောက်ရိုး၊ ဖျာတမျိုးကဲ့သို့၊ မညှိုးအောင် အိပ်ရတော့သကိုး။

## ခွန်းထောက် ၂ ဆစ်

ကုလားချောင်း ဂါမာ၊ သာယာလှ ရွှေကျောင်း။ ။ ဇရပ်နှင့် တွဲပါလို့၊ ရံတဲမြေအခင်းမှာ၊ ကျင်းခဲ့ရကြောင်း။ ။

ကုလားချောင်းရွာ၊ ခေါ်ဆိုတာမှ၊ ရှေးခါဤချောင်း၊ ငါးဖမ်းရောင်း သည်၊ လုပ်ပေါင်းတံငါ၊ ကုလားတို့ နေရာသည်ကို၊ သေချာမဝိုက်၊ ကုလား ချောင်း သမိုက်၍၊ ပျော်ပိုက်ရွာတယ်၊ ကျိုက်ထိုနယ်က၊ ကုန်စယ်မိလကျွ၊ လာရောက်ခါစုကြသည်၊ ယခုဖြင့် ဖောက်သောက်၊ လူမျိုးစုံ ရောက်အပေါက်၊

အဖောက်ဖောက် အပြန်ပြန်၊ ရိုင်းစော်နံ့ တသက်သက်၊ အရက်ကို ချက်သူ ချက်၊ ကစားဝိုင်း ဆူပွက်လျက်၊ ကက်ဆွဲကြ တညံညံ၊ ယောက်ျားနဲ့ မိန်းမ သံ၊ ကြားရချက် အဖန်ဖန်၊ မင်းမရှိ နိုင်ငံသို့၊ ဖြစ်ကြပာန် သည်အရေး၊ စိတ်မအေး ရှိလိုက်ပါဘိတော့တယ်။

## ခွန်းထောက် ၄ ဆစ်

ကစားမျိုး အားကိုးတဲ့ ထိပုတွေ။ ။ သေအရက်–ချက်ထည့်ကာ ဝမ်းစာကျောင်း၊ ရောင်းချတစေ။ ။ အကုသိုလ် စရိုက်ပြောကြ၊ တော အလိုက် နေအခြေ၊ သဗ္ဗယေ ကွာငြား။ ။ ရာဇ ကင်းသကဲ့သို့၊ ထန်ပြင်း စွာ လူမှုဋ္ဌတို့မှာ လေးဝ ပါယ်သွား။ ။

ကုလားချောင်းမှ၊ ပြောင်းခဲ့တခါ၊ ရွာကသစ်ဝိုင်း၊ ရှေ့ပိုင်းဌာန၊ ဝိဟာရတွင်၊ ကြည်လင်ဝပ်ပျောင်း၊ နိဗ္ဗာန်ကျောင်း၌၊ ခိုအောင်း နားနေရ ပေသည်။

## ခွန်းထောက် ၂ ဆစ်

ကသစ်ဝိုင်း ဂါမာ–နေရာကျ ဝိဟာကောင်း။ ။ ခိုရလေ နိဗ္ဗာန့် ကျောင်းမှာ၊ အေးပါဘိ တောင်း။ ။

ပြောင်းခဲ့တခါ၊ ထိုသည့်ရွာမှ၊ ရှဲခွာတထူး၊ ကုလားချောင်းကို၊ ကျော်ခါကူး၍၊ ကြူးခဲ့တံခွန်တိုင်၊ ချောင်းနှစ်ဖက် ယှဉ်ပြိုင်လျက်၊ အိမ်ခိုင် ခန့်ခန့်၊ သန့်သန့်နေရှာ၊ ထိုသည့်ရွာမှ၊ မကြာထုတ်ချောက်၊ နတ်ရေကန် ခေါ်၊ ရွာအမော်ကို၊ နေဝင်ကျော်လောက်၊ ပင်ပန်းစွာ ရောက်လေတော့၊ ချင့်ထောက်မယွင်း၊ တိရစ္ဆာန် ထောင်တွင်း၌၊ ခင်းကျင်းကာ နားနေရတော့ သကိုး။

## ခွန်းထောက် ၂ ဆစ်

နတ်ရေကန်၊ နာမံ ပျံ့သင်း။ ။ တိရစ္ဆာန် ထောင်အရိပ်မှာ၊ အိပ်ခဲ့ ရခြင်း။ ။

နတ်ရေကန်ဟု၊ နာမံဖြစ်လာ၊ ကြောင်းခြင်းရာကို၊ သေချာဆေး လေး၊ စုံစမ်းမေးသော်၊ မရှေးမနှောင်း၊ လှေပေါင်းကူးကယ်၊ ပင်လယ်

သောင်ကျွန်း၊ ပေါ်ထွန်းသည်ခါ၊ ထုံးဖြစ်လာသည်၊ ရေမှာတည်လို့ုင်၊ ထုံးအိုင် တင့်ဆန်း၊ ပင်လယ်ကမ်းနှင့်၊ ကွာလှမ်းမကွေ၊ ပေနှစ်ရာသာ၊ တောင်ဘက်မှာတွင်၊ ယှက်ဖြာကျူကိုင်း၊ ဝိုင်းလျက်ကာအုပ်၊ ဒိုက်ပုပ်မှိုက်ကင်း၊ နေခင်းက ဟုတ်သည်နှင့်၊ မရှုပ်ငှက်သံ၊ တိရစ္ဆာန်တို့၊ သောက်ရန်ရှောင်ကွင်း၊ ထုံးအင်းဖြစ်ချက်၊ မြရည်တက်သို့၊ ချိုလျက်မငန်၊ လူသုံးရန်ကို၊ နတ်ကန်အလား၊ ဖန်သောအားဖြင့်၊ ထင်ရှားဖြစ်ဟန်၊ ထူးသည် မှန်သောကြောင့်၊ ခြေခံမှတ်ရန်၊ နတ်ရေကန်ဟု၊ နာမံခေါ်ညွှန်း၊ ရွာတည်ထွန်းက၊ ရေယွန်းရွှေ့လျှော၊ ပင်လယ်ကောပြန်တော့၊ မြေကြောသဲထပ်၊ နေစပ် လယ်ကွင်း၊ တည်ကျင်းလဟာ၊ ရေငန်လာ၍၊ များစွာမဖြစ်၊ မြေသစ်သောင်နု၊ ရှုရပြင်ကျယ်၊ ပင်လယ်ဆိပ်ကမ်း၊ ရောက်အောင်လှမ်းခဲ့၊ ကူးသန်းလှေတက်၊ အောက်ထက်စုန်ဆန်၊ ငှက်သမ္ဘန်တချို့၊ ကူးတို့ပို့လှတင်၊ သဲသောင်ပြင် ကျယ်ပြန့်၊ မိုင်ဝက်ခန့် ရှိတရို၊ ငှက်၏ဓလေ့၊ ရေဦးမွေ့ကြ၊ မြူး၍ကြူးကြော်၊ ဘာသာလိုက် အော်သည်မှာ၊ ပျော်စရာတမျိုး၊ စည်သံစုံ နှိုးသလို၊ ပတ်ဒိုး ပလွေ၊ စည်းစုပ်ဘွေသို့၊ အခြေနှယ် လှလိုက်ပါဘိကရို။

## ခွန်းထောက် ၂ ဆစ်

ပင်လယ်သောင်၊ ရေရှောင်ကျရေးမို့၊ ဒီပြေးရှာ အချိန်ရောက်လို့ထင့်၊ ရေနောက် မထွေး။ ။ ကြည်ပုံက အေးလိမ့်မထင့်၊ ရေပြေးတာ တသုန်သုန်နှင့်၊ ငှက်ပေါင်းစုံ သဘင်ကျင်းကြတယ်၊ ညင်းငြီမ့် မြည်ကြွေး။ ။

ဟင်... ဟိုအောက်ဆီက၊ မြည်သံဟိန်းဟိန်း၊ မြေတုန်ယိမ်းသလို၊ အိန်းအိန်းအုန်းအုန်း၊ ဒုန်းဒုန်းဆူကြွက်၊ အသံက နက်ပါဘိ၊ ဖြစ်ပျက်အရေး၊ ဘဟာဟု တွေးရပ့်၊ မြည်ကြွေးတိုးလာ၊ ဘယ်ခြင်းရာလို့၊ ဘယ်ဟာဘယ်သင်း၊ ဘယ်အခင်းဟု၊ ရုတ်ချင်းမမြင်၊ ဟင် ပင်လယ် ဟိုအောက်၊ နှစ်ခေါ်လောက်က၊ ရေမောက်တက်လာ၊ ဒီဆိုတာထင့်၊ မြင့်ရှာဖွေးဖွေး၊ သောင်ထက်ပေါ်မှာ၊ လိမ့်ကာထွေးလျက်၊ ကမ်းတပြေးညီ၊ လာပုံပြင်းလှ၊ ဘယ်သင်းမှ စ,မသိနှင့်၊ ဒီနဲ့တွေ့မြောက်၊ လှေသမ္ဘန် အမှန်မှောက်ကဲ့၊ လှုပ်ချောက်တိတိ၊ ဒီလုံးသာ ဖိရလျှင်၊ စိစိကြေပျက်၊ အောက်ထက်သိမ့်သိမ့်၊ ဒိုးကိုလိမ့်သို့၊ လိမ့်ခါလိမ့်ခါ၊ စကြာရဟတ်၊ လှည့်ခါပတ် ထပ်ထပ်

ဖြာလျက်၊ ဗလဗွာပျောက်၊ ဒီဘေးရန် ကြောက်ကြရ၊ လှေမှောက်တဲ့ ပင်လယ် လမ်းမှာ၊ အေးချမ်းဖို့ မရှိပါကလား ကရို။

## ခွန်းထောက် ၂ ဆစ်

ဒီတက်သံ ဟီလျက်ညံ အဟုန်ပြင်းပါဘိ၊ မြင်တွင်း ပင်လယ်သောင်
သို့၊ ရေတောင်လို တိုး။ ။ ဝဲညြဃ ရယ်က၊ ကြွထဲ့ကာ အတွင်မှုတ်တာ
မို့၊ ရေလှုပ်ဖြာ လှိမ့်ကာဏ္ဍတယ် ကမ်းရေထိမိုး။ ။

နတ်ရေကန်က တဖန်ဆုတ်ခွာ၊ ရွှေ့ခဲ့ပါသော်၊ လမ်းမှာခေါ်သုံး၊ ကြာထုံးရွာဖြတ်၊ လယ်စပ်လှည်းလမ်း၊ သဲခင်တန်းကို၊ လှမ်းခဲ့တထောက်၊ လျှောက်ခဲ့တခါ၊ လာခဲ့ပါသော်၊ ဂါမာတင့်ဖြိုး၊ သရေတိုးမဲ့၊ ရွှေအိုးခေါ်မှတ်၊ ထိုသည့်ရပ်သို့၊ ရောက်လတ်သောခါ၊ နားရာတခန်း၊ အေးချမ်းရိပ်ငြိမ်၊ သူကြီးအိမ်တွင်၊ မွေ့သိမ်ရှင်ပျ၊ တည်းခိုရ ဒုက္ခရှင်းပယ်၊ ထိုရွာဝယ်လဲ၊ ရွေးချယ်အတည်၊ အမည်ပညတ်၊ အတ္ထုပ္ပတ်ကို၊ အတပ်မေးရာ၊ ရှေးဟိုခါက၊ ဤမှာသောင်ကျွန်း၊ ပေါ်ထွန်းဖြစ်လာ၊ မြက်ကျူပေါတဲ့၊ ကိုင်းတောမှာကို၊ များစွာကျွဲပေါင်း၊ ထိန်းကျောင်းခိုကိုး၊ တဲအုံထိုးလျက်၊ ရွှေအိုးနေထိုင်၊ ရှစ်ရပ်ပြိုင်က၊ ခိုင်ခိုင်မည်စွဲ၊ ရွှေအိုးတဲဟု၊ ခေါ်ဆဲအခါ၊ တဖြာလူပေါင်း၊ ရွှေ့ပြောင်းလာရောက်၊ ရွာတည်မြောက်သော်၊ မဖောက်အတိတ်၊ နိမိတ်တင့်ဖြိုး၊ သရေတိုးအောင်၊ ရွှေအိုးဝေါဟာ၊ ဩဘာမြည်ကြွေး၊ ရွာမည် ပေး၍၊ လုပ်ရေးလယ်တာ၊ နေရှာ လူများ၊ အထက်သားအောက်၊ လာရောက်ပေရာ၊ မြန်မာကရင်၊ ရှေးစဉ်မပျက်၊ နှစ်သက်ကြည်စွာ၊ ဗုဒ္ဓါရတန၊ ဘာသာ့အယူ၊ မငြူမကွက်၊ စိတ်လက်ဖြောင့်ဖြောင့်၊ ဥပုသ်စောင့်တရားနာ၊ အာသာစွဲမြဲ၊ စိတ်ဖောက်ပြန်၍၊ ကြံမလွှဲ အားခဲလျက် ကိုယ့်အယူ၊ ဘယ်ဓောကြောင့် ဖျူပါလိမ့်။ သည်သူတို့ သမာဓိ၊ အာစရိ ကောင်းလိုက်ပါဘိတော့တယ်။

## ခွန်းထောက် ၂ ဆစ်

ဖြောင့်အယူ ကြည်ဖြူကြ စိတ်ထား။ ။ ခြားဘာသာ ဝင်မတိုး
နိုင်ဘု၊ ညှိုးဘု လူများ။ ။

ရွှေအိုးရှာမှ၊ ရှေ့ဆီလှမ်း–ရော်ရမ်းခါ ဆ လိုက်ပါ၊ ကန္တာရများ ပင်လယ်ခြား၊ ရှေ့ပါးတခို၊ တောင်စိုစို ကုန်းထပ်ထပ်၊ လျှိုမြောင်ချပ်, အသွယ်သွယ်၊ ကျိုက်ထိုနယ်တဝိုက်၊ ဘီလင်းကို ဆိုက်ကရော့၊ တောင် ငိုက်ငိုက် ဝိုက်ချွန်းချွန်း၊ တောဝန်းဝန်း တောင်တန်းတန်း၊ တောင်နှာရန်း တောင်နှာမောင်း၊ တောင်စောင်း တောင်မြင့်၊ စွင့်စွင့်ဖြိုးဖြိုး၊ ကျူက်ထီးရိုး တောင်၊ မြောင်ကာထပ်ကာ၊ ရိပြာမြူအုံ၊ တောင်လုံးခြုံသော်၊ မှုန်ခဲ့ တခါ၊ ပြာခဲ့ ခဏ၊ မီးခိုး ထ,သို့၊ ကြွခဲ့ တပုံ၊ တိမ်ဘုံလေငွေ့၊ တိုးကာ ခွေ့သော်၊ ရွှေ့ခဲ့ တခါ၊ ခွာခဲ့ တရစ်၊ လှစ်ခဲ့ မြူခြည်၊ ယိမ်းသွေ ဖည်လျှင်၊ ကြည်ခဲ့ ထိုတောင်၊ ပြောင်ခဲ့သပ်ရပ်၊ ပြာသာဒ်လိုလို၊ မိုမိုမောက်မောက်၊ ရှင်ဝမ်း မြောက်ပါဘိ၊ တထောက် ဟိုစွန်း၊ ကမ်းရွှေ့ယွန်းလို့၊ ဝိုက်ချွန်းနေခင်း၊ တောင်ခြေရင်းကို၊ ကပ်ချဉ်းပင်လယ်၊ ဦးတိုက်နယ်သို့၊ အုံ့ဖွယ်မြင်ရ၊ ကေလာသဟု၊ နာမတံဆိပ်၊ တောင်ထိပ်ဝေစည်၊ စေတီဖြူဖြူ၊ စုမူမြင် တွေ့၊ ဘဝင်ခွေ့သဖြင့်၊ ချမ်းမြေ့အထူး၊ ဝန္ဒနာကျူး၍၊ ရှိဦးတင်ရ၊ ကြည်နူး ပုံ လှလိုက်ပါဘိတော့တယ်။

## ခွန်းထောက် ၄ ဆစ်

ရှေ့ဆီလှမ်း ရော်ရမ်းလို့ ကြည့်ခါမျှော်။ ။ ကေလာသတောင် ပေါ်–စေတီတော် နေပုံထူးတယ်၊ ဖူးရပြန်သော်။ ။ ရေပင်လယ် ကမ်း တိုက်လို့၊ ဦးခိုက်တဲ့ ပုံသို့နော်၊ ဒီအော်လို့ ပြန့်ကြဲ။ ။ မြူခြည် ဆို့လျှင် ဖြင့်၊ ရည်လို့နော် မျှော်ခါမှန်းလို့ရယ်၊ ရမ်းဆ နိုင်ဘဲ။ ။

မိန်ရာသီပြောင်း၊ တပေါင်းလကုန်၊ ရောက်တုန်စိတြ၊ မိဿရာသီ၊ နာရီမကြူး၊ တန်ခူးလခေါ်၊ ကံ့ကော်–ဇလပ်၊ ရင်ကပ်မွှေးထုံ၊ တောရဂုံမှာ၊ ခိုလှုံကျေးငှက်၊ ထွေးယှက်တွန်ကျူး၊ ပျော်မြူးကြရာ၊ ဘာသာမာဂဓ၊ ခွန်း နှုတ်ဟလျက်၊ ဗြဟ္မဏခေါ်လှစ်၊ သံဝစ္ဆရ၊ နှစ်သင်္ကမှာ၊ ဗြဟ္မဦးခေါင်း၊ တလက်ပြောင်းသော်၊ နှစ်ဟောင်းကုန်ကျွန်း၊ နှစ်သစ်ထွန်းသား၊ နှစ်စွန်း တက်ခန်း၊ ရေဖျန်းသဘင်၊ ပျော်ရွှင်ကစား၊ ပြည်သူများတို့၊ ခါအား အလျောက်၊ ဝမ်းမြောက်ကြရာ၊ ရတနာသုံးပါး၊ ဆည်းကပ်ပြားလျက်၊ ဂုဏ် အား ထွန်းပ၊ မိဘဆရာ၊ ဂုဏာဝုမ္မို၊ ကြီးဘိထင်ရှား၊ ပုဂ္ဂိုလ်များကို၊

ဝပ်ထွားကော်ရော်၊ ပူဇော်မယွင်း၊ ဘုရင်မင်းတို့၊ ရှိရင်းဟိုခါ၊ မင်းတကာက၊ ပဏ္ဏာဆက်ရောက်၊ ဘုန်းတောက်တေဇာ၊ ပလ္လင်သာ၌၊ ဆိုက်ခါဝပ်ပျောင်း၊ ကျေးကျွန်ပေါင်းတို့၊ ဦးခေါင်းနှိမ်ချိုး၊ လက်စုံမိုးလျက်၊ ရှိခိုးမာန်လျော့၊ ကန်တော့ခံရာ၊ မင်္ဂလာသဘင်၊ ရေဖျန်းယင်သည်၊ ကြည်လင်ရှေးက ဖြစ်ပေသည်။

## ခွန်းထောက် ၄ ဆစ်

ဆုံနှစ်ကတဲ့ ရာသီခွင်။ ။ သင်္ကြန်ရာဇ် တခါပြောင်းလေတော့— လောင်းကြ ရေစင်။ ။ ပြည်နေသူ ရွှင်လန်းလို့၊ ရေဖျန်းတဲ့ သည် သဘင်၊ ဘုရင်တို့ စံမြဲ။ ။ ယခုဖြင့် ခဲကြရ၊ ဟိုနဲ့လို အခါချွတ်တာမို့၊ ပြွတ်နှင့် ရေကြဲ။ ။

နှစ်သစ်ကူး အတာ၊ သင်္ကြန်ခါတွင်၊ ဘာသာဗုဒ္ဓ၊ ရှိကုန်ကြသော၊ ဒေသများစွာ၊ မြို့ကျေးရွာတို့၌၊ နေရှာလူပေါင်း၊ ခြိမ့်ခြိမ့်သောင်း ကျောင်း ဘုရားမြတ်၊ ဆည်းကပ်မယုတ်၊ ဥပုသ်သီတင်း၊ စောင့်ခြင်းစင်ဖြူ၊ အလှူ ဒါန၊ ပြုကုန်ကြ၏၊ ဉာဏသမ္ပယုတ်၊ စိတ္တုပ္ပါဒ်ဇော၊ မနောကြည်ရွှင်၊ ခါ ကောင်းယင်ကြ၊ ဘယ်ဘွင်မလစ်၊ ခေတ်ဒုလ္လဘ၊ ဖြစ်ခဲတဲ့ဘဝမို့၊ အားရ စရာ၊ လူ့ချမ်းသာကို၊ ဟန်ပါပါ ရငြား၍၊ မမှားအောင် ဤတရား၌၊ လိုက် စား နိုင်ကြပါပေသကိုး။

ဩော်... ငါလဲထို့နှယ်၊ အေးဖွယ်ညွတ်ပျောင်း၊ ရွှေအိုးကျောင်း တွင်၊ ကိန်းအောင်းရှင့်ထံ၊ သီလ ခံ၍၊ ဖြောင့်မှန်မတိမ်း၊ စောင့်ထိန်း တည်ပ၊ အရွှတ္တ၌၊ မွေ၍ ထ သော၊ လော—ဒေါ—မော—ဟ၊ ထပ်ကျော ရန်ဘေး၊ ညစ်ကြေးစိတ်ယုတ်၊ အတွင်းငုပ်လျက်၊ ချုပ်နှက် ဟန့်တား၊ နှစ်ပါးဆီးခတ်၊ ဖြောင့်မတ်မရှိ၊ သို့ဖြစ်ဖိသို့၊ မငြိမချုပ်၊ ခတ်မငုပ်အောင်၊ စွမ်းထုတ်နိုင်ညြ၊ လော—ဒေါ—မောတို့၊ ကျလျှောဆင်းသက်၊ တွင်းခတ် ပျက်ဖို့၊ အချက်ကျသုံး၊ တင့်ဆုံးရတနာ၊ လက္ခဏာထင်ရှား၊ ဘာဝနာများ ကို၊ ပေါင်းငြားကြိတ်နယ်၊ ညြဇာကြွယ်သည်၊ အန္တရာယ် ပ,ဝေး၊ တားဆေး သမုတ်၊ ဝမ်းနုတ်ညြသခ၊ ဖြောဖြောကျအောင်၊ အခေါင်ယဉ်ဆုံး၊ ဘုရား ဆေးမြတ်၊ ဘေးမကပ်ကို၊ မပြတ်သုံးလျက်၊ ကုထုံးဥပဒေ၊ ဝေနေသုခ၊

လက္ခဏာသဘော၊ ကျမ်းအဟောကို၊ မနောခွ် ကြည်လင်မှ၊ ပြည်ခွင်နှင့် နီးတော့မကိုး။

## ခွန်းထောက် ၄ ချိုး

တဏှာကို အိမ်မဖွဲ့နိုင်ဘု၊ ခန္ဓာကိုယ် မငြိမ်တဲ့ဟာက၊ အချိန်နဲ့ မမှတ်သာ။ ။ သဇ္ဈိ–ဋ္ဌိက ဘင်ကိုဆန်၍၊ ဘဝင်ခံ စုတေတတ်တာက၊ အင်မတန် လူ့ပြည်ကျပ်ပါကလ၊ ကျမ်းမြွက်အလာ။ ။ မရဏာသန် ငါးဖြာကျ လျှင် လ၊ ခန္ဓာနံ သွားရှာရချည်တော့၊ တားပါက မနိုင်ပါ။ ဓမ္မတာပ၊ မြေလက်တီး။ ။ အနိစ္စပင်၊ စိတ်က ကိုယ်မှာ ထင်၍၊ ခံချင်တာ ဗလာဝေးပါရဲ့၊ မှန်တင်မှာ နံ့သာကလေးရယ်နှင့်၊ ဟန်ပြင်ကာ ခန္ဓာမမွေးချင်ဘုကွယ်၊ ဘေးကြောက်ဖွယ်ကြီး။ ။

## အမှာခွန်းထောက် ၂ ဆစ်

တော်ပါပြီ၊ တော်ပီဗျ–တော်ပေါ့။ ။ တော်စာကို–တော်ရာ ကြည့်လို့ရယ်၊ ညည်းနှင့် တော်တော့။ ။

အသက် ၅၀ ရွယ်က ခရီးသွားရင်း ဆိုသော စာဖြစ်၏။ သတ်ပုံမကိုက်သည်ကို အပြစ်မမြင်နှင့်၊ ကာရန်သွားကိုသာ အားထားခြင်း ဖြစ်သည်။

ငှင်းရွှေအိုးရွာက ကြေးတိုင်စစ်ဆေးခြင်းအလုပ် ပြီးငြိမ်းသောကြောင့် ကြေးတိုင်ရုံးရှိရာ ရန်ကုန်သို့ ပြန်ကြသည်။ မိမိလည်း မော်ဘီမြို့ ကျေးဇူးရှင်မိခင် ရှိရာ နေအိမ်ကို ပြန်ပါသည်။

**စော** ။ ။ ဖတ်လို့ဖြင့် ကောင်းပါပေ့၊ အတွေ့အမြင်ကို ချက်ချင်းရေးစပ်တော့ စုံပေတာပဲ။ နို့ ကြေးတိုင်ဝန်မင်းက ဘယ်လို မိန့်ပါသလဲ ဆရာကြီး။

'ကြေးတိုင်ဝန်မင်းက ဖတ်ရတာ ကောင်းတယ်။ အချိုး သီချင်းများကိုလဲ ဖတ်ရတာ ကောင်းတယ်လို့ ငှင်းစာကို သိမ်းထားပါသည်။ ကြေးတိုင်စာရေး ကိုစံဒွန်း၊ ကိုထိုက်တို့က ကူးယူပြီး အရကျက်ထားကြပါသည်'

**စော** ။ ။ အရပ်ရပ် မှတ်ရသားရ၊ ဖတ်ရကြား၍ ပဏ္ဍိတ

သေဝန မင်္ဂလာနှင့် ဗဟုသစ္စ မင်္ဂလာ အများကြီး ရပါပေသည်။ ဟော... တစ်ချက်တီးပြီ။ ဆရာကြီးလဲ ပုတီးစိပ်ချိန် ကျပြီ။ ကျွန်တော်လဲ ဈေးကို သွားလို့ ကြိမ်ဝယ်စရာ ရှိသေးတယ်။ နောက် အားလပ်တဲ့အခါ လာရောက်ပြီး နောက်ဆက်တွဲ ပြုပါရစေဦး။ ကျွန်တော် ဦးတင်ပါ၏။ အခွင့်ပြုတော်မူပါ။

'အင်း... ကောင်းပါပြီ၊ ပြန်ပေဦးတော့။ နောက် အားလပ်လျှင် လာနော်။ ချမ်းသာပါစေ၊ ချမ်းသာပါစေ၊ ချမ်းသာပါစေ'

**ဣန္ဒိတံ-ပဏ္ဍိတံ-တုယှံ-မိပ္ပ-မေဝ သမိဇ္ဈတု။ ။**